http://www.dhammadownload.com

ရွှေပါရမီစာစဉ်(၇)

# အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

# အိုဘယ့်အလှူရှင်



သတ္တမအကြိမ်

ရွှေပါရမီ စာစဉ်(၇)


http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# အိုဘယ့်အလှူရှင်



ရွှေပါရမီစာစဉ်(၈)

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၀ အမှတ်(၄)

စာမူခွင့်ပြုချက်
၃၂၀၃၄၀၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်
၃၂၀၂၉၆၀၆၀၈

၂၀၀၈ ခုနှစ် ● ဇွန်လ ● သတ္တမအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ
နေဝင်းအောင်

စာအုပ်ချုပ်
ကိုဇော်ဝမ်း

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်
အမှတ် ၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့
အမှတ် (၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဖြန့်ချိရေး

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့
အမှတ် (၆၁)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်။
(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

တန်ဖိုး ၈၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ မြစိမ်းရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

### အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ

## အိုဘယ့်အလှူရှင်


| | | |
|---|---|---|
| ၁။ | အလှူရေစက် လက်နှင့်မကွာ (ခင်စောတင့်) | ၁၁ |
| ၂။ | အိုဘယ့်အလှူရှင် | ၁၉ |
| ၃။ | ကထိန်ခင်းဖို့ လျှာထားပြီးသားမို့ ကထိန်လျှာသက်န်း | ၂၁ |
| ၄။ | အလိုအလျောက်ရတာမို့ မိုးကျသက်န်း | ၂၃ |
| ၅။ | နောက်တစ်နေ့မကူးရလို့ မသိုးသက်န်း | ၂၆ |
| ၆။ | ဥတ်ကမ္ဗဝါနဲ့ ကထိန်ခင်းရလို့ ဥတ်သက်န်း | ၂၉ |
| ၇။ | သိက္ခာပုဒ်ဝန်ထုပ် လျှော့ပေးတဲ့အလှူ | ၃၂ |
| ၈။ | ဘယ်သွားသွား လွတ်လွတ်လပ်လပ် သွားနိုင်တယ် | ၃၅ |
| ၉။ | ဘာလုပ်လုပ် ပေါ့ပေါ့ပါးပါး လုပ်နိုင်တယ် | ၃၈ |

| | | |
|---|---|---|
| ၁၀။ | ■ ဘာစားစား ရဲရဲတင်းတင်း စားနိုင်တယ် | ၄၃ |
| ၁၁။ | ■ ဘယ်လောက်ရရ ပြည့်ပြည့်သိပ်သိပ် သိမ်းနိုင်တယ် | ၄၈ |
| ၁၂။ | ■ ဘယ်လောက်ပေးပေး | |
| | ■ သန့်သန့်မောက်မောက် ရနိုင်တယ် | ၅၀ |
| ၁၃။ | ■ ဆွမ်းဆို မြိန်မှ၊ သင်္ကန်းဆို ကထိန်မှ | ၅၄ |
| ၁၄။ | ■ သံဃာကိုလှူတဲ့သင်္ကန်းနဲ့မှ ကထိန်ခင်းခွင့်ရှိတယ် | ၅၉ |
| ၁၅။ | ■ အလှူခံတစ်ကျိုပ်လေး ခွေးတောင်မှပါတယ် | ၆၃ |
| ၁၆။ | ■ ဒုဿီလပေမယ့် သံဃာကိုရည်မှန်းပြီး လှူရင် | |
| | ■ ရဟန္တာကိုလှူတာထက် ပိုအကျိုးကြီးတယ် | ၆၆ |
| ၁၇။ | ■ သံဃိကစိတ်ထား အများကြီးလိုအပ်နေတယ် | ၇၀ |
| ၁၈။ | ■ စေတနာတွေ ရေစီးကမ်းပြိုပြီ | ၇၄ |
| ၁၉။ | ■ ထူးခြားတာလှူမှတော့ ထူးခြားတာပဲ ရချင်တယ် | ၇၉ |
| ၂၀။ | ■ သူတို့ထူးသလို တို့လည်းထူးရမှာပေါ့ | ၈၃ |
| ၂၁။ | ■ ဝန်ထုပ်မှန်သမျှ ပစ်ချနိုင်ပါရစေ | ၈၈ |
| ၂၂။ | ■ ဒါနဟာ သံသရာရှည်စေတယ်လို့ | |
| | ■ ထင်ရင် မှားမယ်နော် | ၉၃ |
| ၂၃။ | ■ အပ္ပမာဒေန သမ္ပာဒေထ | ၁၀၁ |


http://www.dhammadownload.com

## ရွှေကောင်းမှုနဲ့ရွှေတောင်းဆု


၃၅။ ■ ဘေးမခ အေးမြတဲ့ရွှေ ၁၀၅

၃၆။ ■ ရွှေပါရမီရဲ့ အဓိပ္ပါယ် ၁၀၈

၃၇။ ■ နေရာတိုင်းမှာ ရွှေမျက်နှာ ၁၁၃

၃၈။ ■ မယိုင်မလဲ နိုင်မြဲတဲ့ရွှေ ၁၁၅

၃၉။ ■ ရွှေလှူရင် ရွှေဖြစ်ရမယ် ၁၁၇

၄၀။ ■ အဆင်းလှ ဝင်းပတဲ့ရွှေ ၁၂၂

၄၁။ ■ လိုချင်စိတ်နဲ့ လှူရင် လိုချင်နေမှာပါပဲ ၁၂၇

၄၂။ ■ လောကီချမ်းသာဆိုတာလည်း ကုသိုလ်ဘုန်းကံပါမှ ၁၃၁

၄၃။ ■ ကုသိုလ်ကြီးရင် နတ်မတပေမယ့် နတ်မပါတယ် ၁၃၅

၄၄။ ■ သူ့ဘာဝကတော့ ရွှေပဲ ၁၃၉

၄၅။ ■ မိဘပစ္စည်းသည်သားသမီးတိုင်း၏အမွေဆိုင်မဟုတ် ၁၄၃

၄၆။ ■ ကုသိုလ်အတူပြုမှ ချမ်းသာအတူခံစားရမယ် ၁၄၈

၄၇။ ■ ထိုက်ထိုက်တန်တန် တောင်းပန်ပါ ၁၅၃

၄၈။ ■ ရွှေအဆင်းတွေ့တိုင်း ဘုရားကို သတိရပါ ၁၅၆

၄၉။ ■ ရိုးရိုးအားထုတ်မှာလား၊ ရှယ်အားထုတ်မှာလား ၁၅၉

၅၀။ ■ ရွှေလူသားများ ဖြစ်စေသတည်း ၁၆၄

၅၁။ ■ အပ္ပမာဒေန သမ္ပာဒေထ ၁၆၇


http://www.dhammadownload.com

http://www.dhammadownload.com



ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com

- ရေဆိုတာအေးမြခြင်းရဲ့သင်္ကေတပါ။

သွန်းလောင်းလိုက်တဲ့ရေကိုလက်နဲ့ထိထားပြီး
အလှူရှင်ကလည်းအလှူခံပုဂ္ဂိုလ်
ဤလှူဖွယ်ဝတ္ထုအသုံးပြုပြီးချမ်းသာပါစေ၊
အလှူခံပုဂ္ဂိုလ်ကလည်းအလှူရှင်ချမ်းသာပါစေလို့
အပြန်အလှန်မေတ္တာဓာတ်ပို့လွှတ်ရပါမယ်။

- ရေဆိုတာသန့်စင်ခြင်းရဲ့သင်္ကေတပါ။

ငါလှူတာဂုဏ်ပကာသန၊ ထင်ပေါ်ကျော်ကြားမှု
စတဲ့အတ္တမျှော်လင့်ချက်တွေအတွက်
လှူတာမဟုတ်ဘူး။ အလှူခံပုဂ္ဂိုလ်ချမ်းသာဖို့
သာသနာတော်ကိုချီးမြှောက်ဖို့စတဲ့
သန့်စင်တဲ့ရည်ရွယ်ချက်နဲ့လှူတာပါ။

- ရေသွန်တယ်ဆိုတာအစွဲကင်းခြင်းရဲ့သင်္ကေတပါ။

ငါအခုသွန်ချလိုက်တဲ့ရေအပေါ်မှာ
တပ်မက်စွဲလမ်းမှု၊ ပြန်ရလိုမှုလုံးဝမရှိသလို
ငါအခုစွန့်လွှတ်လှူဒါန်းလိုက်တဲ့လှူဖွယ်
ဝတ္ထုတွေအပေါ်မှာလည်းတပ်မက်စွဲလမ်းမှု
မရှိတော့ဘူး၊ ပြန်လည်ရယူချင်စိတ်
မရှိတော့ဘူး၊ အပြီးအပြတ်စွန့်လိုက်ပါပြီ။

http://www.dhammadownload.com

ရေစက်ချတယ်ဆိုတာ

အလှူပေးပုဂ္ဂိုလ်နဲ့

အလှူခံပုဂ္ဂိုလ်

အပြန်အလှန်

မေတ္တာစာတ်တွေ

ကူးလူးယှက်နွယ်သွားဖို့ပါ။

# အလှူရေစက်လက်နှင့်မကွာ

တစ်ခုသော သာယာနှုပျိုသည့်နံနက်ခင်းလေးတွင် အလှူရေစက်လက်နှင့်မကွာစကားရပ်ကို သရုပ်ဖော်နေသော အလှူလေးတစ်ခု၌ ကျွန်မ သာဓုသုံးကြိမ်ခေါ်ဆို၍ ကြည်နူးပီတိဖြစ်ခဲ့ရပါသည်။ ရိုးရှင်း၍ ရင်ထဲသို့ စိမ့်ဝင်ခဲ့ရသော တရားစကားကလေးများကိုလည်း နာကြားခဲ့ရပါသည်။

ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) သည် သူပညာသင်ကြားခဲ့၍ ဆယ်တန်းစာမေးပွဲကို ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ရေနံချောင်းမြို့ အထက(၁)သို့ ၁၂-၅-၂၀၀၀ ရက်နေ့က အလှူငွေများ လှူဒါန်းခဲ့ပါသည်။ ထိုကျောင်းတွင် ရွှေပါရမီဆောင်ဟု အမည်ပေးထားသော စာသင်ဆောင် ဆောက်လုပ်ရာသို့

http://www.dhammadownload.com

အရှင်ဆန္ဒာဓိကက ပညာသင်ကြားခဲ့ရသော ကျေးဇူးကို တုံ့ပြန်သောအားဖြင့် အလှူငွေ ကျပ်ဆယ်သိန်း လှူဒါန်းခြင်း ဖြစ်ပါသည်။

အရှင်ဆန္ဒာဓိကအား ပညာသင်ကြားပေးခဲ့သော ဆရာကြီးများက သူတို့၏တပည့်ဖြစ်ခဲ့ဖူးသော ရဟန်းတော်အား ကြည်ညိုလေးစားစွာ ဦးနှိမ်ရိုကျိုး ရှိခိုးကန်တော့နေကြသော မြင်ကွင်းကလေးကြောင့် ကျွန်မရင်မှာ မဖော်ပြနိုင်သော ခံစားမှုတစ်မျိုးနှင့် ကြည်နူးနေမိပါသည်။

မိမိတို့အား ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများကို တပည့်ဟောင်းများကသာ အာစရိယပူဇော်ပွဲ ကျင်းပ၍ ရှိခိုးပူဇော်ကန်တော့ကြလေ့ရှိသည့် မြင်ကွင်းနှင့် နှိုင်းယှဉ်ကြည့်မိပြီး၊ ရဟန်း၏ဘဝသည် မြင့်မြတ်လှပါလားဟု ရဟန်းမယ်တော်ကြီး ကျွန်မမှာ ဂုဏ်ယူဝမ်းသာ၍မဆုံး ဖြစ်မိပါသည်။

ထိုနေ့က အလှူငွေများကို အရှင်ဆန္ဒာဓိက၏ ကိုယ်စား အရှင်ဆန္ဒာဓိက၏ ရဟန်းဒကာ၊ ကျောင်းဒကာကြီး ဦးရှိန်ဝင်းမှ ရေနံချောင်းအထက(၁)ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေအား လွှဲအပ်လှူဒါန်းပြီးနောက် ထူးထူးခြားခြား အရှင်ဆန္ဒာဓိကမှ ရေစက်ခွက်ကိုင်၍ ဦးမြင့်ဆွေ၏ လက်ပေါ်သို့ ရေစင်များ သွန်းလောင်းပေးခဲ့ပါသည်။

ထို့နောက် အလှူရေစက်ချပွဲနှင့် ပတ်သက်၍ အရှင်မိန့်တော်မူသော တရားစကားများက ဗဟုသုတရဖွယ်၊ လိုက်နာကျင့်သုံးဖွယ်ကောင်းလှပါသဖြင့် စာဖတ်သူများအား ဝေငှလိုက်ရပါသည်။

ကျွန်မတို့ဗုဒ္ဓဘာသာဝင်အားလုံး နားလည်ထားကြသော 'ရေ

http://www.dhammadownload.com

စက်ချသည်' ဆိုသည်မှာ ဗုဒ္ဓဘာသာထုံးစံအတိုင်း ကုသိုလ်ဒါနပြုလုပ်သောအခါ ဆုတောင်းလျက် ရေစက်သွန်းချ၍အထက်ဘဝဂ်၊ အောက်အဝီစိဒ္ဓရှိနေကြကုန်သော သက်ရှိသတ္တဝါအားလုံးကို ကုသိုလ်၏အဖို့အမျှပေးဝေပြီးလျှင်၊ ဝသုန္ဓြေ မြေစောင့်နတ်အား သက်သေအရာ၌ထား၍ တိုင်တည်ခြင်းပြုလုပ်သည်ကို ရေစက်ချသည်ဟုဆိုသည်။

ရဟန်းတစ်ပါးပါးက တိုင်ပေးသည်ကို ကုသိုလ်ရှင်က လိုက်၍ဆိုပြီး ရေကရားမှ ရေကို ရေခွက်ထဲသို့ သွန်းလောင်းပြီးနောက် အမျှဝေ၍ သာဓုခေါ်ဆိုကြသည်။

ရေစက်ချခြင်းနှင့်ပတ်သက်၍ အရှင်က မည်သို့သောအချိန်မှ ဤဓလေ့ထုံးစံ စတင်ခဲ့သည်ဟု စာထဲမှာ မတွေ့ရသော်လည်း ဝေဿန္တရာဇာတ်တော်မှာမူ အထင်အရှားတွေ့ခဲ့ရကြောင်း မိန့်ကြားပါသည်။ ဝေဿန္တရာဇာတ်တော်ကြီးမှာ ဣန္ဒြနိမတို့ငယ်စဉ်က ကျောင်းသုံးဇာတ်တော်ဖြစ်ခဲ့သည်နှင့်အညီ စာရှုသူများလည်း ဖတ်ရှုကြားသိပြီး ဖြစ်ကြပါလိမ့်မည်။

ဝေဿန္တရာမင်းကြီး အကြိမ်ကြိမ်လှူရာတွင် ဆင်ဖြူတော်ကို တိုင်းတစ်ပါးသားတို့အား လှူရာတွင်လည်းကောင်း၊ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို ဇူဇကာပုဏ္ဏားအား လှူရာတွင်လည်းကောင်း၊ မဒ္ဒီဒေဝီကို ပုဏ္ဏားအယောင်ဆောင်ထားသော သိကြားမင်းအား လှူရာတွင်လည်းကောင်း၊ ရေကရားဖြင့် ရေစက်သွန်းချ၍ လှူတော်မူသည်ဟု ပါရှိပါသည်။

ဤကဲ့သို့လှူသည့် အခါတိုင်းတွင် ဝေဿန္တရာမင်းကြီးသည် 'ဤကဲ့သို့ အလှူပေးခြင်းကောင်းမှုသည် သဗ္ဗညုတဉာဏ်တော်၏

http://www.dhammadownload.com

အထောက်အပံ့ ဖြစ်ပါစေသတည်း' ဟု ဆုတောင်းပတ္ထနာပြုလျက် ရေကရားဖြင့် ရေစက်သွန်းချသောအခါ ရေစက်မြေထက်သို့ ကျစဉ် ပင်လျှင် မဟာပထဝီမြေကြီးသည် ပွဲတင်ထပ်မျှ ပြင်းထန်စွာ တုန်လှုပ် ခဲ့သည်။ မိမိဖြည့်ဆည်းခဲ့သော ပါရမီများကို မြေကြီးအား သက်သေ တည်သောအခါ မြေကြီးက တုံ့ပြန်ထောက်ခံခြင်း ဖြစ်ပါသည်။

'သိကြားစေသက်သေညွှန်း' ဆိုသော အင်မတန်မှ ကဗျာ ဆန်လှသော စကားစုကလေးကို သရုပ်ပေါ်လွင်စေပါသည်။ 'လူမင်း ဘုန်းကြီးက နတ်မင်းမနေနိုင်' ဟူသောဆိုရိုးစကားနှင့်အညီ ဘုရား လောင်း ဝေဿန္တရာမင်းကြီး၏ ပါရမီဘုန်းတော်အစုံကို ဝသုန္ဒြေ မြေစောင့်နတ်က အသိအမှတ်ပြု ထောက်ခံခြင်းအထိမ်းအမှတ် ဖြစ် သည်။

မြတ်စွာဘုရားအား မာရ်နတ်က အမျိုးမျိုးအဖုံဖုံ လာရောက် တိုက်ခိုက် ဖျက်ဆီးသောအခါတွင် မြတ်စွာဘုရားက လက်တော်ဖြင့် မြေကြီးကို ညွှန်ပြတော်မူခြင်းသည် ဘဝအဆက်ဆက် လေးအသင်္ချေ နှင့်ကမ္ဘာတစ်သိန်း ဖြည့်ဆည်းခဲ့သော ပါရမီတော်များကို ဝသုန္ဒြေနတ် မင်းအား သက်သေထူတော်မူခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ထိုမုဒြာကို ဘူမိဖဿမုဒြာဟုခေါ်ဆိုခဲ့ကြ ပါသည်။

အရှင်ဆန္ဒာဓိကက ကုသိုလ်ဒါနများပြုလုပ်ပြီး၍ ရေစက်ချ အမျှဝေရာတွင် လေးလေးနက်နက် သဘောထားရန်နှင့် ရေစက် ခွက်ထဲသို့ ရေများသွန်းလောင်းနေစဉ် ဆင်ခြင်နှလုံးသွင်းတတ်ရန်ကို အောက်ပါအတိုင်း ညွှန်ပြတော်မူပါသည်။

http://www.dhammadownload.com

'ရေဆိုတာ အေးမြခြင်းရဲ့သင်္ကေတပါ။ သွန်းလောင်းလိုက်တဲ့ရေကို လက်နဲ့ ထိထားပြီး အလှူရှင်ကလည်း 'အလှူခံပုဂ္ဂိုလ် ဤရေကဲ့သို့ အေးချမ်းပါစေ၊ ငါလှူလိုက်တဲ့ လှူဖွယ်ဝတ္ထုကို အသုံးပြုပြီး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါစေ' လို့ အလှူခံပုဂ္ဂိုလ်အပေါ် မေတ္တာစာတ် ပို့လွှတ်ပါ'

'အလှူခံပုဂ္ဂိုလ်ကလည်း သူတော်ကောင်း ဖြစ်ခဲ့ရင် ကိုယ့်လက်ပေါ် ကျထိလာတဲ့ ရေရဲ့ အေးမြမှုကို သက်သေထားပြီး 'အလှူပေးပုဂ္ဂိုလ် ဤရေကဲ့သို့ အေးချမ်းပါစေ၊ ဤကောင်းမှုကြောင့် လောကီလောကုတ္တရာ စည်းစိမ်ဥစ္စာအဖြာဖြာနဲ့ ပြည့်စုံပါစေ၊ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါစေ' လို့ အလှူပေးပုဂ္ဂိုလ်အပေါ် မေတ္တာစာတ် ပို့လွှတ်ပါလိမ့်မယ်'

'အလှူပေးပုဂ္ဂိုလ်နဲ့ အလှူခံပုဂ္ဂိုလ် အပြန်အလှန် မေတ္တာစာတ်တွေ ကူးလူးယှက်နွယ်သွားတာပေ့ါ'

'ရေဆိုတာ သန့်စင်ခြင်းရဲ့ သင်္ကေတပါ။ 'ငါအခုလှူတာ ဂုဏ်ပကာသန၊ ထင်ပေါ်ကျော်ကြားမှု စတဲ့ အတ္တမျှော်လင့်ချက်တွေအတွက် လှူတာမဟုတ်ဘူး။ အလှူခံပုဂ္ဂိုလ် ချမ်းသာဖို့၊ သာသနာတော်ကို ချီးမြှောက်ဖို့ စတဲ့ သန့်စင်တဲ့ရည်ရွယ်ချက်နဲ့ လှူတာ' လို့ သန့်စင်တဲ့ရေကို သက်သေထားပြီး ကိုယ့်အလှူဒါနရဲ့ ရည်ရွယ်ချက်ကို အသန့်စင်ဆုံးဖြစ်အောင် ဆေးကြောသုတ်သင်ပါ'

'ရေသွန်တယ်ဆိုတာ အစွဲကင်းခြင်းရဲ့ သင်္ကေတပါ။ ' ငါအခုသွန်ချလိုက်တဲ့ ရေအပေါ်မှာ တပ်မက်စွဲလမ်းမှု၊ ပြန်ရလိုမှု လုံးဝမရှိသလို၊ ငါအခုစွန့်လွှတ်လှူဒါန်းလိုက်တဲ့ လှူဖွယ်ဝတ္ထုတွေအပေါ်မှာ

http://www.dhammadownload.com

လည်း တပ်မက်စွဲလမ်းမှု မရှိတော့ဘူး၊ ပြန်လည်ရယူချင်စိတ် မရှိတော့ဘူး၊ အပြီးအပြတ် စွန့်လိုက်ပြီ' လို့ နှလုံးသွင်းပြီး လှူဖွယ်ဝတ္ထုအပေါ် စိတ်ပြတ်အောင် ဖြတ်လိုက်ပါ'

'လှူဖွယ်ဝတ္ထုကို စွန့်လွှတ်ခြင်းနဲ့ လှူဖွယ်ဝတ္ထုအပေါ် စွဲတဲ့တဏှာကို စွန့်လွှတ်ခြင်းရဲ့ သင်္ကေတ, ကိုယ်စားဖြစ်တဲ့ရေတွေကို မဟာပထဝီမြေကြီးပေါ် သွန်းလောင်းချခြင်းဖြင့် ကိုယ့်ရဲ့ ကုသိုလ်ကောင်းမှုကို မဟာပထဝီမြေကြီး (သို့မဟုတ်) မြေစောင့်နတ်နဲ့တကွ သိနိုင်၊ မြင်နိုင်၊ ကြားသိနိုင်တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို သက်သေအရာထားလိုက်ပါ'

အရှင်ဆန္ဒာဓိက၏ တရားစကားများသည် တန်ဖိုးရှိလှပါသည်။ အလှူပေးသူတိုင်း ဤကဲ့သို့စိတ်ထားများ ထားတတ်ရန် လိုအပ်ပါသည်။ 'အလှူရေစက် လက်နှင့်မကွာ' ဆိုသော ဆိုရိုးစကားလေးသည် အရှင်၏ တရားများကို နာကြားရသောအခါမှ အဓိပ္ပာယ်ပိုမိုပေါ်လွင်သွားပါတော့သည်။

နာကြားပြီးသည်နှင့် 'ဤခေါင်းစဉ်ကလေးနှင့် ယနေ့အလှူသည် ဆီလျော်လှပါသဖြင့် ဆောင်းပါးရေး၍ ပူဇော်ခွင့်ပြုပါရန်' လျှောက်ထားခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် ကျွန်မတို့ရိပ်သာမှ ဆရာကြီးဦးတင့်ရီ အစဉ်မိန့်ကြားလေ့ရှိသော 'အမျှဝေခြင်း' နှင့် 'သာဓုခေါ်ဆိုခြင်း' အကြောင်းကို သတိရဆင်ခြင်မိပါသည်။

'ကိုယ်ပြုခဲ့တဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကို အများလည်း ရကြပါစေဆိုပြီး အမျှဝေခြင်းနဲ့ သူများပြုခဲ့တဲ့ ဒါန၊ သီလ၊

http://www.dhammadownload.com

ဘာဝနာကုသိုလ်တွေကို မုဒိတာစိတ်နဲ့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခြင်းဟာ မနာလိုမှုဣဿာနဲ့ ဝန်တိုမှုမစ္ဆရိယဆိုတဲ့ အကုသိုလ်စေတသိက်တွေကို ပယ်ဖျောက်ခြင်းဖြစ်တယ်' ဟူ၍ ဖြစ်ပါသည်။

အလှူရေစက် လက်နှင့်မကွာ လှူနိုင်ကြပါစေ။
ခင်စောတင့်



http://www.dhammadownload.com

■ မြတ်စွာဘုရားရှင်ရဲ့
အာဏာစက်ဖြစ်တဲ့
ဝိနည်းသိက္ခာပုဒ်တွေကို
ဘယ်လူ၊ ဘယ်နတ်
ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါမှ
ပယ်နုတ်နိုင်စွမ်းမရှိပါဘူး။
ကထိန်သင်္ကန်းအလှူကတော့
တချို့သိက္ခာပုဒ်တွေကို
အချိန်ကာလတစ်ခုအထိ
ခေတ္တခဏပယ်နုတ်ထားနိုင်ပါတယ်။

■ ပုဂ္ဂိုလ်ကိုလှူတဲ့အလှူထက်
သံဃာကိုလှူတဲ့အလှူက
ပိုပြီးအကျိုးပေးကြီးကျယ်ပါတယ်၊
ဘာလို့လဲဆိုတော့
သံဃာကိုလှူတဲ့အလှူမှာ
အလှူခံပုဂ္ဂိုလ်အားလုံး
သီလရှိသူတွေဖြစ်နေလို့နဲ့
အလှူပေးပုဂ္ဂိုလ်ရဲ့သန္တာန်မှာ
ငါ့ဘုန်းကြီး၊ ငါ့ဆရာတော်ဆိုတဲ့
အစွဲဓာတ်ကင်းရှင်းနေလို့ပါပဲ။

http://www.dhammadownload.com

# အိုဘယ့်အလှူရှင်

အိုဘယ့်အလှူရှင်ရဲ့ အဓိပ္ပာယ်ကတော့ ထူးခြားသော အလှူရှင်လို့ ဆိုလိုပါတယ်။ ပြည့်ပြည့်စုံစုံ ပြောမယ်ဆိုရင်တော့ အိုဘယ့်အလှူရှင်ဆိုတာ ကောင်းမြတ်သော အလှူရှင်၊ ကြီးကျယ်သော အလှူရှင်၊ အဆင့်မြင့်သော အလှူရှင် အစရှိတဲ့ အဓိပ္ပာယ်တွေ အများကြီး ရှိပါတယ်။

အိုဘယ့်အလှူရှင်ဆိုတဲ့ စကားရပ်ထဲက အဓိပ္ပာယ်တွေ အများကြီးထွက်တဲ့အထဲက ဒီနေ့ ကထိန်အလှူရှင်များအနေနဲ့ ပြောရမယ်ဆိုရင် အိုဘယ့်အလှူရှင်ဆိုတာ ‘အို - ထူးခြားသောအလှူရှင်’ လို့ အဓိပ္ပာယ်ရပါတယ်။

အိုဘယ့်အလှူရှင်ဆိုတာ ထူးခြားသော အလှူရှင်။ ကထိန်အလှူရှင်များကို ဘာကြောင့် ထူးခြားသော အလှူရှင်လို့ ခေါ်ရသလဲ

http://www.dhammadownload.com

ဆိုရင် ကထိန်အလှူဟာ ထူးခြားသောအလှူ ဖြစ်လို့ပါပဲ။ ထူးခြားသောအလှူကို လှူတဲ့အလှူရှင်များဟာ ထူးခြားသော အလှူရှင်ပဲပေါ့။

ကထိန်အလှူဟာ အလှူတကာ့အလှူထဲမှာ၊ အလှူအားလုံးထဲမှာ အင်မတန်ထူးခြားတဲ့အလှူ အထူးခြားဆုံးအလှူဖြစ်ပါတယ်။ ဘာကြောင့် ကထိန်အလှူဟာ အထူးခြားဆုံးအလှူ ဖြစ်ရသလဲဆိုရင် အလှူတစ်ခုဖြစ်မြောက်ဖို့အတွက် လိုအပ်တဲ့အင်္ဂါရပ်သုံးခုနဲ့ နှိုင်းယှဉ်ပြီးတော့ ကြည့်ကြရအောင်။

အလှူတစ်ခုဖြစ်မြောက်ဖို့အတွက် တစ်နည်းပြောရင်တော့ ဒါနကောင်းမှုတစ်ခုပြုနိုင်ဖို့အတွက် အင်္ဂါရပ်သုံးခု လိုအပ်ပါတယ်။ အဲဒီအင်္ဂါရပ်သုံးခုကတော့

(၁) လှူဖွယ်ဝတ္ထု အထင်အရှားရှိရမယ်။

(၂) အလှူခံပုဂ္ဂိုလ် အထင်အရှားရှိရမယ်။

(၃) လှူလိုတန်းလိုတဲ့ စေတနာသဒ္ဓါတရား အထင်အရှား ရှိရမယ်။

အင်္ဂါရပ်သုံးချက် ညီညွတ်ပြည့်စုံမှသာ ဒါနတစ်ခု ပြုဖြစ်ပါတယ်။ အလှူတစ်ခု ထမြောက်အောင်မြင်ပါတယ်။ အလှူတစ်ခု ထမြောက်အောင်မြင်ဖို့အတွက် လိုအပ်တဲ့ အဲဒီအင်္ဂါရပ်သုံးခုနဲ့ နှိုင်းယှဉ်ပြီးတော့ ကထိန်ဒါနဟာ အထူးခြားဆုံးဒါနဖြစ်တယ် ဆိုတာကို အာရုံပြုကြည့်ရအောင်။

■

http://www.dhammadownload.com

## ကထိန်ခင်းဖို့လျှာထားပြီးသားမို့ကထိန်လျှာသင်္ကန်း

လှူဖွယ်ဝတ္ထုအနေနဲ့ ကြည့်မယ်ဆိုရင် ဒီကနေ့ ကထိန်အလှူ့ဒကာ၊ ကထိန်အလှူ့အစ်မများဖြစ်ကြတဲ့ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး၊ တက်လမ်းဆောက်လုပ်ရေးမိသားစုနဲ့တကွ ကထိန်အလှူ့ရှင်များ လှူဒါန်းကြတဲ့ လှူဖွယ်ဝတ္ထုဟာ ကထိန်သင်္ကန်းဖြစ်ပါတယ်။ ကထိန်သင်္ကန်းတည်းဟူသော လှူဖွယ်ဝတ္ထုကို မိမိတို့ လှူဒါန်းကြရတယ်။

ကထိန်သင်္ကန်း ဆိုတာကတော့ အခေါ်အဝေါ် လွယ်ကူအောင် ပြောလိုက်ခြင်းပါပဲ။ ပြည့်ပြည့်စုံစုံပြောမယ်ဆိုရင်တော့ ကထိန်လျှာသင်္ကန်း လို့ ပြောရမှာပေါ့။

ဘုရားဖြစ်ဖို့လျာထားတဲ့ပုဂ္ဂိုလ်၊ ဘုရားဖြစ်ဖို့ သေချာနေတဲ့ပုဂ္ဂိုလ်၊ ဘုရားအလောင်းပုဂ္ဂိုလ်ကို ဘုရားလောင်းလျာ၊ ဘုရားလျာ လို့ ဆိုရပါတယ်။ အဲဒီလိုပဲ ကထိန်ခင်းဖို့ လျာထားတဲ့သင်္ကန်း၊ ကထိန်

http://www.dhammadownload.com

ခင်းဖို့ သေချာနေတဲ့သက်နှ်း၊ ကထိန်အလောင်းသင်္ကန်းကိုလည်း ကထိန်လောင်းလျာ၊ ကထိန်လျာလို့ ဆိုရပါတယ်။ ဘုရားဖြစ်မယ့်ပုဂ္ဂိုလ်ကို ဘုရားလျာပုဂ္ဂိုလ်လို့ ခေါ်ရသလို ကထိန်ခင်းမယ့် သင်္ကန်းကိုလည်း ကထိန်လျာသင်္ကန်းလို့ ခေါ်ရပါတယ်။

ကထိန်ကို ဒကာ၊ ဒကာမများက ခင်းခွင့်မရှိပါဘူး။ သံဃာတော်များကသာ ခင်းခွင့်ရှိပါတယ်။ သံဃာတော်များ ကထိန်ခင်းဖို့ အတွက် သင်္ကန်းကိုသာ ဒကာ၊ ဒကာမများက လှူဒါန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကထိန်ခင်းဖို့အတွက် ရည်စူးပြီးတော့၊ လျာထားပြီးတော့ လှူတဲ့သင်္ကန်းမို့လို့ ကထိန်လျာသင်္ကန်းလို့ ခေါ်ပါတယ်။

အဲဒီကထိန်လျာသင်္ကန်းလို့ခေါ်တဲ့ အတိုချုပ်အားဖြင့် ကထိန်သင်္ကန်းလို့ခေါ်တဲ့ လှူဖွယ်ဝတ္ထုကို မိမိတို့ ဒီနေ့လှူဒါန်းနေကြရတယ်။

■

http://www.dhammadownload.com

## အလိုအလျောက်ရတာမို့မိုးကျသင်္ကန်း

အဲဒီကထိန်သင်္ကန်းကို မိုးပေါ်ကျသင်္ကန်းလို့လည်း ခေါ်ပါတယ်။ အတိုချုပ်အားဖြင့်တော့ မိုးကျသင်္ကန်းပေ့ါ။

မိုးပေါ်ကနေ မိုးရေပေါက်တွေ ကျလာတာဟာ အပေါ်ကနေ၊ ကောင်းကင်ပေါ်ကနေ တစ်စုံတစ်ယောက်က သွန်းကြဲပက်ဖျန်းလိုက်လို့ မိုးစက်ကလေးတွေ ကျလာတာ မဟုတ်ပါဘူး။ သူ့သဘာဝအတိုင်း ရေခိုးရေငွေ့တွေ စုပေါင်းပြီးတော့ ကောင်းကင်ပေါ်မှာ ရပ်တည်နိုင်စွမ်းမရှိတော့တဲ့အခါမှာ မိုးရေပေါက်ကလေးတွေအဖြစ်နဲ့ အလိုအလျောက်ပဲ ကျဆင်းလာရခြင်းဖြစ်ပါတယ်။

ကောင်းကင်ပေါ်က ကျလာတဲ့ မိုးရေပေါက်ကလေးတွေဟာ ဘယ်သူ့ပယောဂမှ မပါဘဲ အလိုအလျောက် ကျဆင်းလာသလိုပဲ သံဃာတော်များခင်းမယ့် ကထိန်သင်္ကန်းဆိုတာကလည်း ဘယ်သူ့

http://www.dhammadownload.com

ပယောဂမှ မပါဘဲ အလိုအလျောက်ဖြစ်ပေါ်လာတဲ့ သက်န်းဖြစ်ရပါမယ်။

သက်ဆိုင်ရာကျောင်းတိုက်မှာ ဝါဆိုတဲ့ သံဃာတော်တစ်ပါးပါးက နှုတ်မြွက်ပြီးတော့၊ တိုက်ရိုက်အားဖြင့်ဖြစ်စေ, သွယ်ဝိုက်သောအားဖြင့်ဖြစ်စေ တိုက်တွန်းပြီးတော့ ရလာတဲ့သင်္ကန်းဆိုရင် ကထိန်မခင်းကောင်းပါဘူး။

ဒီကျောင်းမှာ ကထိန်ခင်းနိုင်ဖို့အတွက် သက်ဆိုင်ရာ ဒကာ၊ ဒကာမများကို ကျောင်းတိုက်က သံဃာတစ်ပါးပါးက . . . 'ဒကာကြီး ဒီကျောင်းမှာ ကထိန်ခင်းပါလား'

ဒါမှမဟုတ် . . . 'ကထိန်ရာသီတော့ ရောက်နေပြီ။ ကထိန်အလှူရှင်တော့ မပေါ်သေးဘူး ဒကာကြီး'

စသည်ဖြင့် တိုက်ရိုက်အားဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့်ဖြစ်စေ ကထိန်ခင်းဖို့အတွက် အရိပ်အယောင်ကလေးတောင်မှ မပြောကောင်းပါဘူး။

တခြားဒကာ ဒကာမတွေဆိုတာ အသာထားလိုက်ပါဦး၊ အမေရင်း အဖေရင်း၊ မယ်တော်ရင်း ခမည်းတော်ရင်းကိုတောင်မှ ကထိန်ခင်းဖို့ မပြောကောင်းပါဘူး။

အမေရင်း အဖေရင်းပင်ဖြစ်စေကာမူ ကထိန်ခင်းဖို့အတွက် တိုက်ရိုက်အားဖြင့်ရော၊ သွယ်ဝိုက်သောအားဖြင့်ရော မပြောကောင်းပါဘူး။

အဲဒီလိုတိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်အားဖြင့် ကိုယ့်ဘက်က စ, ပြောလို့ရတဲ့ သင်္ကန်းနဲ့လည်း ကထိန်မခင်းကောင်းပါဘူး။

http://www.dhammadownload.com

အဲဒီသက်န်းနဲ့ ကထိန်ခင်းလို့လည်း ကထိန်မမြောက်ပါဘူး။ ကထိန်မအောင်မြင်ပါဘူး။

ဒကာ၊ ဒကာမတွေက သူ့စိတ်ဆန္ဒနဲ့သူ သူ့အလိုအလျောက် 'တပည့်တော်တို့ ဒီကျောင်းထဲမှာ ကထိန်ခင်းချင်ပါတယ်။ ကထိန်လျှာသင်္ကန်း ဆက်ကပ်ချင်ပါတယ်' လို့ သူတို့သဒ္ဓါဆန္ဒအရ အလိုအလျောက် လှူဒါန်းလာတဲ့ သင်္ကန်းနဲ့သာ ကထိန်ခင်းရပါတယ်။

ရဟန်းသံဃာရဲ့ အသိပေးတိုက်တွန်းမှု၊ အရိပ်အယောင်ပြမှု လုံးဝ မပါဘဲ အလိုအလျောက်ရတဲ့ သင်္ကန်းနဲ့ပဲ ကထိန်ခင်းရတဲ့ အတွက်ကြောင့် အဲဒီကထိန်သင်္ကန်းကို မိုးပေါ်ကျသင်္ကန်းလို့ ခေါ်ပါတယ်။ မိုးကျသင်္ကန်းလို့ ခေါ်ပါတယ်။

■

http://www.dhammadownload.com

## နောက်တစ်နေ့မကူးရလို့ မသိုးသင်္ကန်း

နောက်တစ်နည်းအားဖြင့် ကထိန်သင်္ကန်းကို မသိုးသင်္ကန်းလို့ လည်း ခေါ်ပါတယ်။

ခုခေတ် တချို့ကတော့ မသိုးသင်္ကန်းလို့ဆိုရင် တန်ဆောင်မုန်း လပြည့်နေ့မှာ ရက်လုပ်တဲ့သင်္ကန်း၊ တန်ဆောင်မုန်းလပြည့်နေ့မှာ နောက်ဆုံးပိတ် ကထိန်ခင်းတဲ့ ကျောင်းတိုက်မှာ လှူတဲ့သင်္ကန်းကိုမှ မသိုးသင်္ကန်း လို့ ထင်နေကြတယ်။ မဟုတ်ပါဘူး။ ဒီနေ့ လှူကြတဲ့ သင်္ကန်းကလည်း မသိုးသင်္ကန်းပါပဲ။

မနေ့က သီတင်းကျွတ်လပြည့်ကျော်(၁)ရက်ဆိုတော့ ကထိန် ရာသီရဲ့ ပထမဆုံးရက်ပေါ့။ ဒကာကြီး ဦးရှိန်ဝင်း၊ ဒကာမကြီး ဒေါ်ခင် ချိုဦးတို့ မနေ့ကလည်း ရွှေပါရမီတောရကျောင်းမှာ ကထိန်သင်္ကန်း လှူဒါန်းခဲ့ကြတယ်။ ကထိန်လ စ, စချင်း မနေ့က လှူဒါန်းလိုက်တဲ့

http://www.dhammadownload.com

ကထိန်သင်္ကန်းဟာလည်း မသိုးသင်္ကန်းပါပဲ။

ဒီနေ့ ချုပ်ထားတဲ့ထမင်းတွေ ညတစ်ညလွန်သွားပြီဆိုရင် သိုးသွားပြီပေါ့။ တစ်ရက်ကျော်သွားတဲ့ ထမင်း၊ တစ်ညကျော်သွားတဲ့ ထမင်းကို ထမင်းသိုးလို့ ခေါ်ရတယ်။

တကယ် သိုးသိုး၊ မသိုးသိုး . . .၊ ပြန်စားလို့ ရရ၊ မရရ တစ်ညကျော်သွားရင် ထမင်းသိုးလို့ ခေါ်တာပဲ။ ရေခဲသေတ္တာထဲ၊ အအေးခန်းထဲမှာ သေချာထည့်သိမ်းထားရင် သိုးချင်မှ သိုးမှာပေါ့။ စားလို့ ရချင်ရဦးမှာပေါ့။ ဒါပေမဲ့ ဝေါဟာရသဘောတရားအရက တော့ ထမင်းသိုး လို့ပဲ ခေါ်ပါတယ်။

အဲဒီလိုပဲ ကထိန်ခင်းဖို့အတွက် လှူဒါန်းတဲ့သင်္ကန်းကို ဒီနေ့ မခင်းဖြစ်ဘူး၊ နောက်တစ်နေ့ အရုဏ်မတက်ခင်အတွင်းမှာ ကထိန် မခင်းဖြစ်ဘူးဆိုရင် နောက်တစ်နေ့အရုဏ်လွန်သွားတာနဲ့ တစ်ပြိုင် နက် အဲဒီသင်္ကန်းဟာ သိုးသွားတဲ့သင်္ကန်း ဖြစ်သွားပြီ။ သင်္ကန်းသိုး ဖြစ်သွားပြီ။

ဒီတော့ ကထိန်သင်္ကန်းကို အလှူခံပြီးတာနဲ့ တစ်ပြိုင်နက် နောက်တစ်နေ့အရုဏ်မတက်ခင်အတွင်းမှာ သံဃာတော်များက ပြီး ဆုံးအောင် ကထိန်ခင်းကြရပါတယ်။

ဆိုကြပါစို့။ မနက်ဖြန်မှာ မနက်ငါးနာရီမှာ အရုဏ်တက် တယ် ဆိုကြပါစို့။ ဒီနေ့ အလှူခံထားတဲ့ ကထိန်သင်္ကန်းနဲ့ နောက်တစ် နေ့ မနက်ငါးနာရီမထိုးခင်မှာ ပြီးအောင် ကထိန်ခင်းကြရတယ်။ မနက်လေးနာရီမှာ ထခင်းလည်း ရတာပါပဲ။ မနက်သုံးနာရီမှာ ထ ခင်းလည်း ရပါတယ်။ နောက်တစ်နေ့ အရုဏ်မတက်ခင်အတွင်း တစ်

http://www.dhammadownload.com

ချိန်ချိန်မှာ ပြီးအောင်တော့ ခင်းကြရတယ်။

ဒီနေရာမှာ တစ်ခုသတိပြုရမှာက တချို့ကထိန်အလှူရှင်တွေက ကထိန်ခင်းမယ့်ရက် မရောက်ခင် ကထိန်သင်္ကန်းကို ကျောင်းမှာ သွားထားတတ်ကြတယ်။ အဲဒီလိုအခါမျိုးမှာ သင်္ကန်းကို ကျောင်းမှာ အပ်ရုံပဲ အပ်နှံထားခဲ့ရမယ်။ အပြီးအပိုင် လှူမပစ်ခဲ့ရဘူး။

အပြီးအပိုင် နှုတ်မြွက်ပြီး လှူပစ်ခဲ့ရင် တကယ်ကထိန်ခင်းမယ့်ရက်အထိ စောင့်နေလို့ မရတော့ဘူး။ အဲဒီနေ့မှာပဲ ချက်ချင်းကထိန်ခင်းလိုက်ရတယ်။ ရက်ကူးသွားရင် အဲဒီသင်္ကန်းနဲ့ ကထိန်ခင်းလို့ မရတော့ဘူး။ အဲဒီကျောင်းတိုက် အဲဒီနှစ်အတွက် ပြီးပြီ။ ကထိန်ခင်းလို့ လုံးဝ မရတော့ဘူး။

ကထိန်ရက်မှာ မအားလို့၊ မလာနိုင်လို့ ဆိုပြီး စောစောကတည်းက ကြိုလှူထားလို့ မရပါဘူး။ သက်ဆိုင်ရာကျောင်းတိုက် သံဃာကလည်း ကြိုအလှူခံထားလို့ မရပါဘူး။ ကြိုလှူထားတဲ့သင်္ကန်းနဲ့ ကထိန်ခင်းရင် ကထိန်အတု၊ ကထိန်အင်ပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီလို တစ်ရက်မလွန်ဘဲနဲ့ ခင်းရတဲ့ သင်္ကန်းဖြစ်လို့လည်းပဲ ဒီကထိန်သင်္ကန်းကို မသိုးသင်္ကန်းလို့ခေါ်ပါတယ်။

■

http://www.dhammadownload.com

## ဉတ်ကမ္မဝါနဲ့ ကထိန်ခင်းရလို့ ဉတ်သင်္ကန်း

နောက်တစ်နည်းအားဖြင့် ကထိန်သင်္ကန်းကို ဉတ်သင်္ကန်းလို့လည်း ခေါ်ပါတယ်။ သိမ်ထဲမှာ သံဃာတော်များက ဉတ်ကမ္မဝါစာတွေနဲ့ (ဉတ္တိဒုတိယကမ္မဝါစာနဲ့) ရွတ်ဖတ်ပြီးတော့မှ ကထိန်ခင်းမယ့် ရဟန်းကို သံဃာ့သဘောတူညီချက်နဲ့ ကထိန်လျှာသင်္ကန်းပေးရတယ်။

သံဃာထဲက သင်္ကန်းနွမ်းပါးတဲ့ရဟန်းကို ကထိန်လျှာသင်္ကန်းပေးရတယ်။ သင်္ကန်းနွမ်းပါးတဲ့ရဟန်းတွေ များနေရင် အဲဒီအထဲက အကြီးဆုံးမထေရ်ကို ပေးရတယ်။ သံဃာအားလုံး သင်္ကန်းပြည့်စုံနေကြရင်တော့ ကျောင်းတိုက်ထဲက အကြီးဆုံးမထေရ်ကို ပေးရပါတယ်။

သံဃာ့သဘောတူညီချက်နဲ့ ကထိန်လျှာသင်္ကန်းအပေးခံရတဲ့ ရဟန်းတော်ကမှ ကထိန်ခင်းရတယ်။ အဲဒီလို သိမ်ထဲမှာ ဉတ်ကမ္မဝါ

http://www.dhammadownload.com

တွေ ဖတ်ပြီးတော့ သက်န်းပေးပြီးမှ ကထိန်ခင်းရတဲ့ သင်္ကန်းဖြစ်လို့လည်း ကထိန်သင်္ကန်းကို ဉတ်သင်္ကန်းလို့ ခေါ်ပါတယ်။

ကထိန်ခင်းတယ်ဆိုတာ သံဃာ့ကံ၊ သံဃာ့ကိစ္စဖြစ်ပါတယ်။ ဉတ်ဆိုတာကတော့ သံဃာတော်တွေက ကြေညာချက်ထုတ်ပြန်တာပါပဲ။ သံဃာက ဒီကိစ္စ ဒီကိစ္စကို လုပ်ပါတော့မယ်ဆိုပြီး သံဃာ့ပရိသတ်ကို ကြေညာချက်ထုတ်ပြန်တာကို ဉတ်လို့ခေါ်ပါတယ်။

ဉတ်ဆိုတာ ဉတ္တိဆိုတဲ့ပါဠိက လာတာပါ။ မြန်မာလိုတော့ သိစေခြင်း၊ အသိပေးခြင်း၊ ကြေညာခြင်းပေါ့။

ကမ္မဝါစာဆိုတာကတော့ ကမ္မဆိုတာ အမှုကိစ္စအလုပ်၊ ဝါစာဆိုတာ ထုတ်ဖော်ပြီး ပြောဆိုတာ၊ ကမ္မဝါစာဆိုတာ အမှုကိစ္စအလုပ်ကို ထုတ်ဖော်ပြောဆိုခြင်း ဖြစ်ပါတယ်။

အဲဒီကမ္မဝါစာက အဆိုပြုချက် တင်သွင်းတာရယ်၊ အတည်ပြုချက် ရယူတာရယ် နှစ်ပိုင်းရှိပါတယ်။ သံဃာက ဒီကိစ္စ ဒီကိစ္စလုပ်နေပါတယ်။ အဲဒါသဘောမတူဘူးဆိုရင် သံဃာထဲက တစ်စုံတစ်ယောက်က ထပြောပါ၊ သဘောတူတယ်ဆိုရင်တော့ အားလုံးငြိမ်ငြိမ်သက်သက်နေကြပါ။ သဘောတူလား မတူလားဆိုတာကို အဆိုပြုချက်တင်သွင်းလိုက်တာ။

ဘယ်သူကမှ ထပြီးတော့ မပြောတော့ဘူး၊ အားလုံးငြိမ်သက်နေကြတယ်ဆိုရင် သဘောတူတယ်လို့ မှတ်ယူပြီးတော့ ဒီကံကို အတည်ပြုလိုက်ပါတယ်။ သံဃာသည် ဒီအမှုကိစ္စ ဒီအလုပ်ကို လုပ်လို့ပြီးဆုံးသွားပြီလို့ အတည်ပြုချက် ရယူလိုက်ပါတယ်။

အဲဒီလို သံဃာ့အစည်းအဝေးမှာ ဉတ်ကမ္မဝါစာတွေ ရွတ်

http://www.dhammadownload.com

ဖတ်ပြီးတော့မှ ကထိန်ခင်းရတာဖြစ်တဲ့အတွက်ကြောင့် ဒီကထိန်သင်္ကန်းကို ဥတ်သင်္ကန်းလို့ ခေါ်ပါတယ်။ ဒါလေးကို ဗဟုသုတအဖြစ်နဲ့ မှတ်ထားကြရမယ်။ ကထိန်ကံဆောင်ဖို့အတွက် အနည်းဆုံး သံဃာ ငါးပါး လိုအပ်ပါတယ်။

ကထိန်သင်္ကန်းကို (၁) မိုးပေါ်ကျသင်္ကန်းလို့လည်း ခေါ်တယ်။ (၂) မသိုးသင်္ကန်းလို့လည်း ခေါ်တယ်။ (၃) ဥတ်သင်္ကန်းလို့လည်း ခေါ်တယ်။ ညှပ်သင်္ကန်း မဟုတ်ဘူးနော်။ တချို့ကလည်း အားရပါးရ ညှပ်သင်္ကန်းလို့ ခေါ်ကြတယ်။ ညှပ်မဟုတ်ပါဘူး။ ဥ အသေးကလေးနဲ့ ဥတ်ဖြစ်ပါတယ်။

သင်းပိုင်၊ ကိုယ်ဝတ် (ကသီ)၊ ဒုကုဋ်လို့ သင်္ကန်းသုံးထည်၊ သင်္ကန်းသုံးမျိုးရှိတဲ့အထဲက သင်းပိုင်နဲ့ပဲဖြစ်ဖြစ်၊ ကေသီနဲ့ပဲဖြစ်ဖြစ်၊ ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး)နဲ့ပဲဖြစ်ဖြစ်၊ သင်္ကန်းတစ်ထည်ထည်နဲ့ပဲ ကထိန်ခင်းရပါတယ်။ သင်္ကန်းသုံးထည်လုံးနဲ့ ကထိန်ခင်းစရာ မလိုပါဘူး။

ဒါ့ကြောင့် ကထိန်သင်္ကန်းလှူတဲ့ အလှူ့ရှင်တွေကလည်း သင်းပိုင်တစ်ထည်ဖြစ်ဖြစ်၊ ကေသီတစ်ထည်ဖြစ်ဖြစ်၊ ဒုကုဋ်တစ်ထည်ဖြစ်ဖြစ် လှူဒါန်းရင် လုံလောက်ပါတယ်။ ကထိန်ခင်းမယ့် ကထိန်သင်္ကန်းကို သင်္ကန်းသုံးထည်(သုံးမျိုး)လုံး လှူစရာမလိုပါဘူး။

လူအတော်များများက ဒုကုဋ်လို့ခေါ်တဲ့ နှစ်ထပ်သင်္ကန်းကြီးနဲ့မှ ကထိန်ခင်းလို့ ရတယ်ထင်ပြီး ကထိန်သင်္ကန်းလှူရင် နှစ်ထပ်သင်္ကန်းကြီးပဲ လှူနေကြတယ်။ မဟုတ်ပါဘူး။ သင်းပိုင်ပဲ လှူလည်း ရပါတယ်။ ကေသီပဲ လှူလည်း ရပါတယ်။ သံဃာတော်တွေ အမှန်တကယ်သုံးမယ့် သင်္ကန်းလှူတာ အကောင်းဆုံးပါပဲ။

http://www.dhammadownload.com

## သိက္ခာပုဒ်ဝန်ထုပ်လျှော့ပေးတဲ့အလှူ ဒီတစ်ခုပဲ ရှိတယ်

ကထိန်သင်္ကန်းတည်းဟူသော လှူဖွယ်ဝတ္ထုဟာ ဘယ်လို ထူးခြားချက်နဲ့ ပြည့်စုံသလဲဆိုရင် မြတ်စွာဘုရားရှင်ပညတ်ထားတဲ့၊ မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်တချို့ကို အချိန်ကာလအကန့်အသတ်တစ်ခုအတွင်း ခေတ္တခဏ ပယ်နုတ်ပေးနိုင်တဲ့ အစွမ်းသတ္တိနဲ့ ပြည့်စုံပါတယ်။

မိမိတို့လှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းဟာ ကထိန်အာနိသင်ရတဲ့ သံဃာတော်များကို မြတ်စွာဘုရားရှင်ရဲ့ ဝိနည်းသိက္ခာပုဒ် ငါးခုကနေ အချိန်ကာလအကန့်အသတ်တစ်ခုအတွင်း ခေတ္တခဏ သက်သာခွင့်ရအောင် ဖန်တီးပေးနိုင်ပါတယ်။

လောကမှာ မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်တွေကို ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ ဘယ်သတ္တဝါမှ

http://www.dhammadownload.com

ပယ်လည်း မပယ်နုတ်နိုင်ပါဘူး၊ ဖြည့်လည်း မဖြည့်စွက်နိုင်ပါဘူး၊ ပြုလည်း မပြုပြင်နိုင်ပါဘူး။ မြတ်စွာဘုရားရှင်ရဲ့အာဏာစက်ကို ဘယ်သူမှ ကိုယ့်သဘောနဲ့ကိုယ် ပယ်နုတ်ဖြည့်စွက်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း လုပ်လို့မရပါဘူး။

ဒါပေမဲ့ ဒီနေ့ကထိန်အလှူရှင်များ လှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းကတော့ လုပ်နိုင်ပါတယ်။ သိက္ခာပုဒ်တွေအားလုံးကိုတော့ မလုပ်နိုင်ပါဘူး။ သိက္ခာပုဒ်ငါးခုကိုတော့ လုပ်နိုင်ပါတယ်။ (များရာလိုက်ပြီး ငါးခုလို့ ပြောတာပါ။ သိက္ခာပုဒ်အနေနဲ့ကတော့ လေးခုပါပဲ)

ကထိန်အလှူရှင်များလှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းနဲ့ သံဃာတော်များက ကထိန်ခင်းလိုက်ရပြီဆိုရင် ဒီကထိန်ရဲ့ အာနိသင်ရတဲ့ သံဃာတော်များဟာ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့ကစပြီး တပေါင်းလပြည့်နေ့အထိ ငါးလအတွင်းမှာ မြတ်စွာဘုရားပညတ်ထားတဲ့ သိက္ခာပုဒ်ငါးခုကို မလိုက်နာ မကျင့်သုံးဘဲလည်း နေလို့ရပါတယ်။

တစ်နည်းပြောရင်တော့ မြတ်စွာဘုရား နဂိုက ပညတ်ထားတဲ့ သိက္ခာပုဒ်ငါးခုဟာ ဒီငါးလအတောအတွင်းမှာတော့ ကထိန်အာနိသင်ရထားတဲ့ သံဃာတော်တွေအတွက် သိက္ခာပုဒ်လို့ မဆိုနိုင်ဘူး၊ ဒီငါးလအတွင်းမှာ ဒီသိက္ခာပုဒ်မရှိတော့ဘူးလို့ သဘောပေါက်လိုက်ရင် ပိုရှင်းသွားမှာပေါ့။

ဒီသိက္ခာပုဒ်ငါးခုကို ဒီငါးလအတွင်းမှာ မကျင့်ဘဲ နေလို့ရတယ်ဆိုတော့ မကျင့်လို့လည်း အာပတ်သင့်မသွားဘူး လို့ ဆိုလိုပါတယ်။ ကျင့်စရာမလိုဘူးဆိုပြီး မလေးမစားလုပ်ရမှာမျိုးတော့ မဟုတ်

http://www.dhammadownload.com

ပါဘူး။

မြတ်စွာဘုရားကိုယ်တိုင်ကိုက ဒီသိက္ခာပုဒ်ငါးခု မကျင့်လည်း ရတယ်၊ ဒီသိက္ခာပုဒ်ငါးခု မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ် ပြောထားတာပါ။ တပေါင်းလပြည့်ကျော်သွားရင်တော့ မူလအတိုင်း ပြန်ပြီးတော့ ကျင့်သုံးရမှာပါ။

အဲဒီလို မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်တွေကို ဘယ်လောက်ကြီးကျယ်ခမ်းနားတဲ့ ဒါနကုသိုလ်ကမှ လည်း မပယ်နုတ်နိုင်ပါဘူး။ ဘယ်လောက်ကြီးကျယ်သန့်စင်တဲ့ သီလကုသိုလ်ကမှလည်း မပယ်နုတ်နိုင်ပါဘူး။ ဘယ်လောက်ကြီးကျယ်မြင့်မြတ်တဲ့ ဘာဝနာကုသိုလ်ကမှလည်း မပယ်နုတ်ပါဘူး။

အဆင့်အတန်းမြင့်လှပါတယ်ဆိုတဲ့ ဝိပဿနာကုသိုလ်တွေ၊ မဂ်ကုသိုလ်တွေ၊ လောကုတ္တရာကုသိုလ်တွေကလည်း မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်တွေကို မပယ်နုတ်နိုင်ပါဘူး။ ဒီကနေ့ကထိန်အလှူရှင်များ လှူဒါန်းရတဲ့ ကထိန်အလှူတစ်ခုတည်းကသာလျှင် မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်ငါးခုကို ခေတ္တခဏ ပယ်နုတ်နိုင်ပါတယ်။

အဲဒါကိုက အင်မတန် ထူးခြားမှုတစ်ခုပါပဲ။ ကထိန်အလှူကို အထူးခြားဆုံးအလှူလို့ ပြောရတာ ဒီအချက်က အဓိကပဓာန အကျဆုံးပါပဲ။ ဒီအချက်တစ်ခုတည်းနဲ့ကို ကထိန်အလှူဟာ အထူးခြားဆုံးအလှူဖြစ်နေပါပြီ။

■

http://www.dhammadownload.com

## ဘယ်သွားသွားလွတ်လွတ်လပ်လပ်သွားနိုင်တယ်

အဲဒီတော့ တရားနာပရိသတ်များရဲ့ ကထိန်သက်န်းကနေ ပယ်နုတ်ပေးလိုက်တဲ့ သိက္ခာပုဒ်ငါးခုက ဘာလဲဆိုတော့ ပထမဆုံးက အနာမန္တစာရတဲ့။

ပါဠိလို အနာမန္တစာရဆိုတာ မြန်မာလိုအဓိပ္ပာယ်က . . .

သံဃာတော်များမှာ နဂိုတုန်းက သိက္ခာပုဒ်တစ်ခုရှိတယ်။ မြို့ထဲရွာထဲက ဒကာ၊ ဒကာမ အိမ်တစ်အိမ်က ဆွမ်းစားပင့်ထားတယ်ဆိုရင် အဲဒီအိမ်မှာ ပင့်ထားတဲ့ဆွမ်းကို မစားခင်မှာပဲဖြစ်ဖြစ်၊ ဆွမ်းစားပြီးနောက်ပိုင်း, ဆွမ်းစားအပြန်နောက်ပိုင်းမှာပဲဖြစ်ဖြစ်၊ အပြန်ဆိုတာ ဆွမ်းစားအိမ်ကနေ လမ်းခရီးအပြန်ကို ပြောတာမဟုတ်ဘူး။ တစ်နေ့လုံးပါတယ်။

အဲဒီတော့ အဲဒီ ဆွမ်းမစားခင်အချိန်မှာပဲဖြစ်ဖြစ်၊ ဆွမ်းစား

http://www.dhammadownload.com

ပြီးနောက်ပိုင်းအချိန်မှာပဲဖြစ်ဖြစ် ရပ်ထဲရွာထဲ အကြောင်းကိစ္စ တစ်ခုခုနဲ့ ထွက်စရာရှိတယ်ဆိုရင် ကျောင်းတိုက်ထဲမှာရှိတဲ့၊ မိမိရဲ့ မျက်မှောက်မှာ ထင်ရှားရှိတဲ့ သံဃာတစ်ပါးပါးကို ပန်ပြောပြီးမှ သွားရတယ်။

'တပည့်တော် ဘယ်သွားမလို့ပါဘုရား။ ဘာကိစ္စနဲ့ ဘယ်နေရာကို ကြွမလို့ပါဘုရား' စသည်အားဖြင့် ထင်ရှားရှိတဲ့ ရဟန်းသံဃာတစ်ပါးပါးကို ပန်ပြောပြီးတော့မှ မြို့ထဲရွာထဲကို သွားခွင့်ရှိတယ်။

ဘယ်သူ့မှမပန်ပြောဘဲနဲ့ 'ငါဆရာတော်ပဲ၊ ဘယ်သူ့မှမပြောဘူး၊ ငါသွားချင်ရာသွားမယ်။ အို ငါသွားချင်ရာသွားတာပဲ၊ မဟုတ်တာလုပ်တာမှ မဟုတ်တာ၊ ကိုယ့်သဘောနဲ့ကိုယ် သွားမယ်၊ အချိန်တန်ပြန်မှာပဲဥစ္စာ' အဲဒီလို ကိုယ့်သဘောနဲ့ကိုယ် ဘယ်သူ့မှ မလျှောက်ထားဘဲနဲ့၊ ဘယ်သူ့မှမပန်ပြောဘဲနဲ့၊ ဘယ်သူ့မှ အကြောင်းမကြားဘဲနဲ့မြို့ထဲရွာထဲကို သွားခွင့်မရှိပါဘူး။

ကျောင်းတိုက်ထဲမှာရှိတဲ့ သံဃာတစ်ပါးပါးကို မပန်ပြောဘဲနဲ့ မြို့ထဲရွာထဲသွားရင် အပြစ်ရှိပါတယ်။ အာပတ်သင့်ပါတယ်။ ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်လို့ ကထိန်အာနိသင်ရသွားပြီဆိုရင်တော့ မြို့ထဲရွာထဲ အကြောင်းကိစ္စရှိလို့ သွားမယ်ဆိုရင် ဘယ်သူ့မှ မလျှောက်ထားဘဲ၊ ဘယ်သူ့မှ မပန်ပြောဘဲ၊ ဘယ်သူ့မှ အကြောင်းမကြားဘဲနဲ့လည်း လွတ်လွတ်လပ်လပ် ကိုယ့်သဘောနဲ့ကိုယ် သွားလို့ရပါပြီ။ အဲဒီလို သွားလိုက်လို့လည်းပဲ အာပတ်မသင့်တော့ပါဘူး။ အပြစ်မရောက်တော့ပါဘူး။

သို့သော်လည်း ယဉ်ကျေးမှုစည်းကမ်းအရတော့ ပြောရမှာ

http://www.dhammadownload.com

ပေါ့။ ဘယ်သွားတယ်၊ ဘာလုပ်တယ်၊ ဒါတွေပြောမှလည်း ကျောင်းတိုက်မှာရှိတဲ့ သံဃာတော်တွေက ဘယ်ကိုယ်တော် ဘယ်သွားတာပဲ ဆိုတာ သိပြီး အကြောင်းကိစ္စရှိတဲ့အခါ ဆက်သွယ်လို့ရတာပေါ့၊ ပြောလို့ဆိုလို့ ရတာပေါ့။

■

http://www.dhammadownload.com

## ဘာလုပ်လုပ် ပေါ့ပေါ့ပါးပါးလုပ်နိုင်တယ်

နောက်တစ်ခုကတော့ အသမာဒါနစာရ . . . တဲ့။ အသမာဒါနစာရ ဆိုတာကတော့ . . .

သံဃာတော်များဟာ တိစီဝရိက်အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းကို တစ်ညမှ ကိုယ်နဲ့ ကင်းကွာနေခွင့် မရှိပါဘူး။ မိမိ တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့သင်္ကန်း၊ ဧကသီရယ်၊ သင်းပိုင်ရယ်၊ နှစ်ထပ်သင်္ကန်းကြီးရယ် ဒီသုံးထည်ကို နောက်တစ်နေ့အရုဏ်တက်တဲ့အချိန်မှာ ကိုယ့်ရဲ့ နှစ်တောင့်ထွာပတ်ဝန်းကျင်မှာ ရှိနေရမယ်။

ခန္ဓာကိုယ်မှာ ဝတ်ထားလို့ပဲဖြစ်ဖြစ်၊ မဝတ်ရင်လည်း ကိုယ့်ရဲ့ နှစ်တောင့်ထွာအတွင်းမှာ ခေါက်ထားပြီးတော့ပဲဖြစ်ဖြစ် ရှိနေရမယ်။ ကိုယ့်ရဲ့ နှစ်တောင့်ထွာအတွင်းမှာ အဲဒီ တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းသုံးထည် မရှိဘူးဆိုရင် အာပတ်သင့်သွားပြီ၊ အပြစ်

http://www.dhammadownload.com

ရှိသွားပြီ။

ဒီနေရာမှာ တိစီဝရိက်အဓိဋ္ဌာန်ဆိုတဲ့ အဓိပ္ပာယ်လေးကို နည်းနည်းလေး အာရုံပြုကြည့်ရအောင်။ တိစီဝရိက်ဆိုတာကတော့ 'တိ' ဆိုတာ သုံးခုပါပဲ။ 'စီဝရိက်' ဆိုတာ သင်္ကန်းပဲပေါ့။

ဝိနည်း တိစီဝရိက်အဓိဋ္ဌာန်တင်တယ်ဆိုတာကတော့ ဧကသီ တစ်ခုကိုလည်း ဤသင်္ကန်းကို ဧကသီအဖြစ်နဲ့ အသိအမှတ်ပြုပြီး အသုံးပြုပါမယ်။ ဧကသီမှတ်မှတ်နဲ့ အသုံးပြုပါမယ်။ ဒီလို အဓိဋ္ဌာန် တင်ထားရတယ်။

သင်းပိုင်တစ်ခုကိုလည်းပဲ ဤသင်္ကန်းကို သင်းပိုင်အဖြစ်နဲ့ အသိအမှတ်ပြုပြီး အသုံးပြုပါမယ်။ သင်းပိုင်မှတ်မှတ်နဲ့ အသုံးပြုပါ မယ်။ အဲဒီလိုအဓိဋ္ဌာန်တင်ထားရတယ်။

နှစ်ထပ်သင်္ကန်းကြီးတစ်ခုကိုလည်း ဤသင်္ကန်းကြီးကို နှစ် ထပ်သင်္ကန်းကြီးအဖြစ်နဲ့ အသိအမှတ်ပြုပြီး အသုံးပြုပါမယ်။ နှစ်ထပ် သင်္ကန်းကြီးမှတ်မှတ်နဲ့ အသုံးပြုပါမယ်။ အဲဒီလို အဓိဋ္ဌာန်တင်ထားရ တယ်။

အဲဒီလိုအားဖြင့် ဧကသီတစ်ထည်၊ သင်းပိုင်တစ်ထည်၊ နှစ် ထပ်သင်္ကန်းကြီးတစ်ထည်၊ သင်္ကန်းသုံးထည်ကို သူ့ဆိုင်ရာဆိုင်ရာ နာမည်တွေနဲ့ အဓိဋ္ဌာန်တင်တာကို တိစီဝရိက်အဓိဋ္ဌာန်တင်တယ်လို့ ခေါ်တယ်။ သုံးထည်ထက်ပိုပြီးတော့ အဓိဋ္ဌာန်တင်လို့မရဘူး။ အဲဒီ သုံးထည်ကို ဝိနည်းတိစီဝရိက်အဓိဋ္ဌာန်တင်ထားတဲ့သင်္ကန်းလို့ ခေါ် ပါတယ်။

အဲဒီ ဝိနည်းတိစီဝရိက်အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းဟာ

http://www.dhammadownload.com

အရုဏ်တက်တဲ့အချိန်မှာ ကိုယ့်နှစ်တောင့်ထွာအတွင်း ရှိနေရမယ်။ မရှိရင် အာပတ်သင့်ပါတယ်။

တိစီဝရိက်က နှစ်မျိုးရှိတယ်။ ခုပြောတာက ဝိနည်းတိစီဝရိက်။ ဓုတင်တိစီဝရိက်ဆိုတာကလည်း ရှိသေးတယ်။

ဓုတင်ဆောင်တဲ့ပုဂ္ဂိုလ်များလည်း သင်္ကန်းသုံးထည်ပဲ ထားရတယ်။ အဲဒီ ဓုတင်တိစီဝရိက်ဆောင်ထားတဲ့သူကတော့ သင်္ကန်းသုံးထည်ထက် ပိုထားခွင့်မရှိဘူး။ သင်္ကန်းကြီးရယ်၊ သင်းပိုင်ရယ်၊ ဧကသီရယ်၊ ဒါပဲ ထားရတယ်။

ခုန ဝိနည်းတိစီဝရိက်အဓိဋ္ဌာန်တင်ထားတဲ့ ရဟန်းတော်က သုံးထည်ကိုသာ သင်းပိုင်မှတ်မှတ်၊ ဧကသီမှတ်မှတ်၊ သင်္ကန်းကြီးမှတ်မှတ် အဓိဋ္ဌာန်တင်ထားပြီး ကျန်တဲ့သင်္ကန်းတွေကိုတော့ ဆယ်စုံပဲဖြစ်ဖြစ်၊ အစုံတစ်ရာပဲဖြစ်ဖြစ်၊ အစုံတစ်သိန်းပဲဖြစ်ဖြစ်၊ အစုံ တစ်ကုဋေပဲဖြစ်ဖြစ် ပရိက္ခာရစောဠအဓိဋ္ဌာန်လို့ခေါ်တဲ့ သာမန်အဝတ်အဖြစ်၊ သာမန်အသုံးအဆောင်သင်္ကန်းအဖြစ်နဲ့ပဲ အဓိဋ္ဌာန်တင်ထားလို့ရှိရင် အစုံပေါင်းများစွာ သိမ်းဆည်းထားပိုင်ခွင့်ရှိပါတယ်။ သိမ်းဆည်းထားလို့လည်းပဲ ဘာအာပတ်မှ မသင့်ပါဘူး။

ဓုတင်တိစီဝရိက်ဆောင်တဲ့ ရဟန်းတော်ကတော့ သုံးထည်ကလွဲလို့ ဘာသင်္ကန်းမှ အပိုမထားရပါဘူး။ သင်းပိုင်ကလေးတစ်ခုတော့ အပိုထားလိုက်ဦးမယ်လေ၊ ဧကသီကလေးတစ်ခုတော့ အပိုထားလိုက်ဦးမယ်လေဆိုပြီးတော့ အပိုသင်္ကန်းထားခွင့်မရှိပါဘူး၊ သင်္ကန်းသုံးထည်ပဲ ထားရပါတယ်။

ဒီတော့ ရဟန်းတော်များ သင်္ကန်းအသုံးပြုတဲ့နေရာမှာ

http://www.dhammadownload.com

သုံးနည်းရှိတယ်ပေါ့။ ရှိရှိသမျှ သင်္ကန်းအားလုံးကို ပရိက္ခာရစောဠလို့ ခေါ်တဲ့ သာမန်အသုံးအဆောင်သင်္ကန်း၊ သာမန်အဝတ်အထည် သင်္ကန်းအဖြစ်နဲ့ပဲ အဓိဋ္ဌာန်တင်ပြီးတော့ အသုံးပြုတာက တစ်နည်း။

နောက်တစ်နည်းကတော့ ဝိနည်းတိစီဝရိက် လို့ခေါ်တဲ့ သင်္ကန်းသုံးထည်ကို သင်းပိုင်မှတ်မှတ်၊ ဧကသီမှတ်မှတ်၊ သင်္ကန်းကြီး မှတ်မှတ်နဲ့ အသုံးပြုပါမယ်လို့ အဓိဋ္ဌာန်တင်ပြီး အသုံးပြုတာ။

လောကမှာ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းပါမယ် ဆိုတဲ့အဓိပ္ပာယ်နဲ့ စာချုပ်မှာ လက်မှတ်ထိုးပြီးတော့ မခွဲမခွာ ပေါင်း သင်းသလိုပဲပေါ့။ ဒီသင်္ကန်း သုံးထည်ကိုတော့ သင်းပိုင်မှတ်မှတ်၊ ဧက သီမှတ်မှတ်၊ သင်္ကန်းကြီးမှတ်မှတ်နဲ့ အသုံးပြုပါမယ်လို့ လက်မှတ် ထိုးပြီးတော့ မခွဲမခွာ အသုံးပြုလိုက်တဲ့သဘောပါပဲ။ ဒါက ဝိနည်းတိစီ ဝရိက်နည်းနဲ့ အသုံးပြုတာပါ။

နောက်တစ်နည်းကတော့ ဓုတင်တိစီဝရိက်အဖြစ်နဲ့ အသုံးပြု တာပါ။ သင်္ကန်းသုံးထည်ကလွဲရင် အဝတ်မှန်သမျှ ဘာမှမထားဘဲနဲ့ နေထိုင်ကျင့်သုံးကြတဲ့နည်းပါပဲ။ သင်္ကန်းများများထားရင် ကိလေ သာများများဖြစ်တယ်လို့ ယူဆပြီး ကိလေသာကို ခါတွက်ဖျက်ဆီးတဲ့ အနေနဲ့ ကျင့်သုံးကြတာပါပဲ။ (ဓုတင်=ကိလေသာကို ခါချခြင်း၏ အကြောင်း။)

ဝိနည်းတိစီဝရိက်အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်း ကိုယ့်ရဲ့ နှစ် တောင့်ထွာတွင်းမှာ မရှိဘဲနဲ့ အရုဏ်တက်သွားရင် အာပတ်သင့်တယ်။ ဒါပေမဲ့ ခုကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်ပြီဆိုရင်တော့ ကထိန် အာနိသင်ရတဲ့ သံဃာတော်များဟာ နှစ်တောင့်ထွာမကလို့ နှစ်မိုင်ပဲ

http://www.dhammadownload.com

ဝေးဝေး၊ မိုင်နှစ်ဆယ်ပဲဝေးဝေး၊ မိုင်ပေါင်းနှစ်ကုဋေပဲဝေးဝေး ထား လို့ရပါပြီ။ အရဏ်တက်တဲ့အချိန်မှာ ကိုယ့်အနားမှာ မရှိလည်းပဲ ဘာ အာပတ်မှ မသင့်တော့ပါဘူး။ ဘာအပြစ်မှ မဖြစ်တော့ပါဘူး။ တ ပေါင်းလပြည့်အထိပေါ့။

■

http://www.dhammadownload.com

## ဘာစားစား ရဲရဲတင်းတင်းစားနိုင်တယ်

နောက်တစ်ခုက ဂဏဘောဇနတဲ့။ ဂဏဘောဇနဆိုတာက တော့ . . .

လူဝတ်ကြောင် ပုဂ္ဂိုလ်များက သာသနာသုံး သံဃာတော်သုံး ဝေါဟာရနဲ့ မဟုတ်ဘဲ လူဝတ်ကြောင်သုံးဝေါဟာရနဲ့ သံဃာတော်များ ကို ဆွမ်းစားပင့်တယ်။

အရှင်ဘုရား၊ တပည့်တော်တို့အိမ် သံဃာငါးပါး ထမင်းစား ကြွပါ။ တပည့်တော်တို့အိမ် သံဃာငါးပါး မုန့်ဟင်းခါးစားကြွပါ၊ တ ပည့်တော်တို့အိမ် သံဃာငါးပါး ခေါက်ဆွဲစားကြွပါလို့ မအပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ဆွမ်းစားပင့်တယ်။

အဲဒီလို ဆွမ်းကို သံဃာတော်လေးပါးနဲ့ လေးပါးအထက် တစ်ပေါင်းတည်း ကြွရောက်ပြီးတော့ မဘုဉ်းပေးကောင်းပါဘူး။ မသုံး

http://www.dhammadownload.com

ဆောင်ကောင်းပါဘူး။ မအပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ဆွမ်းစားပင့်တဲ့ ဆွမ်းမျိုးကို ဘုဉ်းပေးသုံးဆောင်လို့ရှိရင် အာပတ်သင့်ပါတယ်။ အပြစ်ဖြစ်ပါတယ်။

တစ်ပါး၊ နှစ်ပါး၊ သုံးပါးအထိတော့ ဘုဉ်းပေးကောင်းပါတယ်။ တစ်ပါးတည်းကို မအပ်စပ်တဲ့အသုံးအနှုန်းနဲ့ ပင့်ဖိတ်ရင်တော့ ဘုဉ်းပေးကောင်းတယ်နော်။

ဒီနေ့ ကထိန်အလှူရှင်များ လှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်ပြီဆိုရင်တော့ ကထိန်အာနိသင်ရတဲ့ သံဃာတော်များဟာ မအပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ဘယ်လိုပဲလျှောက်လျှောက် ဘယ်လိုပဲ ဆွမ်းစားပင့်ပင့် တစ်ပေါင်းတည်း ကြွရောက်ပြီးတော့ ဆွမ်းဘုဉ်းပေးကောင်းသွားပါပြီ။

တချို့ကလည်း သိပ်ပြီးတော့ ကပ္ပိယဝေါဟာရ နားမလည်ဘူး။ ကပ္ပိယဝေါဟာရဆိုလို့ ကပ္ပိယ ဆိုတာဘာလဲ။

'.... .... ....'

ကပ္ပိယ၊ ကပ္ပိယနဲ့ ပြောသာပြောနေကြတယ်၊ ကပ္ပိယဆိုတာ ဘာမှန်းမသိတဲ့သူက အများကြီးနော်။

ကပ္ပိယဆိုတာ ပါဠိစကားပါ။ 'ကပ္ပိယ' ဆိုတဲ့ ပါဠိကို မြန်မာလို တိုက်ရိုက်ပြန်ရင်တော့ 'အပ်စပ်အောင်လုပ်ပေးတဲ့သူ' လို့ အဓိပ္ပာယ်ရပါတယ်။ ပါဠိအပြည့်အစုံကတော့ 'ကပ္ပိယကာရက' ပေါ့။ ကာရကကို ဖြုတ်ပြီး ကပ္ပိယလို့ပဲ ပြောနေကြတာပါ။ (ကပ္ပိယ - အပ်စပ်အောင်၊ ကာရက - ပြုလုပ်ပေးသူ။)

ကျောင်းမှာ ကပ်ပြီးနေတဲ့သူကို ကပ္ပိယလို့ခေါ်တာ မဟုတ်

http://www.dhammadownload.com

ဘူးနော်။ ကပ်ပြီးရလို့ ကပ္ပိယလို့ခေါ်တာလည်း မဟုတ်ဘူးနော်။ တချို့ ကပ္ပိယတွေကတော့လည်း ကပ်ပြီးရအောင် လုပ်တာရှိတာပေါ့။ မရရအောင်ကို လုပ်တာ။ မတော်လောဘနဲ့ ကိုယ်ကျိုးစီးပွားရှာတဲ့ အဲဒီလို ကပ်ပြီး ရကို 'ကပ္ပိရိတ်' လို့လည်း ခေါ်ကြပါတယ်။ ကပ်ပြီး ရိတ်လို့လေ။ 'ကပ္ပိရိုက်' လို့လည်း ခေါ်ကြပါတယ်။ ကပ်ပြီး ရိုက်စား လုပ်လို့လေ။

ကပ္ပိယဆိုတာ ရဟန်းသံဃာတွေရဲ့ အမှုကိစ္စကို ဝိနည်းနဲ့အညီ အပ်အပ်စပ်စပ်ဖြစ်အောင် ပြုလုပ်ပေးတဲ့သူ လို့ အဓိပ္ပာယ်ရပါတယ်။ ရဟန်းသံဃာတွေ ကိုယ်တိုင်လုပ်ရင် မအပ်မစပ်ဖြစ်မယ့် အမှုကိစ္စမျိုးကို အပ်စပ်သွားအောင် လုပ်ပေးတတ်လို့ ကပ္ပိယလို့ ခေါ်ပါတယ်။

ကျောင်းမှာနေပြီး ထမင်းချက်တာ၊ ဟင်းချက်တာမျိုးလောက်ကို ဆိုလိုတာ မဟုတ်ဘူးနော်။ ထမင်းချက်၊ ဟင်းချက်တဲ့ကိစ္စလည်း ပါတော့ပါတာပေါ့။ ဘုန်းကြီးက ကိုယ်တိုင်မှ မချက်ကောင်းပဲ။ ကိုယ်တိုင်ချက်လို့ရှိရင် မအပ်စပ်ဘူး။ ဒကာက ချက်ပေးတော့ အပ်စပ်သွားတယ်။ ဒါကြောင့် ဒီဒကာကို ကပ္ပိယ လို့ ခေါ်တယ်။

သံဃာတော်တွေ နဝကမ္မ မကိုင်ကောင်းဘူး။ ဒကာတွေကနေ ကပ္ပိယအဖြစ်နဲ့ လက်ခံတယ်။ ဒါ အပ်စပ်သွားတာပေါ့။

အဲဒီလိုအားဖြင့် သံဃာတော်များကိုယ်တိုင် မလုပ်ကောင်းတဲ့ကိစ္စတွေ၊ မအပ်စပ်တဲ့ကိစ္စတွေ အပ်စပ်အောင် လုပ်ပေးတဲ့အတွက်ကြောင့် အပ်စပ်အောင် လုပ်ပေးတဲ့အချိန်မှာ ဘယ်သူ့ကိုမဆို ကပ္ပိယ လို့ခေါ်ပါတယ်နော်။

http://www.dhammadownload.com

ဘုန်းကြီးကျောင်းမှာနေမှ ကပ္ပိယလို့ခေါ်တာ မဟုတ်ပါဘူး။ အရပ်ထဲမှာနေရင်းလည်း ဘုန်းကြီးရဲ့ ဝေယျာဝစ္စ တစ်ခုခုကို လုပ်ပေးလိုက်ရင် အဲဒီလို လုပ်ပေးနေတဲ့အခိုက်အတန့်မှာ သူ့ကို ကပ္ပိယလို့ခေါ်နိုင်ပါတယ်နော်။ အမျိုးသားကိုမှ ကပ္ပိယလို့ခေါ်တာ မဟုတ်ပါဘူး။ အပ်စပ်အောင်လုပ်ပေးရင် အမျိုးသမီးကိုလည်း ကပ္ပိယလို့ ခေါ်နိုင်ပါတယ်။

အဲဒီတော့ အပ်စပ်တဲ့အသုံးအနှုန်းလေးတွေနဲ့ ဆွမ်းစားပင့်တတ်ဖို့လိုတယ်နော်။ ဦးဇင်းတို့ တောင်စွန်းဘက်မှာ တောရဆောက်တည်တုန်းက ရွာထဲက လူငယ်လေးတစ်ယောက်က သူတို့အိမ်မှာ ဘုန်းကြီးငါးပါး နေ့ဆွမ်းစားပင့်ဖို့ကိစ္စရှိတယ်။ အဖေက သားဖြစ်သူကို ဘုန်းကြီးတွေကို ဆွမ်းစားသွားပင့်လိုက်ဖို့ ခိုင်းလိုက်တော့ သူက စက်ဘီးတစ်စီးနဲ့ အပြေးအလွှား ထွက်သွားတယ်။

တခြားအပေါင်းအသင်းတွေနဲ့ သွားစရာလာစရာကိစ္စတွေကလည်း ရှိနေတော့ အပြေးအလွှား သွားပြီးတော့ စက်ဘီးပေါ်က တောင် မဆင်းပါဘူး။ ခြေထောက်နဲ့ ထောက်ပြီးတော့ လှမ်းအော်လိုက်တယ်။

'အရှင်ဘုရားတို့၊ မနက်ဖြန် ဘုန်းကြီးငါးပါး တပည့်တော်တို့အိမ်မှာ ဝါးကြောပဲ' တဲ့။ မနက်ဖြန် ဘုန်းကြီးငါးပါး တပည့်တော်တို့အိမ် ဝါးကြောပဲလို့ အော်ပြီး တစ်ခါတည်း စက်ဘီးနင်းပြီး ထွက်သွားတယ်။

နောက်တစ်နေ့ နေ့ဆွမ်းစားချိန်ရောက်တော့ ဆယ့်တစ်နာရီထိုးလို့လည်း သံဃာတော်တွေက ကြွမလာသေးဘူး။ ဆယ့်တစ်နာရီခွဲ

http://www.dhammadownload.com

လို့လည်း ကြွမလာသေးဘူး။ ဒါနဲ့ သူ့အဖေက ပြောတယ်။ မင်းသေချာ မပင့်ခဲ့ဘူးလား။ ပင့်တာပဲ၊ သူတို့ ဘာကြောင့်မလာလဲ မသိဘူး။

အဲဒါနဲ့ အဖေကိုယ်တိုင်လိုက်သွားပြီး အရှင်ဘုရားတို့ ဘာကြောင့် ဆွမ်းစားမကြွတာလဲ။ ဟ - ငါတို့ဘယ်သူမှလည်း ဆွမ်းစားမပင့်ပါလား။ မနေ့က တပည့်တော်သား သာအေးကို ပင့်ခိုင်းလိုက်တယ်ဘုရား။ လာမပင့်ဘူးလား။ အေး - သာအေးကလာပြီး ပြောတော့ ပြောသားပဲ။ ဒါပေမဲ့ တပည့်တော်တို့အိမ် မနက်ဖြန် ဘုန်းကြီးငါးပါး ဝါးကြောပဲဆိုတော့ ဘာမှန်းမသိလို့ တို့မကြွတာပေါ့ တဲ့။ ကဲ- ကောင်းကြသေးရဲ့လား။

အဲဒီလို လျှောက်တဲ့ပုဂ္ဂိုလ်တွေကလည်း ရှိတာပါပဲ။ ခုကထိန် အာနိသင်ရပြီဆိုရင်တော့ ဝါးကြောလို့ပဲ လျှောက်လျှောက်၊ ဝိုက်ကြောလို့ပဲလျှောက်လျှောက်ပေါ့လေ။ လျှောက်ချင်သလိုလျှောက်၊ ကထိန် အာနိသင်ရတဲ့ သံဃာတော်များဟာ မအပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ပင့်တဲ့ဆွမ်းကို ဘုဉ်းပေးကောင်းပါတယ်။

■

http://www.dhammadownload.com

## ဘယ်လောက်ရရပြည့်ပြည့်သိပ်သိပ်သိမ်းနိုင်တယ်

နောက်တစ်ခုကတော့ ယာဝဒတ္ထစီဝရ တဲ့။ယာဝဒတ္ထစီဝရ ဆိုတာကတော့ . . . .

ရဟန်းသံဃာတော်များဟာ မိမိတို့ကို လှူဒါန်းထားတဲ့ သင်္ကန်းတွေကို ဆယ်ရက်အတွင်းမှာ အဓိဋ္ဌာန်တင်၊ ဝိကပ္ပနာပြုပြီးတော့မှ သိမ်းဆည်းထားလို့ ရပါတယ်။ အဓိဋ္ဌာန်၊ ဝိကပ္ပနာ ဝိနည်းကံတစ်ခုခု ပြုမထားဘဲနဲ့ ဒကာ၊ ဒကာမလာလှူတဲ့ သင်္ကန်းတွေကို နိဗ္ဗာနဿ ပစ္စယော ဟောတု ဆိုပြီး အလှူခံ၊ ပြီးတော့ ဗီရိုထဲမှာ သွားထည့်ထားလိုက်တယ်။ အဲဒီလိုဆိုရင် ဆယ်ရက်ကျော်သွားတာနဲ့ အဲဒီသင်္ကန်းတွေကို မသုံးကောင်းတော့ဘူး။

စွန့်ပစ်လိုက်ရတော့မယ်။ စွန့်လည်း စွန့်လိုက်ရမယ်၊ သိက္ခာပုဒ်ကိုလည်း ဒေသနာကြားပြီးတော့ အာပတ်ဖြေရမယ်။ ဆယ်ရက်

http://www.dhammadownload.com

အတွင်းမှာ အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်းဆိုတဲ့ ဝိနည်းကံတစ်ခု ကို ပြုထားမှသာ အဲဒီသင်္ကန်းကို သိမ်းထားခွင့်ရှိပါတယ်။

အခု ကထိန်အာနိသင်ရတဲ့ သံဃာတော်များကတော့ ဆယ်ရက်မကလို့ ဘယ်နှရက်ပဲဖြစ်ဖြစ်၊ လကျော်ပြီးပဲဖြစ်ဖြစ်၊ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲနဲ့ ငါးလအတွင်းမှာ လွတ်လပ်စွာ သင်္ကန်းကို သိမ်းဆည်းထားခွင့် ရသွားပါတယ်။

■

http://www.dhammadownload.com

## ဘယ်လောက်ပေးပေး သန့်သန့်မောက်မောက်ရနိုင်တယ်

နောက်တစ်ခုကတော့ ယော စ တတ္ထ စီဝရုပ္ပါဒ တဲ့။ ယော စ တတ္ထ စီဝရုပ္ပါဒဆိုတာကတော့ . . .

ကျောင်းတိုက်တစ်တိုက်အတွင်းမှာ သံဃဿ ဒေမလို့ ဆိုပြီးတော့ သံဃာကို ရည်စူးပြီးတော့ သင်္ကန်းလှူဒါန်းကြပြီဆိုရင် အဲဒီ သင်္ကန်းကို အဲဒီကျောင်းတိုက်အတွင်းမှာရှိတဲ့ သံဃာတော်အားလုံး ခွဲဝေပြီးတော့ ယူကြရပါတယ်။

ကျောင်းတိုက်ရဲ့ ပဓာနဆရာတော်က ကိုယ့်ဆီလာပြီးတော့ သံဃဿ ဒေမဆိုပြီး လှူထားတာကို ငါ့ကိုလှူတာ ငါပိုင်တယ်ဆိုပြီး ဒီလို ဆုံးဖြတ်လို့မရပါဘူး။ ပဓာနဆရာတော် တစ်ပါးတည်းကိုပဲ သံဃဿ ဒေမဆိုပြီး လှူပေမယ့် သံဃဿ ဒေမလို့ နှုတ်မြွက်ပြီးလှူဒါန်းထားတာဖြစ်လို့ အဲဒီသင်္ကန်းကို အဲဒီကျောင်းတိုက်အတွင်းမှာရှိတဲ့

http://www.dhammadownload.com

သံဃာတော်အားလုံး ဆိုင်ပါတယ်။

ငါးပါးရှိရင် ငါးပါးလုံးဆိုင်တယ်။ ဆယ်ပါးရှိရင် ဆယ်ပါးလုံး ဆိုင်တယ်။ အပါးတစ်ရာရှိရင် အပါးတစ်ရာလုံး ဆိုင်ပါတယ်။ ကျောင်းတိုက်အတွင်းမှာရှိတဲ့ သံဃာတော်အားလုံး ခွဲဝေယူကြရမှာ ဖြစ်ပါတယ်။

အပါးစေ့ မဝေလောက်ရင်လည်း မဲချပြီး ယူရမှာဖြစ်ပါတယ်။ မဲချပြီး မယူချင်ဘူးဆိုရင်လည်း သံဃာတော်များ သဘောတူညီချက်နဲ့ နွမ်းပါးတဲ့သံဃာတစ်ပါးပါးကို ပေးရမယ့်တာဝန်ရှိပါတယ်။

သံဃာတော်များအပိုင်းက 'သံဃဿ ဒေမ' လို့ မြွက်ဆိုပြီးတော့ ဒကာ၊ ဒကာမများ လှူဒါန်းလာတဲ့သင်္ကန်းအပေါ် ဝိနည်းစည်းကမ်းအတိုင်း အဲဒီလို အသုံးပြုရပါတယ်။

ဒီနေရာမှာ ဒကာ ဒကာမတွေအနေနဲ့ ကောက်ချက်တစ်ခု ချခဲ့ပေ့ါ။ သံဃာလှူတာ အကျိုးပိုကြီးတယ်ဆိုပြီး နေရာတကာ နှုတ်က 'သံဃဿ ဒေမ' လို့ မဆိုမိပါစေနဲ့။ ကိုယ်ကြည်ညိုတဲ့ ဆရာတော်သုံးဖို့ပဲ ရည်ရွယ်တာဆိုရင် 'သံဃဿ ဒေမ' လို့ ထည့်ဆိုစရာ ပလိုပါဘူး။ 'နိဗ္ဗာနပစ္စယော ဟောတု' ဆိုရင် လုံလောက်ပါတယ်။ စိတ်ထဲကတော့ သံဃာ့ဂုဏ်ကို အာရုံပြုပြီး သံဃာကို ရည်စူးထားပေ့ါ။

အိမ်ရှေ့ဆွမ်းခံကြွတဲ့ ရဟန်းတော်များ၊ လမ်းပေါ် ဆွမ်းခံကြွတဲ့ ရဟန်းတော်များကို ဆွမ်းလောင်းလှူရင်လည်း . . နည်းတူပါပဲ။ 'သံဃဿ ဒေမ' လို့ ဆိုပြီး ဆွမ်းတစ်ဇွန်း လောင်းလိုက်ရင် အဲဒီဆွမ်းကို ဆယ့်နှစ်တောင် ပတ်ဝန်းကျင်က တွေ့သမျှ ရဟန်းတော်တွေနဲ့ ခွဲဝေသုံးစွဲရတော့မယ်။ သံဃာပိုင်ဆွမ်း ဖြစ်သွားပြီကိုး။

http://www.dhammadownload.com

'သံဃာသ ဒေမ' နဲ့ ပတ်သက်လို့ ပြောစရာတွေက အများကြီးပါပဲ။ နောင်ကြုံမှပဲ အကျယ်ချဲ့ပြောကြတာပေါ့။

အခုကထိန်အာနိသင်ရသွားပြီ ဆိုရင်တော့ သံဃာသ ဒေမ ဆိုပြီးတော့ သင်္ကန်းကိုသံဃိက (သံဃာပိုင်)အဖြစ်နဲ့ လာလှူလို့ရှိရင် အဲဒီသင်္ကန်းကို ကျောင်းတိုက်အတွင်းမှာရှိတဲ့ သံဃာတော်တွေ အားလုံး ခွဲဝေယူစရာ မလိုတော့ဘူး။ ကထိန်အာနိသင်ရတဲ့ သံဃာတော်တွေပဲ ခွဲဝေယူရတော့မယ်။

သံဃာ ဆယ်ပါးရှိတဲ့အချိန်မှာ ကထိန်ခင်းထားတယ်။ သံဃာ ဆယ်ပါးက အနုမောဒနာပြုလို့ ကထိန်အာနိသင်ရထားတယ်။ နောက်ရက်ပိုင်း၊ နောက်လပိုင်းကြာမှ တခြားကျောင်းတိုက်က ငါးပါး လောက် ကြွလာတယ် ဆိုပါတော့။ ဆယ့်ငါးပါး ဖြစ်သွားတယ်။

အဲဒီအချိန်မှာပဲ ဒကာ၊ ဒကာမတစ်ယောက်က သင်္ကန်းဆယ့်ငါးစုံ လာလှူတယ်။ သံဃာသ ဒေမပါဘုရား ဆိုပြီးတော့ သင်္ကန်းဆယ့်ငါးစုံကို သံဃိကအဖြစ်နဲ့ လာလှူတယ်ဆိုရင် ဆယ့်ငါးပါးလုံး ခွဲယူစရာ မလိုပါဘူး။ ကထိန်အာနိသင်ရတဲ့ ဆယ်ပါးသာလျှင် ခွဲဝေယူလို့ ရပါတယ်။ နောက်မှကြွလာတဲ့ငါးပါးကို ခွဲဝေမပေးလည်း ရပါတယ်။

အဲဒီလို သံဃိကလာဘ်လာဘအဖြစ်နဲ့ ရလာတဲ့ သင်္ကန်းကို ကထိန်အာနိသင်ရတဲ့ သံဃာတော်တွေချည်းသာ ခွဲဝေယူခွင့်ရသွားတယ်။ ဒါကလည်းပဲ ကထိန်အလှူရှင်များ လှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းကနေ ပေးလိုက်တဲ့ထူးခြားမှုတစ်ခုပါပဲ။

တကယ်လို့ ကထိန်နုတ်ခဲ့မယ်ဆိုရင်တော့ သံဃိကသင်္ကန်း

http://www.dhammadownload.com

တွေကို ကထိန်အာနိသင်မရတဲ့ တခြားရဟန်းတော်တွေလည်း ဝေစု ရရှိနိုင်ပါတယ်။ ဒါပေမဲ့ ကထိန်နုတ်လိုက်မယ်ဆိုရင် ကထိန်အာနိသင် ငါးပါးလုံး ဘယ်သူမှ မရရှိတော့ပါဘူး။ ကထိန်အာနိသင်တွေ ပျက်ပြယ်သွားပါတယ်။

ကထိန်နုတ်တယ်ဆိုတာ ကထိန်ခင်းခြင်းအမှု၊ ကထိန်ကံကို ရုပ်သိမ်းလိုက်တာပါပဲ။ ကထိန်နုတ်ပြီးမှ နောက်ထပ် ကထိန်ထပ်ခင်းလို့ မရတော့ပါဘူး။

သံဃိကလာဘ်လာဘဖြစ်တဲ့ သက်န်းတွေကို သံဃာအား ူံး ရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကထိန်နုတ်တာပါ။ ကထိန်သာ မနုတ်ရင် သံဃိကသက်န်းတွေကို ဝါကျိုးဝါပြတ်သူ၊ ဒုတိယဝါဆိုသူ၊ တခြားကျောင်းတိုက်ကနေ နောက်ထပ်ရောက်လာသူတွေ မရနိုင်ပါဘူး။ ရခွင့်မရှိပါဘူး။ ကထိန်နုတ်လိုက်တဲ့အတွက် သံဃာအားလုံး ရခွင့်ရှိသွားပါတယ်။

သံဃိကသက်န်းဆိုတဲ့အထဲမှာ ကထိန်ခင်းထားတဲ့ ကျောင်းတိုက်ရဲ့ ဥပစာအတွင်းမှာ မိမိပိုင်ပစ္စည်းကို ဘယ်သူ့ကိုမှ မပေးမလှူဘဲ ပျံလွန်တော်မူသွားတဲ့ ရဟန်းရဲ့ သက်န်း(မတသန္တကသက်န်း)၊ 'သံဃာအားလှူပါ၏' ဆိုပြီး သံဃာကို လှူဒါန်းလို့ ရရှိလာတဲ့သက်န်း၊ ကထိန်ခင်းတဲ့ကျောင်းတိုက်ပိုင် လယ်ယာခြံမြေစသည်က ထွက်တဲ့ပစ္စည်းတွေနဲ့ လဲလှယ်လို့ ရရှိလာတဲ့ သက်န်း . . . စတဲ့ သံဃာပိုင်သင်္ကန်း မှန်သမျှ အကုန်ပါဝင်ပါတယ်။

■

http://www.dhammadownload.com

## ဆွမ်းဆို မြိန်မှု၊ သက်န်းဆို ကထိန်မှ

ပြန်ပြီးပေါင်းချုပ်လိုက်တော့ အကျိုးအာနိသင်ငါးပါးက ဘာတဲ့လဲ။

ပထမဆုံးအာနိသင်က အနာမန္တစာရ၊ မြို့ထဲရွာထဲ သွားတဲ့အခါ ဘယ်သူ့မှ လျှောက်ထားစရာမလိုဘူး။ ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် သွားနိုင်တယ်။

ဒုတိယမြောက်အာနိသင်က အသမာဒါနစာရ၊ ဝိနည်း တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းတွေကို သွားလေရာ ယူဆောင်သွားစရာ မလိုတော့ဘူး။

ခါတိုင်းတော့ အရုဏ်တက်တဲ့အချိန် နှစ်တောင့်ထွာအတွင်းမှာ ရှိရမှာဆိုတော့ ခရီးသွားတဲ့အခါ ဒီနှစ်ထပ်သင်္ကန်းကြီး မလိုအပ်ဘဲနဲ့လည်း ယူသွားရ၊ ကျောင်းဝင်းထဲ ဟိုနားဒီနားသွားလည်း နှစ်ထပ်

http://www.dhammadownload.com

သင်္ကန်းကြီး ပခုံးပေါ်တင်သွားရ စသည်အားဖြင့် သွားလေရာ ဒီ သင်္ကန်းကြီး ယူသွားနေရတော့၊ သွားလေရာ အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းသုံးထည်ကို ယူသွားနေရတော့ အလုပ်ရှုပ်တယ်၊ ဝန်ထုပ်ဝန်ပို ကြီးဖြစ်တယ်၊ ပင်ပန်းတယ်၊ အခုတော့ မပင်ပန်းတော့ဘူး။

တတိယမြောက်အာနိသင်က ဂဏဘောဇနေ၊ သာသနာနဲ့ မအပ်စပ်တဲ့ အသုံးအနှုန်းများနဲ့ ဒကာ၊ ဒကာမများက ဆွမ်းစားပင့် တာကိုလည်း လေးပါးနဲ့ လေးပါးအထက် သံဃာတော်များ ဘုဉ်းပေး သုံးဆောင်ကောင်းသွားပြီ။

လေးခုမြောက်အာနိသင်ကတော့ ဒကာ၊ ဒကာမများ လှူ ဒါန်းတဲ့ သင်္ကန်းတွေကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲနဲ့ လွတ်လွတ်လပ် လပ် သိမ်းဆည်းထားခွင့် ရှိသွားပြီ။

ငါးခုမြောက်အာနိသင်ကတော့ သံဃိကအဖြစ်နဲ့ လှူဒါန်း ထားတဲ့သင်္ကန်း လာဘ်လာဘတွေကို ကထိန်အာနိသင်ရတဲ့ သံဃာ တော်တွေပဲ ကွက်ပြီးတော့ ခွဲဝေသုံးစွဲခွင့် ရှိသွားပါတယ်။

သီတင်းကျွတ်လပြည့်ကျော် တစ်ရက်ကနေ တန်ဆောင်မုန်း လပြည့်နေ့အထိ ကထိန်ကာလတစ်လအတွင်းမှာတော့ ကထိန်မခင်း လည်း ကထိန်အာနိသင်ငါးပါးထဲက ဒုတိယအာနိသင်မှတစ်ပါး ကျန် အာနိသင်လေးပါးကို ရရှိပါတယ်။

ဝါကျိုး ဝါပြတ်တဲ့သူ၊ ဒုတိယဝါဆိုတဲ့သူနဲ့ တခြားကျောင်း တိုက်မှာနေတဲ့သူတွေကတော့ ကထိန်အာနိသင်ငါးပါးလုံး မရနိုင် ပါဘူး။

မလိုက်နာ မကျင့်သုံးရင် အာပတ်သင့်မယ်၊ အပြစ်ဖြစ်မယ့်

http://www.dhammadownload.com

သိက္ခာပုဒ်ဝန်ထုပ်ငါးခုကို ကထိန်သင်္ကန်းက လျှော့ချပေးလိုက်ပါတယ်။ ကထိန်သင်္ကန်းကြောင့် ကထိန်အလှူခံ ရဟန်းတော်တွေမှာ သိက္ခာပုဒ် ဝန်ထုပ်ငါးခု သက်သာခွင့် ရသွားပါတယ်။ စည်းမျဉ်းစည်းကမ်းဝန်ထုပ်ကို လျှော့ချပေးတဲ့အလှူ လောကကြီးမှာ ဒီကထိန်အလှူ တစ်ခုပဲ ရှိပါတယ်။

ဒါကြောင့် ကထိန်ဒါနဟာ အထူးခြားဆုံးဒါန ဆိုတာ ဒီအချက် တစ်ချက်တည်းနဲ့ကိုပဲ အထူးခြားဆုံးဒါန ဖြစ်နေပါပြီ။ ဒါက လှူဖွယ်ဝတ္ထုအနေနဲ့ ထူးခြားခြင်းဖြစ်ပါတယ်။ လှူဖွယ်ဝတ္ထုရှုထောင့်ကနေ သုံးသပ်ကြည့်မယ်ဆိုရင်လည်း ကထိန်အလှူဟာ အထူးခြားဆုံးအလှူ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရှေးပညာရှိကြီးတွေက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးကို အစဉ်အတိုင်း ထားပြီးတော့ အခုလို ဆိုရိုးစကားပြုထားခဲ့ကြပါတယ်။

'ဆွမ်းဆို မြိန်မှ ကောင်းတယ်၊
သင်္ကန်းဆို ကထိန်မှ ကောင်းတယ်၊
ကျောင်းဆို သိမ်မှ ကောင်းတယ်၊
ဆေးဆို နှိမ်မှ ကောင်းတယ်' . . . တဲ့။

'ဆွမ်းဆို မြိန်မှ ကောင်းတယ်' ဆိုတာကတော့ ဘယ်လောက်တန်ဖိုးကြီးတဲ့ အစားအစာပဲဖြစ်ဖြစ် စားလို့ မမြိန်ရင် ဆွမ်းကောင်းလို့ မခေါ်နိုင်ပါဘူး။ သားငါးပုစွန်မျိုးစုံ၊ အကြော်၊ အလှော်၊ အချက်၊ အပြုတ်၊ အဖုတ်၊ အကင် မျိုးစုံ စားနေရပေမယ့် မြိန်ယှက်မှု မရှိရင် ဆွမ်းကောင်း (အစားကောင်း) မဟုတ်ပါဘူး။

http://www.dhammadownload.com

အသီးအရွက်၊ ငါးပိရည်၊ တို့စရာလေးနဲ့ တန်ဖိုးနည်း အစား အစာကို စားနေရပေမယ့် မြိန်ယှက်မှုရှိတယ်ဆိုရင် ဆွမ်းကောင်း (အစားကောင်း)ပါပဲ။

'သင်္ကန်းဆို ကထိန်မှ ကောင်းတယ်' ဆိုတာကတော့ ကထိန် သင်္ကန်းမဟုတ်တဲ့ ရိုးရိုးသင်္ကန်းဟာ အလှူခံပုဂ္ဂိုလ်ကို သင်္ကန်းပဲ ရစေ ပါတယ်။ တခြား ထူးခြားတဲ့ အကျိုးအာနိသင်တွေကို မရစေနိုင်ပါဘူး။ ကထိန်သင်္ကန်းကတော့ အလှူခံပုဂ္ဂိုလ်ကို သင်္ကန်းသာမက ကထိန် အာနိသင်ငါးပါး ဆိုတဲ့ ထူးခြားတဲ့ အကျိုးအာနိသင်တွေကိုပါ ရစေနိုင် ပါတယ်။ ဒါ့ကြောင့် သင်္ကန်းထဲမှာ ကထိန်သင်္ကန်းဟာ အကောင်းဆုံး ပါပဲ။

'ကျောင်းဆို သိမ်မှ ကောင်းတယ်' ဆိုတာကတော့ သိမ်မှ တစ်ပါး တခြားကျောင်းတွေက ကျောင်းနေပုဂ္ဂိုလ်တွေကို ဥတုဒဏ်၊ ပိုးမွှားဒဏ် ကာကွယ်ပေးရုံ၊ စိတ်ချမ်းသာစွာ နေနိုင်ရုံ၊ ပရိယတ် ပဋိပတ်အလုပ် အားထုတ်နိုင်ရုံပဲ ကျေးဇူးပြုပါတယ်။

သိမ်ဆိုတဲ့ကျောင်းကတော့ အဲဒီအကျိုးတွေအပြင် အနာဂတ် မျိုးဆက်သစ် ရဟန်းတော်တွေကိုလည်း သိမ်ဝင်ရဟန်းခံခြင်းဖြင့် မွေး ထုတ်ပေးနိုင်ပါတယ်။ သံဃာ့ကံအမျိုးမျိုးကိုလည်း ပြုလုပ်ဆောင်ရွက် နိုင်ပါတယ်။ ဒါ့ကြောင့် ကျောင်းထဲမှာ သိမ်ကျောင်းဟာ အကောင်းဆုံး ပါပဲ။

'ဆေးဆို နိမ်မှ ကောင်းတယ်' ဆိုတာကတော့ ဘယ်လောက် တန်ဖိုးကြီးတဲ့ ဆေးပဲဖြစ်ဖြစ်၊ ရောဂါရှင်၊ အနာရှင်ကို ရောဂါ၊ အနာ ပျောက်အောင် မစွမ်းဆောင်နိုင်ရင် ဆေးကောင်းမဟုတ်ပါဘူး။ တန်

http://www.dhammadownload.com

ဖိုးနည်းတဲ့ ဆေးဝါး၊ ခါတ်စာပင်ဖြစ်စေ ရောဂါရှင်၊ အနာရှင်ရဲ့ ရောဂါ၊ အနာကို နှိမ်နင်းနိုင်တယ်၊ ပျောက်ကင်းစေနိုင်တယ်ဆိုရင် ဆေးကောင်းပါပဲ။

သက်န်းအလှူတွေထဲမှာ ကထိန်သင်္ကန်းအလှူက အကောင်းဆုံးပဲ ဆိုပြီး ကထိန်သင်္ကန်းတစ်မျိုးတည်းပဲ လှူတာမျိုးတော့လည်း မဖြစ်စေနဲ့ပေါ့ . . . နော်။ သူ့ရှုထောင့်နဲ့သူ အကောင်းဆုံးဖြစ်တာကို သာ ပြောတာပါ။ လိုအပ်နေတဲ့အချိန်မှာ လိုအပ်နေတဲ့သူကို လိုအပ်နေတဲ့သင်္ကန်း လှူရရင်လည်း လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ အဲဒီသင်္ကန်းဟာ အကောင်းဆုံးသင်္ကန်းပါပဲ။

■

http://www.dhammadownload.com

## သံဃာကိုလှူတဲ့သင်္ကန်းနဲ့မှ ကထိန်ခင်းခွင့်ရှိတယ်

နောက်တစ်ခု၊ အလှူဒါန ဖြစ်မြောက်ဖို့အတွက် အလှူခံပုဂ္ဂိုလ်ဆိုတာကလည်း အထင်အရှားရှိရပါတယ်။ လှူဖွယ်ဝတ္ထု ဘယ်လောက်ပဲရှိရှိ အလှူခံပုဂ္ဂိုလ် မရှိဘူးဆိုရင်လည်းပဲ ဒါနတစ်ခု အောင်အောင်မြင်မြင် မဖြစ်မြောက်နိုင်ပါဘူး။

အဲဒီတော့ အလှူခံပုဂ္ဂိုလ်အနေနဲ့ ကြည့်လိုက်မယ်ဆိုလို့ရှိရင်လည်း ဒီကထိန်သင်္ကန်းကို ခံယူမယ့် အလှူခံပုဂ္ဂိုလ်ဟာ သံဃာဖြစ်ပါတယ်။

မိမိကြည်ညိုတဲ့ ဘုန်းကြီးတစ်ပါးပါး၊ ဆရာတော်တစ်ပါးပါးကို ဒီဆရာတော်ကြီး ငါကြည်ညိုလို့ ကထိန်သင်္ကန်း လှူလိုက်ဦးမယ်ဆိုပြီးတော့ 'ဆရာတော်ကို တပည့်တော် ကထိန်သင်္ကန်း လှူပါတယ်ဘုရား' 'ဘုန်းကြီးကို ကထိန်သင်္ကန်း လှူပါတယ်ဘုရား' 'အရှင်ဘုရား

http://www.dhammadownload.com

ကို ကထိန်သင်္ကန်း လှူပါတယ်ဘုရား' ဆိုပြီးတော့ မိမိကြည်ညိုတဲ့ ရဟန်းတော်တစ်ပါးပါးကို ပုဂ္ဂလိကအနေနဲ့ ကထိန်သင်္ကန်း လှူဒါန်းခွင့်မရှိပါဘူး။

တချို့က ကထိန်ရာသီမှာ လှူတဲ့ သင်္ကန်းမှန်သမျှ ကထိန်သင်္ကန်းပဲ ထင်ပြီး 'အရှင်ဘုရားအတွက် ကထိန်သင်္ကန်းပါဘုရား' ဆိုပြီး လာလာလှူလေ့ရှိတယ်။ အဲဒီလို လှူလို့ လုံးဝ မရပါဘူး။ ရဟန်းတစ်ပါးချင်းကို 'ကထိန်သင်္ကန်း' ဆိုပြီး လုံးဝ လှူလို့ မရပါဘူး။ အဲဒီလို ရဟန်းတစ်ပါးပါးကို လှူတဲ့သင်္ကန်းကိုလည်း ကထိန်ရာသီမှာ လှူပေမယ့် ကထိန်သင်္ကန်းလို့ မခေါ်ပါဘူး။

ပုဂ္ဂိုလ်တစ်ပါးပါးကို လှူဒါန်းလိုက်တဲ့ အဲဒီသင်္ကန်းနဲ့လည်း ကထိန်ခင်းလို့ မရပါဘူး။ ခင်းလည်းပဲ ကထိန်မအောင်မြင်ပါဘူး။ သံဃာကို လှူဒါန်းတဲ့ သင်္ကန်းနဲ့သာလျှင် ကထိန်ခင်းခွင့်ရှိပါတယ်။ ကထိန် အောင်မြင်ထမြောက်နိုင်ပါတယ်။

သင်္ကန်းဆိုင်တွေကလည်း ကထိန်ရာသီရောက်ပြီဆိုရင် 'ကထိန်သင်္ကန်းရပြီ' လို့ ကြော်ငြာလေ့ရှိကြပါတယ်။ တကယ်တော့ ကထိန်သင်္ကန်းရယ်လို့ သီးခြား မရှိပါဘူး။ ပုံမှန် ဝတ်နေကျသင်္ကန်းကိုပဲ ကထိန်ခင်းဖို့ လှူလို့ ကထိန်သင်္ကန်းလို့ ခေါ်တာပါ။

ကထိန်သင်္ကန်း လှူဒါန်းနည်းက နှစ်မျိုးရှိပါတယ်။ ကထိန်ခင်းမယ့်ကျောင်းမှာ သွားလှူတဲ့နည်းနဲ့ ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ တစ်နေရာရာမှာ ပင့်လှူတဲ့နည်းတို့ပါပဲ။

ကထိန်ခင်းမယ့်ကျောင်းမှာ သွားလှူရင်တော့ 'ဤကထိန်သင်္ကန်းကို သံဃာအား လှူပါ၏' လို့ ဆိုပြီး လှူလိုက်ရုံနဲ့ လုံလောက်

http://www.dhammadownload.com

ပါတယ်။ သံဃာအား လှူတယ်ဆိုပေမယ့် ကထိန်ခင်းမယ့် ကျောင်းမှာ ရှိတဲ့ သံဃာနဲ့ပဲ သက်ဆိုင်ပါတယ်။

ကိုယ့်နေရာ၊ ကိုယ့်ဌာနကို ပင့်ပြီးလှူမယ်ဆိုရင်တော့ 'ဘယ်ကျောင်းတိုက်မှာ ကထိန်ခင်းဖို့အတွက် သံဃာအား လှူပါ၏' လို့ ကထိန်ခင်းမယ့် ကျောင်းတိုက်နာမည်ကို တရားဝင် ထည့်ဆိုပြီး လှူရပါတယ်။ ဒါမှ ကိုယ်ရည်စူးတဲ့ ကျောင်းတိုက်သံဃာက ကထိန်ခင်းခွင့်ရမှာပါ။

ကျောင်းတိုက်နာမည် ထည့်မဆိုဘဲ 'သံဃာအား လှူပါ၏' လို့ ရိုးရိုးလေးဆိုပြီး လှူလိုက်ရင် အခမ်းအနားကို ကြွလာတဲ့ ဆယ့်နှစ်တောင်ပတ်လည်အတွင်းက ပင့်သံဃာအားလုံးနဲ့ သက်ဆိုင်သွားတဲ့အတွက် ရည်စူးရာကျောင်းတိုက်မှာ ကထိန်ခင်းခွင့် မရှိတော့ပါဘူး။

ရဟန်းတစ်ပါးတည်းကို ပင့်ပြီး 'သံဃာအား လှူပါ၏' လို့ ဆိုလှူလိုက်ရင်လည်း အဲဒီရဟန်းက အဲဒီသင်္ကန်းကို ယူပြီး တခြားကျောင်းတိုက်တစ်ခုကို ဝင်လိုက်မိတာနဲ့ တစ်ပြိုင်နက်တည်း ဝင်မိတဲ့ကျောင်းတိုက်သံဃာက အဲဒီသင်္ကန်းကို ပိုင်ဆိုင်သွားပြန်လို့ ရည်စူးရာကျောင်းတိုက်မှာ ကထိန်ခင်းမရတော့ပါဘူး။

ဒါ့ကြောင့် ကိုယ့်နေရာ၊ ကိုယ့်ဌာန ပင့်လှူသူတိုင်း ကထိန်ခင်းလိုတဲ့ ကျောင်းတိုက်နာမည်ကို တရားဝင် ထည့်ဆိုပြီးမှ လှူသင့်ပါတယ်။

ဒါ့ကြောင့် ကထိန်အလှူတစ်ခု လုပ်ပြီဆိုလို့ရှိရင် အလှူခံပုဂ္ဂိုလ်ဟာ ကြည်ညိုတဲ့ပုဂ္ဂိုလ်တစ်ပါးပါးများ ဖြစ်လေမလား၊ နှစ်ပါးသုံးပါးပဲ ဖြစ်လေမလား၊ သံဃာပဲ ဖြစ်လေမလားဆိုပြီး ယုံမှား သံသ

http://www.dhammadownload.com

ယ ဖြစ်နေစရာ မလိုတော့ဘူး။ ကထိန်သင်္ကန်းမှန်ရင် သံဃာကိုပဲ လှူဒါန်းရတာဖြစ်တဲ့အတွက် အလှူခံပုဂ္ဂိုလ်ဟာ အလှူခံအားလုံးထဲမှာ အမြတ်ဆုံးဖြစ်တဲ့ သံဃာဖြစ်သွားပါတယ်။

အလှူပေးပုဂ္ဂိုလ်အနေနဲ့ကတော့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ရဟန်း, ရဟန်းမ, သာမဏေ, သာမဏေမ, သိက္ခမာန် ဆိုတဲ့ သီတင်းသုံးဖော် ငါးဦးထဲက တစ်ဦးဦးပဲဖြစ်ဖြစ်၊ ကထိန်သင်္ကန်း လှူဒါန်းလို့ ရပါတယ်။ ဒကာ၊ ဒကာမကမှ ကထိန်သင်္ကန်း လှူခွင့်ရှိတာ မဟုတ်ပါဘူး။ ရဟန်းတွေ၊ ကိုရင်တွေလည်း ကထိန်သင်္ကန်း လှူခွင့်ရှိပါတယ်။

မိမိကြည်ညိုရာ ပုဂ္ဂိုလ်တစ်ပါးနှစ်ပါးကို ရည်စူးပြီး လှူဒါန်းတာထက် အရိယာသံဃာအပေါင်းကို၊ သံဃာအားလုံးကို ရည်စူးပြီးတော့ လှူဒါန်းတာက ပိုပြီး အကျိုးပေးကြီးတယ်ဆိုတာ တရားနာပရိသတ်များအားလုံး ကြားဖူးနားဝ ရှိထားကြပြီးသားပါ။ တချို့လည်း ကျကျနန၊ ဂဃနဏကို သိထားကြပြီးသားပါပဲ။

■

http://www.dhammadownload.com

## အလှူခံတစ်ကျိပ်လေး ခွေးတောင်မှပါတယ်

အလှူခံရှုထောင့်ကကြည့်ရင် ပုဂ္ဂလိကအလှူနဲ့ သံဃိကအလှူလို့ အလှူနှစ်မျိုး ရှိပါတယ်။

ပုဂ္ဂလိကအလှူဆိုတာကတော့ ပုဂ္ဂိုလ်တစ်ပါးချင်းကို လှူတာပေါ့။ ပုဂ္ဂလိကအလှူကလည်း ဆယ့်လေးမျိုးလောက်တောင် ရှိပါတယ်။ ပထမဆုံး မြတ်စွာဘုရားဆိုတဲ့ ပုဂ္ဂိုလ်တစ်ပါးပေါ့။ ဘုရားတစ်ဆူကိုပဲ အာရုံပြုပြီး လှူတာ။ နောက်တစ်ခါ ပစ္စေကဗုဒ္ဓါ၊ နောက်တစ်ခါ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ဆိုတော့ ဆယ်ယောက် ဖြစ်သွားပြီ။

ပြီးတော့ သာသနာပ စျာန်ရတဲ့ပုဂ္ဂိုလ်။ ပြီးတော့ သာသနာပ သီလရှိတဲ့ပုထုဇဉ်၊ နောက်တစ်ခု သာသနာပမှာပဲ သီလမရှိတဲ့ ပုထုဇဉ်၊ နောက်တစ်ခုကတော့ တိရစ္ဆာန်၊ အဲဒီလိုအားဖြင့် ပုဂ္ဂလိကအလှူ ဆယ့်လေးမျိုး ရှိပါတယ်။

http://www.dhammadownload.com

အလှူခံတစ်ကျိပ်လေး ဘာတောင်မှ ပါသတဲ့တုံး၊ အလှူခံ တစ်ကျိပ်လေး ခွေးတောင်မှပါတယ်လို့ ဒီလိုဆိုထားတယ်နော်။ အဲဒီ တော့ ခွေးလေခွေးလွင့်ပဲဖြစ်ဖြစ်၊ ခွေးဝဲစားပဲဖြစ်ဖြစ် အဲဒါအလှူခံ ပုဂ္ဂိုလ်ပဲ၊ လှူရင် ပုဂ္ဂလိကဒါနပေ့ါ။

တိရစ္ဆာန်တစ်ကောင်ကို ထမင်းတစ်နပ်စာ အဝကျွေးလိုက်လို့ ရှိရင် ဘယ်နှဘဝ အကျိုးပေးသတဲ့တုံး။ ဘဝတစ်ရာ အကျိုးပေးပါ တယ်။ သာသနာပ သီလမရှိတဲ့ ပုထုဇဉ်တစ်ယောက်ကို ထမင်းတစ် နပ်စာ အဝကျွေးလိုက်လို့ရှိရင် ဘဝတစ်ထောင် အကျိုးပေးပါတယ်။

သာသနာပ သီလရှိတဲ့ ပုထုဇဉ်တစ်ယောက်ကို ထမင်းတစ် နပ်စာ အဝကျွေးလိုက်မယ်ဆိုရင် ဘဝတစ်သိန်း အကျိုးပေးပါတယ်။ သာသနာပ ဈာန်ရပုဂ္ဂိုလ်တစ်ယောက်ကို ထမင်းတစ်နပ်စာ အဝကျွေး လိုက်မယ်ဆိုရင် ဘဝပေါင်းကုဋေတစ်သိန်း အကျိုးပေးပါတယ်။

အရိယာပုဂ္ဂိုလ်ရှစ်ယောက်ထဲမှာ အောက်ထစ်ဆုံးပုဂ္ဂိုလ်ဖြစ် တဲ့ သောတာပတ္တိဖိုလ်ရအောင် ကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကို ထမင်းတစ်နပ် အဝကျွေးလှူဒါန်းတဲ့ အလှူဒါနကတော့ ဘဝပေါင်း ဘယ်လောက်ရယ်လို့ မရေတွက်နိုင်တော့ဘူး။ ဘဝပေါင်း အသင်္ချေ အနန္တ အကျိုးပေးနိုင်ပါတယ်။

သောတာပန်ဖြစ်အောင် ကျင့်ကြံအားထုတ်နေတဲ့ပုဂ္ဂိုလ်ဆို တာ အမြင့်ဆုံးအားဖြင့်တော့ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ပါပဲ။ သောတာပတ္တိမဂ်၌ တည်နေသောပုဂ္ဂိုလ်ပေ့ါ။

ဒါပေမဲ့လို့ သောတာပန်ဖြစ်အောင် ကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်ထဲမှာ သရဏဂုံဆောက်တည်ထားတဲ့ ပုဂ္ဂိုလ်လည်း ပါပါတယ်။

http://www.dhammadownload.com

ငါးပါးသီလမြဲတဲ့ပုဂ္ဂိုလ်လည်း ပါပါတယ်။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ပွားများနေတဲ့ပုဂ္ဂိုလ်တွေလည်း ပါပါတယ်။

ဗုဒ္ဓဘာသာဝင်မှန်ရင်တော့ အနည်းဆုံး သရဏဂုံလောက်တော့ ဆောက်တည်ထားကြတဲ့ လူတွေချည်းပါပဲနော်။ ဒါ့ကြောင့် လူလူချင်းလည်း သရဏဂုံဆောက်တည်ထားတာလေး အာရုံပြုပြီးတော့ လှူမယ်ဆိုရင်ကိုပဲ ပုဂ္ဂလိကဒါနအနေနဲ့ ဘဝပေါင်း မရေတွက်နိုင်အောင် အကျိုးပေးပါတယ်။ သူ့အထက်ကပုဂ္ဂိုလ်တွေလည်းပဲ နည်းတူပါပဲ။ ဘဝပေါင်း အသင်္ချေအနန္တ အကျိုးပေးကြပါတယ်။

သူ့အထက်ကပုဂ္ဂိုလ်တွေ ဆိုတာကတော့ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ပစ္စေကဗုဒ္ဓါနဲ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ပါပဲ။ ဒါက ပုဂ္ဂလိကအလှူပါ။

■

http://www.dhammadownload.com

## ဒုဿီလပေမယ့် သံဃာကို ရည်မှန်းပြီး လှူရင် ရဟန္တာကို လှူတာထက် ပိုအကျိုးကြီးတယ်

သံဃိကအလှူဆိုတာကတော့ သံဃာကို ရည်စူးပြီး လှူတဲ့ အလှူပါ။ ရဟန်းတစ်ပါးကို ဆွမ်းလောင်းတဲ့အခါမှာ အဲဒီတစ်ပါးကိုပဲ အာရုံမပြုဘဲ မြတ်စွာဘုရားလက်ထက်တော်ကတည်းက ရှိခဲ့တဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ အစရှိတဲ့ အရိယာသံဃာတော်တွေနဲ့တကွ ဒီနေ့ဒီအချိန်ထိ ရှိနေခဲ့တဲ့ အရိယာသံဃာတော်တွေ၊ ဒီနေ့ဒီအချိန်မှာ ရှိနေဆဲဖြစ်တဲ့ အရိယာသံဃာတော်တွေ၊ နောင်လည်း သာသနာမကွယ်မချင်းရှိနေဦးမယ့် အရိယာသံဃာတော်တွေ၊ အဲဒီလိုအားဖြင့် ရှိပြီး၊ ရှိဆဲ၊ ရှိလတ္တံ့ အရိယာသံဃာတော်အားလုံးကို အာရုံပြုပြီးတော့ လှူဒါန်းတဲ့ အလှူဒါနကို သံဃိကဒါနလို့ ခေါ်ပါတယ်။

ကိုယ့်ရှေ့မှာ ရဟန်းသံဃာတစ်ပါးပဲရှိပေမယ့် ကိုယ့်ရှေ့မှာ

http://www.dhammadownload.com

ရှိတဲ့ ရဟန်းတစ်ပါးကို ဆွမ်းကပ်တယ်လို့ အာရုံမပြုဘဲနဲ့ သာသနာတော်မှာရှိခဲ့တဲ့၊ ရှိနေတဲ့၊ ရှိဦးမယ့် အရိယာသံဃာတော်အားလုံး၊ အရိယာမဖြစ်သေးသော်လည်း အရိယာဖြစ်အောင် ကျင့်ကြံအားထုတ်နေတဲ့၊ အရိယာလမ်းကြောင်းမှာ လျှောက်လှမ်းနေကြတဲ့ သံဃာတော်အားလုံးကို လှူဒါန်းပါတယ်လို့ စိတ်ကနေ အာရုံပြုပြီး လှူဒါန်းလိုက်မယ်ဆိုရင် ရဟန်းတစ်ပါးကို လှူပေမယ့်လည်း အရိယာသံဃာ အားလုံးကို လှူရတဲ့ကုသိုလ် ဖြစ်သွားပါတယ်။

ဘယ်လောက်ထိအောင် သံဃိကဒါနဟာ မြတ်သလဲဆိုရင် သာသနာကွယ်ခါနီးကာလမှာ အခုခေတ်လို သင်းပိုင်တွေ၊ ကေသီတွေ အပြည့်အစုံ ဝတ်ထားတဲ့ သံဃာဆိုတာ မရှိတော့ဘူး။ လူတွေလိုပဲ ဆံပင်ရှည်ရှည်နဲ့၊ အင်္ကျီပုဆိုးနဲ့၊ ဘောင်းဘီနဲ့၊ လူ့အသုံးအဆောင်၊ လူ့အဝတ်အစားတွေ ဝတ်ထားတယ်။ အိမ်ထောင်သားမွေးပြုကြတယ်။ စီးပွားဥစ္စာတွေလည်း ရှာဖွေကြတယ်။ လူနဲ့ အတူတူပါပဲ။

ဒါပေမဲ့ ဘာပဲ ထူးသလဲဆိုတော့ လည်ပင်းမှာ သင်္ကန်းကလေး ချည်ထားတယ်။ ခုခေတ် လက်ဖွဲ့ကလေး ချည်ထားကြသလိုပေါ့လေ။ လည်ပင်းမှာ သင်္ကန်းလက်ဖွဲ့လေး ချည်ထားတယ်။ တချို့ကလည်း လက်ကောက်ဝတ်ကလေးမှာ သင်္ကန်းစလေး ပတ်ထားလိုက်တယ်။ သားရေကွင်းလေး ပတ်ထားသလိုပေါ့။ တစ်နည်းပြောရရင်လည်း သင်္ကန်းဟန်းချိန်းကလေးပေါ့နော်။ ပတ်ထားတယ်။

အဲဒီလို သင်္ကန်းလက်ဖွဲ့လေးချည်ထားတဲ့လူ၊ သင်္ကန်းဟန်းချိန်းလေးပတ်ထားတဲ့ လူကို ဩော် ဒါ သံဃာပဲဆိုပြီးတော့ ကိုးကွယ်ကြရမယ်။ သံဃာပေမယ့် သံဃာနဲ့မတူတဲ့ အချိန်တွေကို ရောက်သွား

http://www.dhammadownload.com

ပါလိမ့်ဦးမယ်။ အဲဒီလို သာသနာကွယ်ခါနီးအချိန်မှာတောင်မှပဲ အဲဒီလို သင်္ကန်းလက်ဖွဲ့လေးလောက်ပဲ ချည်ထားတဲ့၊ သင်္ကန်းဟန်းချိန်းလေးလောက်ပဲ ပတ်ထားတဲ့ ရဟန်းကို (သီလဆိုတာကတော့ ဘာမှ မရှိတော့ဘူးလေ။ အိမ်ထောင်သားမွေးတောင် ပြုတယ်ဆိုမှတော့). .

အဲဒီလို သီလလုံးဝမရှိတဲ့၊ ရဟန်းပုံတောင် မပေါက်တော့တဲ့ ရဟန်းတစ်ပါးကိုတောင်မှ အရိယာသံဃာတော်အပေါင်းအား လှူဒါန်းပါ၏လို့ အရိယာသံဃာကို အာရုံပြုပြီး လှူဒါန်းလိုက်မယ်ဆိုရင် အဲဒီ ရဟန်းတစ်ပါးကို ဆွမ်းတစ်နပ်ကပ်လိုက်ရတဲ့ အလှူဒါနက ရဟန္တာအစစ်၊ သင်္ကန်း ပရိက္ခရာ အပြည့်အစုံ ဝတ်ဆင်ထားတဲ့, သာသနာ့ယူနီဖောင်းအပြည့် ဝတ်ဆင်ထားတဲ့ ရဟန္တာ အရိယာအရှင်မြတ်ကြီးတစ်ပါးကို ဆွမ်းတစ်နပ်ကပ်ရတဲ့ အလှူဒါနထက်တောင် အကျိုးပေး ကြီးကျယ်ပါတယ်။

သံဃိကဒါနဟာ ဘယ်လောက် ထူးခြားဆန်းကြယ်တယ်ဆိုတာ အင်မတန် စဉ်းစားဖို့ကောင်းပါတယ်။ သီလလုံးဝမရှိတဲ့၊ ရဟန်းပုံလည်း လုံးဝမပေါက်တဲ့ လူပုံစံ ရဟန်းတစ်ပါးကိုတောင်မှ အရိယာသံဃာကို အာရုံပြုပြီး လှူဒါန်းမယ်ဆိုရင် ရဟန္တာတစ်ပါးကို (ရဟန္တာအစစ်နော်၊ ရဟန္တာအင် မဟုတ်ဘူး။) တကယ့် ရဟန္တာအစစ်ကို လှူဒါန်းရတဲ့ ဒါနထက်တောင် အကျိုးပေးကြီးကျယ်ပါတယ် ဆိုတော့ သံဃိကဒါနဖြစ်အောင် အင်မတန် ကြိုးစားအားထုတ်သင့်ပါတယ်။

သံဃိကဒါန အကျိုးပေးကြီးကျယ်ရခြင်းရဲ့ အကြောင်းကို နှစ်ချက်မှတ်ထားပေါ့၊ ပထမအချက်က သံဃိကဒါနရဲ့ အလှူခံပုဂ္ဂိုလ်

http://www.dhammadownload.com

တွေထဲမှာ သီလမရှိတဲ့ပုဂ္ဂိုလ် လုံးဝမပါဘူး ဆိုတဲ့အချက်၊ ဒုတိယ အချက်က သံဃိကဒါန ပေးလှူသူရဲ့ သန္တာန်မှာ အစွဲမပါဘူး ဆိုတဲ့ အချက်၊ ဒီအချက်နှစ်ချက်ကြောင့် သံဃိကဒါနဟာ ပုဂ္ဂလိကဒါနထက် အကျိုးပေး ကြီးကျယ်ရပါတယ်။

သံဃာလို့ ဆိုလိုက်တာနဲ့ အရှင်သာရိပုတ္တရာ စတဲ့ ရဟန္တာ အရှင်မြတ်ကြီးတွေ ပါဝင်နေပြီ။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ ကြည့်ရင်သာ သီလမရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ရှိချင်ရှိမယ်၊ ပုဂ္ဂိုလ်အားလုံးအပေါင်း = သံဃာအနေနဲ့ ကြည့်လိုက်တော့ သံဃာဟာ သီလမရှိဘူးဆိုတာ မရှိတော့ဘူး။

အလှူခံပုဂ္ဂိုလ်ဟာ သံဃာလို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် သီလရှိတဲ့ အလှူခံပုဂ္ဂိုလ် သေချာပေါက် ဖြစ်သွားပါတယ်။ တခြား တခြားသော ရဟန္တာအရှင်မြတ်ကြီးတွေဆိုတာ အသာထားလိုက်ပါဦး၊ အရှင်သာရိပုတ္တရာတစ်ပါးတည်းကတောင်မှ သံဃိကကုသိုလ်ကို အကျိုးပေး ကြီးကျယ်အောင် စွမ်းဆောင်နိုင်ပါတယ်တဲ့။

အလှူခံပုဂ္ဂိုလ်ကို သံဃာလို့ အာရုံပြုလိုက်တာနဲ့ တစ်ပြိုင်နက် ငါ့ဦးဇင်း၊ ငါ့ဘုန်းကြီး၊ ငါ့ဆရာတော်ဆိုတဲ့ အစွဲတွေလည်း ပြတ်ကျသွားပါတယ်။ အစွဲပြတ်လေ၊ စေတနာသန့်ရှင်းလေဖြစ်တာမို့ အစွဲကင်းတဲ့ သံဃိကဒါနဟာ အစွဲမကင်းတဲ့ ပုဂ္ဂလိကဒါနထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် အကျိုးပေး ကြီးကျယ်ရပါတယ်။

■

http://www.dhammadownload.com

## သံဃိကစိတ်ထားအများကြီးလိုအပ်နေတယ်

ဗုဒ္ဓဘာသာဝင်တိုင်း သံဃိကစိတ်ထား မွေးမြူသင့်ပါတယ်။ ရဟန်းတစ်ပါးနဲ့တွေ့ပြီဆိုရင် မကြည်ညိုတဲ့အချက်ကလေး၊ ကိုယ်သဘောမကျတဲ့ အချက်ကလေး တစ်ချက်တွေ့တာနဲ့ ဒီကိုယ်တော်တော့ အလကားပါ၊ ဒီကိုယ်တော် သီလလည်း မရှိဘူး၊ ကြည်ညိုစရာလည်း လုံးဝမရှိဘူး၊ ကြည့်လို့ကို မရဘူး၊ ဘာမှ မလှူချင်ပါဘူး၊ ဒီကိုယ်တော်ကို လှူလိုက်မယ့်အစား ခွေးကျွေးလိုက်တာကမှ ကောင်းဦးမယ်လို့ တချို့ဒီလို ကွယ်ရာမှာ ပြောလေ့ရှိကြတယ်။ ဒါ စိတ်ထားမတတ်လို့ ဖြစ်တာပါ။

ခုခေတ် သီလမရှိဘူးဆိုတာဟာ သာသနာနှောင်းပိုင်းသက်န်းဟန်းချိန်းလေး ဝတ်ထားတဲ့အချိန်လောက်တော့ မဆိုးသေးပါဘူး။ သင်းပိုင် ဧကသီ အပြည့်အစုံနဲ့၊ ခေါင်းတွေလည်း ရိတ်လို့သာသနာ့ယူနီဖောင်း အပြည့်အစုံ ရှိပါတယ်။ အဲဒါကို အရိယာ

http://www.dhammadownload.com

သံဃာကို အာရုံပြုပြီး လှူဒါန်းလိုက်မယ်ဆိုရင် ဘယ်လောက် အကျိုးကျေးဇူးကြီးမလဲ။

ကိုယ်ကစိတ်ထားမတတ်လို့ ပြောဆိုပြစ်မှားမိတော့ ကိုယ်ပဲ အကုသိုလ်တွေဖြစ်၊ ကိုယ်ပဲ သံသရာမှာ ဆိုးကျိုးတွေဖြစ်ရမယ်။ တချို့ ဒါနတွေပြုလိုက်တာ၊ ဒုက္ခတွေလည်း ရောက်လိုက်တာ။ ငါတို့ ကုသိုလ်တွေ ပြုရက်သားနဲ့ ဘာလို့ ဆိုးကျိုးတွေဖြစ်နေတာလဲ၊ ဘာလို့များ ဒုက္ခတွေ ရောက်ရောက်နေတာလဲလို့ ပြောတတ်တယ်။ ကုသိုလ်ပြုတဲ့ အချိန်မှာ စိတ်ထားလေးတွေ နိမ့်ကျသွားလို့၊ စိတ်ဓာတ်လေးတွေ လိုအပ်သွားလို့ပါပဲ။

အထူးသဖြင့် ရဟန်းသံဃာကို စိတ်နဲ့၊ သို့မဟုတ် နှုတ်နဲ့ ပြစ်မှားတဲ့ အကုသိုလ်ကံရှိနေရင် တစ်ဖက်က ကုသိုလ်ကံတွေ ဘယ်လောက်ပဲ လုပ်လုပ် ကံတား လာဘ်တားဖြစ်ပြီး အဆင်မပြေမှုတွေ၊ စိတ်ဆင်းရဲမှုတွေနဲ့ တွေ့ကြုံနေရမှာပါပဲ။

တချို့ကလည်း ရှိသေးတယ်။ ဒုဿီလရဟန်းတစ်ပါးကို လှူဒါန်းထောက်ပံ့လို့ရှိရင် အဆိပ်ပင်ရေလောင်းသလို ဖြစ်နေလိမ့်မယ်၊ ဒီလို ပြောလေ့ရှိကြတယ်။ ဒါက လှူဒါန်းတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်စေတနာ ပေါ်မှာ မူတည်ပါတယ်။

ကိုယ်က ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ ရဟန်းတစ်ပါးကို ကိုယ်ကျင့်တရား ချိုးဖောက်တဲ့အလုပ်ကို ဆက်ပြီး လုပ်နိုင်ပါစေလို့ တွန်းအားပေးတဲ့သဘော, အားပေးတဲ့သဘောနဲ့၊ မကောင်းတဲ့အလုပ်တွေ၊ ရဟန်းနဲ့ မအပ်စပ်တဲ့အလုပ်တွေ လုပ်ဖို့အတွက် အသက်ဆက်ပေးတဲ့သဘောနဲ့၊ အသက်ဆက်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူ

http://www.dhammadownload.com

ဒါန်းတယ်ဆိုရင်တော့ အဆိပ်ပင် ရေလောင်းသလိုဖြစ်မှာပေါ့။

ကိုယ့်စေတနာကိုက သူမကောင်းတာတွေ ဆက်လုပ်စေချင်တဲ့ ရည်ရွယ်ချက်တွေ ရှိနေတယ်ဆိုရင်တော့ အဆိပ်ပင်ရေလောင်းရာ ရောက်ပါတယ်။

အဲဒီလိုမှ မဟုတ်ဘဲနဲ့ သူဘာသာသူ သီလမရှိတာ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး၊ သူ့အပိုင်းပဲ၊ ကိုယ့်တာဝန်ကတော့ ကိုယ့်ထံရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်ကို အရိယာသံဃာတော်အပေါင်းကို ရည်စူးပြီးတော့ လှူဒါန်းရမှာပဲဆိုပြီး လှူဒါန်းလိုက်မယ်ဆိုရင်တော့ အဆိပ်ပင် ရေလောင်းရာ မရောက်ပါဘူး။ ကုသိုလ်ရသွားပါတယ်။

သီလမရှိတဲ့ ရဟန်းတစ်ပါးဖြစ်နေပေမယ့် ကျန်တဲ့အချိန်မှာ မကြည်ညိုတာထားလိုက်၊ မလွဲမရှောင်သာလို့ လှူရတော့မယ့် အခွင့်အလမ်းမျိုးကြုံနေပြီ၊ အခြေအနေမျိုး ကြုံနေပြီဆိုရင် 'အရိယာသံဃာတော်အပေါင်းအား လှူဒါန်းပါတယ်' ဆိုပြီးတော့ သံဃာ့ဂုဏ်နဲ့ သံဃာတော်ကို စိတ်ထဲက ထပ်ကာထပ်ကာ အာရုံပြုပြီးတော့ လှူပါ။

ကိုယ့်ရှေ့မှာရှိတဲ့ ကိုယ်မကြည်ညိုတဲ့ပုဂ္ဂိုလ်ရဲ့ မျက်နှာကို မကြည့်ပါနဲ့။ သူ့ရဲ့ မကောင်းတဲ့အချက်အလက်တွေကိုလည်း အာရုံမပြုပါနဲ့။ သူ့ကို လှူတာမဟုတ်ဘူး။ ကိုယ့်ရှေ့မှာတွေ့နေတဲ့ ဒုဿီလရဟန်းတော်ဟာ အရိယာသံဃာအားလုံးရဲ့ ကိုယ်စားအဖြစ်နဲ့ ကြွရောက်ပြီး အလှူခံတယ်လို့ သဘောထားလိုက်ရုံပါပဲ။

သံအမတ်ကြီးတစ်ဦးအနေနဲ့ သတ်မှတ်လိုက်ရမှာပါပဲ။ သံအမတ်ကြီးတစ်ယောက်ဆိုတာ နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုပါတယ်။ သံအမတ်ကြီးကို စော်ကားတာဟာ အဲဒီသက်ဆိုင်ရာနိုင်ငံကို စော်

http://www.dhammadownload.com

ကားတာနဲ့ အတူတူပါပဲ။ သံအမတ်ကြီးကို လေးစားတာဟာ အဲဒီ သက်ဆိုင်ရာနိုင်ငံကို လေးစားတာနဲ့ အတူတူပါပဲ။

ဒါ့ကြောင့် မိမိရှေ့မှောက်မှာ ရောက်နေတဲ့ ရဟန်းတော်ဟာ သာသနာတော်မှာ ရှိရှိသမျှသော အရိယာသံဃာအားလုံးရဲ့ ကိုယ်စားမျှသာဖြစ်တယ်လို့ နှလုံးသွင်းပြီးတော့ အရိယာသံဃာကို အာရုံပြုပြီး လှူဒါန်းလိုက်မယ်ဆိုရင် ရဟန္တာပုဂ္ဂိုလ်တစ်ပါးကို လှူဒါန်းရတာထက် တောင်မှပဲ မရေမတွက်နိုင်လောက်အောင်၊ မနှိုင်းယှဉ်နိုင်လောက်အောင် ပိုပြီးတော့ အကျိုးပေးကြီးကျယ်ပါတယ်။

ဒါ့ကြောင့် သံဃိကစိတ်ထားဆိုတာ အင်မတန် လိုအပ်ပါတယ်။ ရုပ်ပွားတော်၊ ဆင်းတုတော်တွေကတစ်ဆင့် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို အာရုံပြု ကြည်ညိုနိုင်ကြသလို ကိုယ့်မျက်မှောက်မှာ မြင်တွေ့နေရတဲ့ ရဟန်းတော်တွေကို ကြည့်ပြီး အရိယာသံဃာတော်တွေကို အာရုံပြု ကြည်ညိုနိုင်အောင် အလေ့အကျင့်ပြုလုပ်ပေးကြရပါမယ်။

ဒီတော့ ကထိန်သင်္ကန်း ငါတို့ လှူဒါန်းရတာဟာ သံဃာကို လှူဒါန်းရတယ်။ ဘုရားလက်ထက်ကတည်းက ရှိခဲ့တဲ့၊ ခုတိုင် ရှိနေတဲ့၊ နောင်လည်း ရှိကြဦးမယ့် အရိယာသံဃာတော်တွေအားလုံးကို လှူဒါန်းလိုက်ရတာဆိုတော့ မိမိတို့ဒါနဟာ အလှူခံပုဂ္ဂိုလ်တွေထဲမှာ အဆင့်မြင့်ဆုံး အလှူခံပုဂ္ဂိုလ်ကို လှူဒါန်းလိုက်ရာ ရောက်သွားပါပြီ။

ကထိန်အလှူဒါနဟာ သံဃာကိုသာ လှူခွင့်ရှိတဲ့ဒါန ဖြစ်တဲ့အတွက်ကြောင့် အထူးခြားဆုံးဒါန ဖြစ်ရပါတယ်။ ဒါက အလှူခံပုဂ္ဂိုလ်ရှုထောင့်ကနေ သုံးသပ်တာပါ။

http://www.dhammadownload.com

## စေတနာတွေ ရေစီးကမ်းပြိုပြီ

အလှူဒါနတစ်ခု ဖြစ်မြောက်ဖို့အတွက် လိုအပ်တဲ့ နောက် အင်္ဂါရပ်တစ်ခုကတော့ စေတနာ သဒ္ဓါတရား အထင်အရှားရှိရမယ်။ စေတနာ သဒ္ဓါတရားဆိုတာကတော့ အများပြောနေကျအတိုင်း ပေါင်း ပြောလိုက်တာပါ။

သဒ္ဓါတရားလို့ တစ်ခုတည်း ကွက်ပြောရင်လည်း ရပါတယ်။ စေတနာလို့ တစ်ခုတည်း ကွက်ပြောရင်လည်း ရပါတယ်။ ဒါပေမဲ့ စေတနာဆိုတာလည်း အမျိုးမျိုးရှိနေတယ်။ သဒ္ဓါဆိုတာလည်း အမျိုး မျိုးရှိနေတယ်။ ဒီတော့ ဒါနနေရာမှာ ပြောနေကျအတိုင်းပဲ စေတနာ သဒ္ဓါတရားလို့ ပြောလိုက်တော့ ပိုရှင်းသွားတာပေါ့။

အဲဒီ စေတနာ သဒ္ဓါတရားဟာလည်း တခြားတခြားသော ဒါနတွေမှာထက် ကထိန်ဒါနမှာ ပိုပြီးတော့ ထူးခြားပါတယ်။ ပိုပြီး

http://www.dhammadownload.com

တော့ ထက်သန်ပါတယ်။ ဘာကြောင့် ထူးခြားထက်သန်ရသလဲဆို တော့ အချိန်ကာလ အကန့်အသတ်နဲ့ လှူရလို့ပါပဲ။

ကထိန်အလှူဆိုတာ လှူချင်တိုင်း လှူလို့မရပါဘူး။ လှူချင်တဲ့အချိန် လှူလို့မရပါဘူး။ သူ့အချိန်နဲ့သူ လှူရတာပါ။

ကထိန်သင်္ကန်းကို တစ်နှစ်မှာ တစ်လပဲ ကပ်ခွင့်ရှိပါတယ်။ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ကနေ . . . တန်ဆောင်မုန်း လပြည့်နေ့အထိ ဒီတစ်လအတွင်းမှာပဲ ကထိန်သင်္ကန်း ကပ်ခွင့်ရှိပါတယ်။

အဲဒီတစ်လမှာလည်းပဲ ကျောင်းတိုက်တစ်တိုက်အနေနဲ့ တစ်ရက်ပဲ ကထိန်သင်္ကန်း ကပ်လှူခွင့်ရှိပါတယ်။ ပိတောက်ပန်းကို စာဖွဲ့ကြသလိုပေါ့။ တစ်နှစ်တွင် သည်တစ်လ၊ တစ်လတွင် တစ်ရက်တည်း ဆိုတာလို ကထိန်သင်္ကန်းကမှ အဲဒီစာနဲ့ တကယ်ညီတာပါ။ ပိတောက်ပန်းကတော့ တစ်ရက်မကပါဘူး၊ ခုခေတ်တော့ ပွင့်ချင်တိုင်း ပွင့်နေကြတာပါနော်။

ကထိန်သင်္ကန်းကတော့ ကျောင်းတိုက်တစ်တိုက်မှာ တစ်နှစ်မှာတစ်လ၊ တစ်လမှာတစ်ရက်၊ တစ်ရက်မှာတစ်ကြိမ်ပဲ ကပ်လှူခွင့်ရှိပါတယ်။

ဒီနေ့လှူတဲ့ ကထိန်အလှူဆိုပါတော့။ ဒီနေ့ မြစိမ်းကျောင်းမှာ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦးတို့က ကထိန်သင်္ကန်း ကပ်လိုက်ပြီ။ မနက်ဖြန်ကျ ဘယ်သူတို့က ကပ်မယ်၊ သန်ဘက်ခါကျ ဘယ်ဝါတို့က ကပ်မယ်နဲ့ ကထိန်ခင်းရမယ့် ကာလတစ်လအတွင်းမှာ အလှူရှင်တစ်ဦးကို တစ်ရက်စီတစ်ရက်စီနဲ့ ဒီလို ကပ်ချင်တိုင်း ကပ်ခွင့် မရှိပါဘူး။

http://www.dhammadownload.com

အဲဒီလို ကထိန်သင်္ကန်းဆိုတာ ကပ်ချင်တိုင်း ကပ်လို့မရဘူး။ ဝါကျွတ်တဲ့အချိန် တစ်လအတွင်းမှာပဲ ကပ်ခွင့်ရှိတယ်လို့ သိထားတော့ ဝါဆိုပြီဆိုကတည်းက ငါတို့တော့ ဝါကျွတ်ရင် ဒီနှစ် ဘယ်ကျောင်း တိုက်မှာ ကထိန်ခင်းမယ်၊ ကထိန်သင်္ကန်းကပ်လှူမယ်၊ တစ်ယောက် တည်းဆိုလည်း ကိုယ်တစ်ယောက်တည်းပေါ့။ စုပေါင်းဆိုလည်း တစ် ယောက်နဲ့ တစ်ယောက် တိုင်ပင်လို့ ညှိနှိုင်းလို့ ဝါဆိုပြီဆိုကတည်းကိုက ဝါကျွတ်ရင် ကထိန်သင်္ကန်းကပ်ဖို့ ပုဗ္ဗစေတနာတွေက ဖြစ်နေတယ်။ တချို့ဆို ဝါမဆိုခင်ကတည်းက ဖြစ်နေတာပါ။

အဲဒီတော့ သတ်မှတ်ထားတဲ့အချိန်ကာလ မရောက်မချင်း ပုဗ္ဗစေတနာတွေ ထပ်တလဲလဲ ထပ်တလဲလဲ တိုးပွားခွင့်ရတဲ့အတွက် ကြောင့် စေတနာသဒ္ဓါတရားကလည်း အားကောင်းပါတယ်။

သတ်မှတ်ထားတဲ့ အချိန်ကာလ ရောက်ပြန်တော့လည်း သက်တမ်းကုန်ဆုံးရက်က ရှိနေတဲ့အတွက် ကုသိုလ်ဇောတွေ ထက်သန် နေပြန်ပါတယ်။ တန်ဆောင်မုန်းလပြည့်ဖို့ ဘယ်နှရက်ပဲ လိုတော့ တယ်၊ ကထိန်ခေတ်, ကထိန်ရာသီကုန်ဖို့ ဘယ်နှရက်ပဲ ကျန်တော့ တယ်၊ ဘယ်နေ့, ဘယ်ရက်မှာတော့ ကထိန်သင်္ကန်းကပ်မှုကို ဖြစ်မယ် နဲ့ သဒ္ဓါဇော၊ ကုသိုလ်ဇောတွေ နိုးနိုးကြားကြား၊ ထက်ထက်သန်သန် ဖြစ်နေပါတယ်။

အဲဒီလိုအားဖြင့် ကထိန်သင်္ကန်းအလှူဟာ အချိန်ကာလ ကန့် သတ်ထားလို့လည်း ကထိန်အလှူရှင်ရဲ့ သန္တာန်မှာ စေတနာသဒ္ဓါ တရားတွေက အထူးအားကောင်းနေပါတယ်။

ကထိန်အလှူဆိုတာ သံဃာကိုပဲ လှူရတာဖြစ်တဲ့အတွက်

http://www.dhammadownload.com

ကြောင့် သံဃိကဒါနစစ်စစ်တော့ လှူရတော့မယ်ဆိုပြီးတော့ အလှူခံပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီးတော့လည်း စေတနာသဒ္ဓါတရားက အားကောင်းရပြန်ပါတယ်။

ငါတို့လှူလိုက်တဲ့ ကထိန်သင်္ကန်းတည်းဟူသော လှူဖွယ်ဝတ္ထုဟာ မြတ်စွာဘုရားရဲ့အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်ကြီးငါးခုကို ငါးလတာအတွင်း ပယ်နုတ်ပေးနိုင်တယ်ဆိုတဲ့ သဘောလေးကို သိလိုက်တဲ့အတွက်ကြောင့်လည်း စေတနာသဒ္ဓါတရားတွေဟာ တဖွားဖွားနဲ့ တိုးပွားခွင့်ရပြန်ပါတယ်။

တခြားအလှူဒါနတွေကတော့ ကိုယ်တတ်နိုင်လို့ မြင်းမိုရ်တောင်လောက်ရှိတဲ့ ရွှေတုံးကြီးတွေကို သံဃာကို လှူတောင်မှ အဲဒီမြင်းမိုရ်တောင်လောက်ကြီးတဲ့ ရွှေတုံးကြီး၊ ရွှေခဲကြီးတွေလှူတဲ့ အလှူဒါနက မြတ်စွာဘုရားရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ် ဘယ်တစ်ခုကိုမှ လျှော့ပေါ့မပေးနိုင်ပါဘူး။ ခုကထိန်သင်္ကန်းကလေးကတော့ လျှော့ပေါ့ပေးနိုင်တယ်။

အဲဒီလို တခြားဒါနတွေနဲ့ မတူတဲ့ထူးခြားချက်ကြီးကို သိခွင့်ရလိုက်တဲ့အတွက်ကြောင့်လည်း စေတနာသဒ္ဓါတရားတွေဟာ တသိမ့်သိမ့် တငြိမ့်ငြိမ့်နဲ့ တဖွားဖွားဖြစ်ပေါ်ခွင့် ရသွားပြန်ပါတယ်။

အဲဒီလိုအားဖြင့် လှူဖွယ်ဝတ္ထုရဲ့ထူးခြားချက်နဲ့လည်း ပြည့်စုံပါတယ်။ အလှူခံပုဂ္ဂိုလ်ရဲ့ ထူးခြားချက်နဲ့လည်း ပြည့်စုံပါတယ်။ စေတနာ သဒ္ဓါတရားရဲ့ ထူးခြားချက်နဲ့လည်း ပြည့်စုံပါတယ်။ ထူးခြားချက်သုံးခုနဲ့ ပြည့်စုံနေတဲ့အတွက်ကြောင့် ကထိန်ဒါနဟာ ထူးခြားသောဒါနဖြစ်ပါတယ်။

http://www.dhammadownload.com

ကထိန်ဒါနဟာ ထူးခြားသောဒါန ဖြစ်တဲ့အတွက်ကြောင့် ကထိန်ဒါန ပြုလုပ်ကြသော ကထိန်အလှူရှင်များဟာလည်း ထူးခြားသောအလှူရှင်များ ဖြစ်ရပါတယ်။ ထူးခြားသောအလှူရှင်ဖြစ်တာကိုပဲ ဘယ်လိုတင်စားထားလိုက်သလဲ။ 'အိုဘယ့်အလှူရှင်' လို့ တင်စားထားလိုက်တယ်။

တရားခေါင်းစဉ်က 'အိုဘယ့်အလှူရှင်' လို့ နာမည်ပေးထားတယ်။ ဘာများပါလိမ့်လို့ စဉ်းစားလိုက်ပြီဆိုရင် သဘောပေါက်ရမှာက အိုဘယ့်အလှူရှင် ဆိုတာ ထူးခြားသော အလှူရှင်ကို ပြောတာ။ ထူးခြားသောအလှူရှင်ဆိုတာလည်း ထူးခြားသော ကထိန်အလှူကို လှူရလို့ ပြောတာ။ ဒါကို မမေ့လိုက်ကြနဲ့နော်။

■

http://www.dhammadownload.com

## ထူးခြားတာလှူမှတော့ ထူးခြားတာပဲ ရချင်တယ်

ကထိန်အလှူဟာ ဘာတွေကြောင့် ထူးခြားတာလဲဆိုရင် လှူဖွယ်ဝတ္ထုဘက်က ကြည့်လိုက်ပြန်ရင်လည်း သိက္ခာပုဒ်ဝန်ထုပ်တွေ လျှော့ပေါ့ပေးနိုင်လို့ ထူးခြားနေတယ်။

အလှူခံပုဂ္ဂိုလ်ဘက်က ကြည့်လိုက်ပြန်ရင်လည်း သံဃာပဲ ဖြစ်နေတဲ့အတွက်ကြောင့် ထူးခြားနေတယ်။

စေတနာသဒ္ဓါတရားဘက်က ကြည့်လိုက်ပြန်ရင်လည်း အချိန်အကန့်အသတ်ရှိနေတဲ့အတွက်ကြောင့် ပုဗ္ဗစေတနာတွေ တဖွားဖွား ဖြစ်ခွင့်ရလို့ ထူးခြားနေတယ်။ အဲဒီလို ထူးခြားခြင်းသုံးဖြာနဲ့ ပြည့်စုံတဲ့အတွက်ကြောင့် ကထိန်အလှူသာ အထူးခြားဆုံးအလှူ ဖြစ်ပါတယ်။

အဲဒီလို အာရုံပြုပြီးတော့ တရားနာပရိသတ်များက ဝမ်း

http://www.dhammadownload.com

မြောက်ဝမ်းသာဖြစ်ဖို့ပါပဲ။ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ငါတို့ လှူဒါန်းရတဲ့ အထူးခြားဆုံးအလှူဟာ ဘာအတွက်ဖြစ်ရမလဲဆိုရင် အကြောင်းတရားအနေနဲ့ အထူးခြားဆုံး အကြောင်းတရားကို ရနေမှ တော့ အကျိုးတရားအနေနဲ့လည်း အထူးခြားဆုံး အကျိုးတရားကိုပဲ တောင့်တလိုက်တော့ပေါ့။

လူ့ရဲ့ ကာမဂုဏ်အာရုံတွေဆိုတာလည်း ဘာမှ မထူးခြားပါဘူး။ သူ့သူ့ကိုယ်ကိုယ် ခံစားခွင့်ရနေတာပါပဲ။ နတ်ရဲ့ကာမဂုဏ်အာရုံတွေဆိုတာလည်း ဘာမှ မထူးခြားပါဘူး။ သံသရာတစ်လျှောက်လုံး ခံစားခဲ့ဖူးလှပါပြီ။

လူ့ကာမဂုဏ်၊ နတ်ကာမဂုဏ်ကို ပေါင်းပြီးခေါ်လိုက်တဲ့ လောကီအာရုံ ကာမဂုဏ်ချမ်းသာဆိုတာ လူဖြစ်မှ၊ နတ်ဖြစ်မှ ခံစားခွင့်ရတာ မဟုတ်ပါဘူး။ မစင်တွင်းထဲက လောက်ဖြစ်ခဲ့စဉ်ဘဝတုန်းကလည်း တဝကြီး ခံစားခဲ့ပြီးပါပြီ။

လောကီအာရုံ ကာမဂုဏ်ချမ်းသာ ဆိုတာ ခွေးဖြစ်စဉ်၊ လောက်ဖြစ်စဉ်မှာတောင်မှ ခံစားခဲ့ရတာပါ။ တိရစ္ဆာန်တွေတောင်မှ ခံစားခွင့်ရှိတဲ့ စည်းစိမ်းချမ်းသာဆိုတာ ဘာမှ ဘဝင်မြင့်နေစရာ မလိုပါဘူး။ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေ စိတ်ရှိတိုင်း ခံစားရလို့ ငါ့လိုလူ ဇမ္ဗူရှိသေးလားလို့ မာနထောင်စရာ ဘာမှအကြောင်း မရှိပါဘူး။

ငါခံစားနေရတဲ့ လောကီအာရုံ ကာမဂုဏ်ချမ်းသာဆိုတာ ခွေးတစ်ကောင်လည်း ခံစားနေရတာပဲ။ လောက်တစ်ကောင်လည်း ခံစားနေရတာပဲလို့ နှလုံးသွင်းလိုက်တော့ ကာမဂုဏ်ချမ်းသာဆိုတာ

http://www.dhammadownload.com

ဘာမှ မက်မောနေစရာ အကြောင်းမရှိတော့ပါဘူး။

သံသရာတစ်လျှောက်လုံးလည်း ခံစားခဲ့ပြီးပြီ။ ခုလည်းခံစားနေရတုန်းပဲ။ သံသရာမကျွတ်သေးသမျှ နောက်ဘဝတွေမှာလည်း ဘဝအမျိုးမျိုး ကျင်လည်ပြီးတော့ ခံစားရဦးမှာဆိုတော့ ကာမဂုဏ်ချမ်းသာဟာ ဘာမှ မထူးခြားပါဘူး။

ဈာန်ချမ်းသာဆိုတာကလည်း သံသရာမှာ ဈာန်တွေ ခဏခဏရလို့ ဗြဟ္မာကြီးတွေလည်း အကြိမ်ကြိမ် ဖြစ်ခဲ့ပြီးပါပြီ။ ဈာန်တွေရလို့ ဗြဟ္မာ့ဘုံတွေရောက်၊ ဗြဟ္မာ့ဘုံကနေ ဈာန်လျှောတော့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ အကုသိုလ်ကံတွေက အကျိုးပေးတော့ ဗြဟ္မာ့ပြည်ဖြစ်ပြီးမှလည်းပဲ တိရစ္ဆာန်ဘဝတွေဖြစ်လိုက်နဲ့ ဖြစ်ခဲ့ရပြီးပါပြီ။

ဗြဟ္မာ့ပြည်ကနေ တိရစ္ဆာန်ဘဝ တိုက်ရိုက်တော့ မရောက်ပါဘူး။ ဗြဟ္မာ့ပြည်ကနေ လူဖြစ်မယ်၊ နတ်ဖြစ်မယ်၊ အဲဒီကနေမှတစ်ဆင့် တိရစ္ဆာန်ဖြစ်တာပေါ့။ တရားနာပရိသတ်များ ဗြဟ္မာနဲ့ပတ်သက်လို့ စကားပုံတစ်ခုတော့ ကြားဖူးမှာပေါ့။ ဘာတဲ့တုံး။

'ဗြဟ္မာ့ပြည်မှာတဝင်းဝင်း၊ ဝက်စားကျင်းမှာတရှုတ်ရှုတ်'၊ ဗြဟ္မာ့ပြည်မှာ တဝင်းဝင်းနဲ့ ဖြစ်ပြီးတော့ ဝက်စားကျင်းမှာလည်း တရှုတ်ရှုတ်နဲ့ ဖြစ်ရသေးတယ်။ ဗြဟ္မာ့ပြည်ကနေ စုတေပြီးတော့ ဝက်တန်းဖြစ်တာကို ပြောတာမဟုတ်ဘူးနော်။ ကြားထဲမှာ လူတို့ နတ်တို့ သုဂတိတစ်ခုခုတော့ ခံရသေးတယ်။ တိုက်ရိုက်သွားလို့ မရဘူး။

အဲဒီလိုအားဖြင့်ပေါ့လေ။ သံသရာမှာ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေ၊ ဈာန်ချမ်းသာတွေဆိုတာ ထူးခြားတဲ့ချမ်းသာတွေ

http://www.dhammadownload.com

မဟုတ်ပါဘူး။ ထူးခြားတဲ့ချမ်းသာကတော့ နိဗ္ဗာန်ချမ်းသာ ဖြစ်ပါတယ်။

နိဗ္ဗာန်ချမ်းသာဟာ သံသရာမှာ တစ်ခါမှ မခံစားဖူးသေးတဲ့ ချမ်းသာဖြစ်ပါတယ်။ ပြီးတော့ နိဗ္ဗာန်ချမ်းသာဟာ တခြားချမ်းသာတွေလို ဆင်းရဲဒုက္ခတွေနဲ့ ရောပြွမ်းနေတဲ့ ချမ်းသာမဟုတ်ဘဲ ဆင်းရဲဒုက္ခ လုံးဝမစွက် ချမ်းသာသက်သက် ဖြစ်ပါတယ်။ နိဗ္ဗာန်ရောက်ပြီးမှ အပါယ်လေးပါး ပြန်ကျရတယ်ဆိုတာလည်း မရှိပါဘူး။

ကိုယ်ရထားတဲ့ နိဗ္ဗာန်ချမ်းသာကြီး ဖောက်ပြန်ပျက်စီးသွားတယ်ဆိုတာလည်း မရှိပါဘူး။ လောကမှာ ဘယ်တော့မှ မပျက်စီးဘဲ အစဉ်ထာဝရ တည်တံ့ခိုင်မြဲတဲ့ ချမ်းသာဆိုလို့ နိဗ္ဗာန်ချမ်းသာတစ်ခုပဲ ရှိပါတယ်။ ဒါ့ကြောင့် နိဗ္ဗာန်ချမ်းသာသာလျှင် ထူးခြားတဲ့ချမ်းသာ၊ အထူးခြားဆုံးချမ်းသာ ဖြစ်ပါတယ်။

ဒါ့ကြောင့် မိမိတို့ ဒီနေ့ပြုရတဲ့ အထူးခြားဆုံးဒါနဟာ အထူးခြားဆုံး အကျိုးတရားဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရဖို့အတွက်သာ ဖြစ်ပါစေလို့ အာရုံပြုပြီးတော့ ရေစက်ချကြရမှာပါပဲ။

ဒီကထိန်ဒါနဟာ မိမိက နိဗ္ဗာန်အထိရည်စူးထားရင် နိဗ္ဗာန်အထိ အကျိုးပေးနိုင်တယ်။ ဒီထူးခြားတဲ့ ကထိန်ဒါနကြောင့် သံသရာမှာ ထူးခြားတဲ့ အကျိုးတရားတွေ ရပါရစေလို့ပဲ တောင့်တနေလို့ရှိရင်တော့ အဲဒီ ထူးခြားတဲ့ လောကီအကျိုးတွေရတာနဲ့ပဲ ပြီးသွားမယ်။ နိဗ္ဗာန်ထိရောက်အောင် ကျေးဇူးမပြုနိုင်ဘူး။

■

http://www.dhammadownload.com

## သူတို့ထူးသလို တို့လည်းထူးရမှာပေါ့

ကထိန်အကျိုးဆိုတာကလည်း အထူးပြောစရာတော့ မလိုပါဘူး။ ခုန သိက္ခာပုဒ်ဝန်ထုပ်ငါးခုကို ခေတ္တလျှော့ချပေးလိုက်တဲ့ အကျိုးကျေးဇူးကို ကြည့်လိုက်ရင် ကထိန်အကျိုးငါးပါးဆိုတာ ယူလို့ရပါပြီ။

သံဃာတော်များ ကထိန်ရဲ့အကျိုးအာနိသင်ကြောင့် လွတ်လွတ်လပ်လပ် သွားလိုရာသွားနိုင်သလို ကထိန်အလှူရှင်များလည်း သွားလိုရာခရီးကို လွတ်လွတ်လပ်လပ် သွားနိုင်ပြီ။

မိမိက ဟိုနေရာသွားချင်တယ်၊ ဒီနေရာသွားချင်တယ်ဆိုရင် ဟိုလူကမသွားနဲ့ ဒီလူကမသွားနဲ့ဆိုတာမျိုး မဖြစ်တော့ဘူး။ မိမိသွားချင်တဲ့ခရီး၊ မိမိသွားရမယ့်ခရီးကို အပိတ်အပင် အဟန့်အတားမရှိ လွတ်လွတ်လပ်လပ်သွားနိုင်ပြီ။

http://www.dhammadownload.com

တစ်နည်းအားဖြင့်လည်း မိမိရဲ့ ဘဝခရီးလမ်းဟာ ဖြောင့်ဖြောင့်တန်းတန်း ဖြစ်သွားပြီ။ မိမိရဲ့ ဘဝခရီးလမ်းမှာ စိတ်ညစ်စရာကောင်းတဲ့ အပိတ်အပင် အဟန့်အတားတွေ ဘာမှ မတွေ့ရတော့ဘဲနဲ့ ပန်းခင်းသောဘဝလမ်းမှာ မိမိတို့ လျှောက်လှမ်းကြရတော့မယ်။

နောက်အကျိုးတစ်ခု၊ သံဃာတော်များ ကထိန်ရဲ့ အကျိုးအာနိသင်ကြောင့် သွားလေရာ သက်နှင်းသုံးထည်လုံး သယ်ဆောင်ပြီးသွားစရာ မလိုတော့သလို ကထိန်အလှူရှင်များလည်းပဲ ခရီးတစ်ခုသွားမယ်ဆိုရင် ပေါ့ပေါ့ပါးပါးနဲ့၊ ဝန်ထုပ်ဝန်ပိုး နည်းနည်းနဲ့ သွားနိုင်တော့မယ်။

ဝန်ထုပ်ဝန်ပိုးများနေရင်တောင်မှ ကိုယ်သယ်စရာ မလိုဘူး၊ ကိုယ့်နောက်က သယ်ပေးမယ့်လူ အဆင်သင့်နဲ့ပေါ့။ အဲဒီတော့ သွားလိုရာခရီးကို ဝန်ထုပ်ဝန်ပိုး ပေါ့ပေါ့ပါးပါးနဲ့ သွားလာနိုင်တယ်။

တစ်နည်းအားဖြင့်လည်း မိမိတို့ဘဝခရီးမှာ၊ ဘဝတာဝန်တွေထမ်းဆောင်တဲ့နေရာမှာ ဝန်ထမ်းလည်း ဝန်ထမ်းမို့၊ စီးပွားရေးသမားလည်း စီးပွားရေးသမားမို့ မိမိရဲ့ ဘဝလုပ်ငန်းကိစ္စတွေကို ဝန်ထုပ်ဝန်ပိုး ပေါ့ပေါ့ပါးပါးနဲ့ လုပ်ဆောင်နိုင်ကြမယ်။ ဘာအလုပ်ပဲဖြစ်ဖြစ်ပေါ့ပေါ့ပါးပါးလေးနဲ့ပဲ ပြီးဆုံးသွားရမယ်ပေါ့။ အလုပ်ကြောင့် စိတ်လေးလံရတယ်ဆိုတာ မရှိတော့ဘူးပေါ့။

နောက်အကျိုးတစ်ခု၊ သံဃာတော်များ ကထိန်ရဲ့ အကျိုးအာနိသင်ကြောင့် မအပ်စပ်တဲ့အသုံးအနှုန်းနဲ့ ပင့်ထားတဲ့ ဆွမ်းတွေလည်း စားကောင်းသလို ကထိန်အလှူရှင်များလည်း ဘယ်အစားအစာ စားလို့မှ အဆိပ်အတောက် မဖြစ်တော့ဘူး။

http://www.dhammadownload.com

သူများက ပယောဂနည်း၊ အောက်လမ်းနည်း စတဲ့ မကောင်းတဲ့နည်းလမ်းတွေနဲ့ ပြုလုပ်ထားတဲ့၊ အပင်းသွင်းထားတဲ့၊ ပြုစားထားတဲ့ အစားအစာတွေကို စားပေမယ့်လည်း အဆိပ်အတောက် မဖြစ်တော့ပါဘူး။ စားချင်ရာ လွတ်လွတ်လပ်လပ် စားနိုင်ပါပြီ။

ဒါပေမဲ့လည်း ဘာစားစား၊ ဘာသောက်သောက် အနည်းဆုံး သရဏဂုံသုံးပါးလောက်တော့ ရွတ်ပြီးမှ စားသောက်ပေါ့နော်။ သရဏဂုံတို့ အဋ္ဌာနမေတ်တို့ ရွတ်ပြီးမှ စားသောက်တာကတော့ ဘေးရန်အန္တရာယ် အကင်းဆုံးပါပဲ။

တစ်နည်းအားဖြင့်လည်း အစားအသောက်ပေါများခြင်းဆိုတဲ့ အကျိုးကို ရနိုင်ပါပြီ။ ကိုယ်လှူတာကတော့ သက်န်းပဲ။ ဒါပေမဲ့ တစ်ဖက်သားမှာ အစားအသောက်နဲ့ ပတ်သက်ပြီး အဆင်ပြေသွားတဲ့အတွက် ကိုယ့်ကျတော့လည်း အစားအသောက် အဆင်ပြေသွားရပါတယ်။

နောက်အကျိုးတစ်ခု၊ သံဃာတော်များ ကထိန်ရဲ့ အကျိုးအာနိသင်ကြောင့် သင်္ကန်းတွေကို လိုသလောက် သိမ်းဆည်းထားနိုင်သလို ကထိန်အလှူရှင်များလည်း ဘဝမှာ အဝတ်အထည်ပေါများခြင်းဆိုတဲ့ အကျိုးကို ရပါလိမ့်မယ်။

အဝတ်အထည်တွင်မကပါဘူး။ အသုံးအဆောင် ပစ္စည်းမျိုးစုံပေါများခြင်းဆိုတဲ့ အကျိုးတရား၊ လာဘ်လာဘမျိုးစုံ ပေါများခြင်းဆိုတဲ့ အကျိုးတရားတွေ ရရှိပါလိမ့်မယ်။

အထူးသဖြင့်တော့ သင်္ကန်းလှူထားတာဖြစ်တဲ့အတွက် အဝတ်အစား ပေါများခြင်းဆိုတဲ့ အကျိုးကို ရမယ်ပေါ့။ ဟိုလူက အင်္ကျီ

http://www.dhammadownload.com

လက်ဆောင် လာပေးလိုက်၊ ဒီလူက ပုဆိုးလက်ဆောင် လာပေးလိုက်၊ ဟိုလူက လာကန်တော့သွားလိုက်၊ ဒီလူက လာကန်တော့သွားလိုက်နဲ့ ပေါ့လေ။ ကိုယ်တိုင် ဝယ်လိုက်ရတယ်ကို မရှိဘူး။ ဝယ်ရလည်းပဲ ဝယ်နိုင်လို့ ဝယ်နေတာဖြစ်တဲ့အတွက် အဝတ်အစားပေါများခြင်း အကျိုး ရနေတာပါပဲ။

နောက်ဆုံးအကျိုးတရားကတော့ သံဃာတော်များဟာ ကထိန်ရဲ့ အကျိုးအာနိသင်ကြောင့် 'သံဃသ ဒေမ' လို့ လှူလာတဲ့ သံဃိက သင်္ကန်းတွေကို ကထိန်အာနိသင်ရသူတွေပဲ ကွက်ပြီးတော့ ဝေဖန်ပိုင်ခွင့်ရှိသလို ကထိန်အလှူရှင်များဟာလည်း မိမိတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဘယ်သူကမှ လာပြီး လုယူလို့ မရတော့ဘူး။ ကိုယ်ရမယ့် အခွင့်အရေးကို ကိုယ်ပဲ ပိုင်ဆိုင်ခွင့်ရှိသွားပြီ။

ကိုယ်ရရှိထားတဲ့၊ ကိုယ်ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာ၊ သက်ရှိသက်မဲ့ အသုံးအဆောင်တွေကိုလည်း ဘယ်ရန်သူမျိုး ငါးပါးကမှ လာရောက်နှိပ်စက် ဖျက်ဆီးလို့ မရတော့ဘူး။

ဒါက ကထိန်အာနိသင်ကနေ တိုက်ရိုက်ဆက်နွယ်ပြီး ရတဲ့ အကျိုးတရားပါ။ သင်္ကန်းလှူတဲ့ အကျိုးတရားတွေရော၊ သင်္ကန်းဆိုတာကလည်း အဝတ်အထည်တစ်မျိုးဖြစ်လို့ အဝတ်အထည် လှူရခြင်းရဲ့ အကျိုးတရားတွေရော၊ ဆွမ်းလှူတဲ့ အကျိုးတရားတွေရော၊ ဘာဒါနဖြစ်ဖြစ် ဒါနမှန်ရင်ရမယ့် အကျိုးတရားတွေရော မရေတွက်နိုင်အောင် ရရှိပါလိမ့်မယ်။

ဘာပစ္စည်းလှူလှူ၊ ဘာဒါနပြုပြု၊ ဒါနမှန်ရင်ရမယ့် အကျိုးတရားတွေ၊ ဒါနအားလုံးနဲ့ သက်ဆိုင်တဲ့ အကျိုးတရားတွေကတော့

http://www.dhammadownload.com

ဖြစ်လေရာဘဝတိုင်း ချမ်းသာကြွယ်ဝခြင်း၊ ပစ္စည်းဥစ္စာ ပေါများခြင်း၊ အသုံးအဆောင် ပြည့်စုံခြင်း ဆိုတဲ့အကျိုးတရားတွေပါပဲ။

သက်န်းလှူရခြင်းရဲ့ အကျိုးတရားတွေကတော့ အမျိုးသား ဆိုရင် မြတ်စွာဘုရားရှင်က 'ဧဟိ ဘိက္ခု = ချစ်သားရဟန်း လာလော့' လို့ ခေါ်လိုက်တာနဲ့ တန်ခိုးကြောင့်ဖြစ်တဲ့ သပိတ်သင်္ကန်းတွေ ဝတ်ဆင် ပြီးသား ရဟန္တာ (ဧဟိဘိက္ခုရဟန္တာ) ဖြစ်ရခြင်း၊ အမျိုးသမီးဆိုရင် ရတနာခုနစ်ပါးနဲ့ စီခြယ်မွမ်းမံထားတဲ့ တန်ဖိုးကြီး မဟာလတာတန် ဆာဝတ်စုံဆန်း ဝတ်ဆင်ရခြင်း ဆိုတဲ့အကျိုးတရားတွေပါပဲ။

အဝတ်အထည်လှူရခြင်းရဲ့ အကျိုးတရားတွေကတော့ ဖြစ် လေရာဘဝတိုင်း ရွှေအဆင်းလို ဝါဝင်းလှပခြင်း၊ အညစ်အကြေး ကင်း စင်ခြင်း၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်း၊ ခန္ဓာကိုယ် ပြေပြစ်နူးညံ့ ခြင်း၊ ဦးခေါင်းထက်မှာ အရောင်မျိုးစုံအဝတ်အထည်တွေ မိုးကာနေ ခြင်း၊ ပိုး၊ ဖဲ၊ ကမ္ဗလာ၊ ဝါ စတဲ့ အဝတ်အထည်အမျိုးမျိုးကို အလိုရှိ သလောက် ရနိုင်ခြင်းဆိုတဲ့ အကျိုးတရားတွေပါပဲ။

ဆွမ်းလှူရခြင်းရဲ့ အကျိုးတရားတွေကတော့ အသက်ရှည် ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာ ကြီးခြင်း ဆိုတဲ့ အကျိုးတရားတွေပါပဲ။

ဒီလောကီကောင်းကျိုးချမ်းသာတွေကို အထူးတလည် အာရုံ ပြုမနေဘဲနဲ့ လောကမှာ အထူးခြားဆုံးချမ်းသာ၊ လောကမှ လွန် မြောက်တဲ့ အထူးခြားဆုံးချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအတွက်သာ ဖြစ်ပါ စေလို့ အာရုံပြုပြီးတော့ လှူဒါန်းကြရမယ်။ အဲဒီလိုအာရုံပြုပြီးတော့ လှူဒါန်းနိုင်ကြပါစေ။

http://www.dhammadownload.com

## ဝန်ထုပ်မှန်သမျှ ပစ်ချနိုင်ပါရစေ

တစ်နည်းအားဖြင့် 'ဝန်ထုပ်မှန်သမျှ ပစ်ချနိုင်ပါရစေ' လို့ အာရုံပြု စိတ်ညွတ်ပြီး လှူဒါန်းနိုင်ကြပါစေ။ 'ဝန်ထုပ်မှန်သမျှ ပစ်ချနိုင်ပါရစေ' ဆိုတဲ့ ဆုတောင်းနဲ့ 'နိဗ္ဗာန်မျက်မှောက်ပြုပါရစေ' ဆိုတဲ့ ဆုတောင်း သဘောချင်း အတူတူပါပဲ။ နိဗ္ဗာန်ကို အပြီးတိုင် မျက်မှောက်ပြုရမှ ဝန်ထုပ်အားလုံးကို ပစ်ချနိုင်မှာ မဟုတ်လား။

ဝန်ထုပ်အားလုံးထဲမှာ ခန္ဓာဝန်ထုပ်ဟာ အလေးလံဆုံး ဝန်ထုပ်ပါ။ နိဗ္ဗာန်မရောက်မချင်း ခန္ဓာဝန်ထုပ်ကြီးကို ထမ်းနေရဦးမှာပါပဲ။ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်စံရရင်တော့ ခန္ဓာဝန်ထုပ် လုံးဝ မထမ်းရတော့ပါဘူး။ ရဟန္တာမဖြစ်သေးလို့ သံသရာမှာ ကျင်လည်ပြီး ခန္ဓာဝန်ထုပ် ထမ်းနေရတယ်ဆိုတောင်မှ သိပ်လေးလေးလံလံကြီး မထမ်းရဘဲ ပေါ့ပေါ့ပါးပါးလေးပဲ ထမ်းရမယ်ဆိုရင်တော့ အများကြီး

http://www.dhammadownload.com

သက်သာတာပေါ့။

ခန္ဓာဝန်ထုပ်ကို ပေါ့ပေါ့ပါးပါး ထမ်းဆောင်ခွင့် ရစေနိုင်တဲ့ ကောင်းမှုကတော့ ကထိန်အလှူပါပဲ။ ဘာလို့လဲဆိုတော့ ကထိန်အလှူ ဟာ ကထိန်အလှူခံရဟန်းတော်တွေကို ဝန်ထုပ်ပေါ့ပါးအောင် စွမ်း ဆောင်ပေးလို့ပါပဲ။

ကထိန်အာနိသင်ငါးပါးထဲက ဒုတိယမြောက် အာနိသင်ကို ပြန်ကြည့်လိုက်လေ။ ကထိန်ခင်းပြီးတဲ့ ရဟန်းတော်တွေဟာ အဓိဋ္ဌာန် တင်ထားတဲ့ သင်္ကန်းသုံးထည်ကို သွားလေရာ ယူဆောင်သွားစရာ မလိုဘူး။ ချထားလို့ရတယ်၊ ချန်ထားလို့ရတယ်လို့ ပါတယ်မဟုတ်လား။

မြတ်စွာဘုရား ကထိန်ခင်းဖို့ ခွင့်ပြုရတာကိုက ဒီအာနိသင်ကို အဓိက ရစေချင်လို့ပါ။ ရဟန်းတော်တွေ သွားလေရာ နှစ်ထပ်သင်္ကန်း ကြီး ယူယူသွားပြီး ဝန်ထုပ်ဝန်ပိုးဖြစ်နေတာကို သက်သာပေါ့ပါးသွား စေချင်လို့ပါ။

ဝန်ထုပ်ဝန်ပိုးတွေကို ခေတ္တခဏ ပစ်ချထားစေချင်တဲ့ ရည် ရွယ်ချက်နဲ့ ကထိန်ခင်းဖို့ မြတ်စွာဘုရား ခွင့်ပြုခဲ့တာပါ။ ဒီအကြောင်း ပေါ်လွင်အောင် ကထိန်သမိုင်း အကျဉ်းချုပ်လေး အာရုံပြုကြည့်ရ အောင်။

မြတ်စွာဘုရား၊ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းမှာ သီတင်း သုံးတော်မူနေတဲ့အချိန်။ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်လို့ နာမည်ကြီးတဲ့ ပါဝေယျကတိုင်းသား (ပါဝါပြည်သား) ခုတင်ဆောင်ရဟန်းတော် အပါးသုံးဆယ်ဟာ မြတ်စွာဘုရားကို ဖူးမြော်ဖို့ ပါဝါမြို့ကနေ သာဝတ္ထိ မြို့ကို ဝါဆိုအမီ ကြွချီလာခဲ့ကြပါတယ်။

http://www.dhammadownload.com

ဝါဆိုခါနီးမှ ကပ်ပြီး ကြွလာကြတာဆိုတော့ သာဝတ္ထိကို ဝါဆိုအမီ မရောက်တော့ဘဲ သာဝတ္ထိနဲ့ ခြောက်ယူဇနာ (၄၈မိုင်) ဝေးတဲ့ သာကေတမြို့မှာပဲ ဝါဆိုဝါကပ်လိုက်ကြရပါတယ်။

ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုတာလို မြတ်စွာဘုရား အနား ရောက်ခါနီးမှ မဖူးတွေ့ရတာမို့ ရဟန်းတော်များဟာ ဝါတွင်း သုံးလလုံး မပျော်မမွေ့ဘဲ အချိန်ကုန်ခဲ့ကြရပါတယ်။ ဝါကျွတ်လို့ ပဝါရဏာ ပြုပြီးတာနဲ့ သာဝတ္ထိကို ချက်ချင်းကြွတော်မူကြပါတယ်။

ဝါကျွတ်ပေမယ့် မိုးကမကုန်သေးတော့ မိုးကြီးလေကြီးထဲမှာပဲ ပင်ပန်းဆင်းရဲစွာ ကြွကြရပါတယ်။ မိုးက အသည်းအထန်ရွာ၊ လမ်းက ရေတင်းကျမ်းပြည့်၊ ရွှံ့တွေဗွက်တွေက တင်ပါးထိနစ်၊ ဒီကြားထဲ နှစ်ထပ်သင်္ကန်း ထူထူကြီးတွေထဲ ရေကဝင်နေလို့ သင်္ကန်းရေအိတ်ကြီးတွေကို လေးလေးလံလံ ထမ်းထားရသေး၊ ခရီးလည်း မတွင်၊ လူလည်း အင်မတန် ပင်ပန်းကြပါတယ်။

ခါးဝတ်သင်းပိုင်နဲ့ ကိုယ်ရုံ ကေသီလောက်ပဲ ဆိုရင်တော့ သင်္ကန်းဝန်ထုပ် သိပ်မလေးပါဘူး။ အခုတော့ ရေဝင်နေတဲ့ နှစ်ထပ်သင်္ကန်းကြီးတွေကိုပါ သယ်လာရတော့ အရမ်းလေးပြီး အရမ်းပင်ပန်းပါတယ်။ သယ်မလာပြန်ရင်လည်း အာပတ်က သင့်ဦးမှာကိုး။ တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းသုံးထည်နဲ့ ကင်းကွာပြီး အရုဏ်တက်လို့မှ မရဘဲ။

သာဝတ္ထိရောက်လို့ မြတ်စွာဘုရားကို ဖူးမြော်ပြီးတဲ့အခါ လမ်းခရီးမှာ သင်္ကန်းကြီးထမ်းပြီး ပင်ပန်းခဲ့ရတဲ့အကြောင်း လျှောက်ထားပါတယ်။

http://www.dhammadownload.com

မြတ်စွာဘုရားရှင်လည်း 'တကယ်လို့သာ ကထိန်ခင်းမှု ဝိ-နည်းကံကို ခွင့်ပြုပညတ်ထားခဲ့ရင် နှစ်ထပ်သင်္ကန်းကြီးကို သင့်တော်ရာမှာ ထားခဲ့ပြီး သင်းပိုင်, ဧကသီလောက်နဲ့ပဲ သွားလို့လာလို့ ရသွားမယ်။ ဒါဆို အခုလို ပင်ပန်းဆင်းရဲကြမှာ မဟုတ်တော့ဘူး။ ရှေးရှေးဘုရားရှင်တွေ အားလုံးလည်း ကထိန်ခင်းမှုဝိနည်းကံကို ခွင့်ပြုတော်မူခဲ့ကြတယ်' လို့ ဆင်ခြင်ပြီး . . .

'ပထမဝါဆိုပြီးလို့ ဝါကျွတ်ကြတဲ့ ရဟန်းတော်များကို ကထိန်ခင်းဖို့ ခွင့်ပြုပါတယ်' လို့ မိန့်ကြားတော်မူပါတယ်။ ကထိန်အာနိသင်ငါးပါးကိုပါ တစ်ဆက်တည်း ဟောကြားပြီး ကထိန်ခင်းဖို့ ခွင့်ပြုလိုက်ပါတယ်။

ကထိန်ခင်းပြီးလို့ ကထိန်အာနိသင်ရတဲ့ ရဟန်းတော်တွေဟာ သွားလေရာ နှစ်ထပ်သင်္ကန်းကြီးကို ယူဆောင်သွားစရာ မလိုတော့ပါဘူး။ အဲဒီအတွက် ဝန်ထုပ်ဝန်ပိုး အများကြီး သက်သာသွားပါတယ်။

ကထိန်အလှူရှင်တွေ လှူတဲ့ ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းခွင့်ရလို့ အခုလို ဝန်ထုပ်ဝန်ပိုး လျော့သွားရတာဖြစ်တဲ့အတွက် ကထိန်အလှူရှင်တွေဟာ ရဟန်းတော်တွေကို ဝန်ထုပ်ဝန်ပိုး သက်သာခြင်းဆိုတဲ့ ဆုလာဘ် ပေးလှူရာရောက်သွားပါတယ်။

သူတစ်ပါးကို ဝန်ထုပ်ဝန်ပိုး လျှော့ချပေးတဲ့သူဟာ ကိုယ်ကိုယ်တိုင်လည်း ဝန်ထုပ်ဝန်ပိုး လျော့ကျသွားမှာ ဓမ္မတာပါ။ တူသောအကျိုးပေးတတ်တဲ့ ကံတရားရဲ့ သဘာဝအတိုင်း ကထိန်အလှူရှင်တွေဟာ ဖြစ်လေရာဘဝတိုင်း ဘဝတာဝန်၊ ခန္ဓာ့တာဝန်ကို ပေါ့ပေါ့ပါးပါး

http://www.dhammadownload.com

သက်သက်သာသာနဲ့ ထမ်းဆောင်နိုင်ကြပါလိမ့်မယ်။ ဘဝနေထိုင်မှု ပုံစံ ချမ်းသာမယ်ပေါ့။

နောက်ဆုံးမှာ အလေးလံဆုံး ခန္ဓာဝန်ထုပ်ကို အပြီးတိုင် ပစ်ချနိုင်တဲ့ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံပြီး ဝန်ထုပ်ခပ်သိမ်း ချုပ်ငြိမ်းချမ်းသာသွားရပါလိမ့်မယ်။

ဒါ့ကြောင့် သံသရာမှာ ဘဝဝန်ထုပ် ပေါ့ပါးချမ်းသာဖို့ လောကတွင် စိတ်မညွတ်ဘဲ ခန္ဓာဝန်ထုပ် လုံးဝမရှိတော့တဲ့ နိဗ္ဗာန်အထိ စိတ်ညွတ်ပြီး ကထိန်အလှူကို လှူဒါန်းကြရပါမယ်။ လှူဒါန်းနိုင်ကြပါစေ။

■

http://www.dhammadownload.com

## ဒါနဟာသံသရာရှည်စေတယ်လို့ ထင်ရင် မှားမယ်နော်

အဲဒီလို အထူးခြားဆုံးအကျိုးဖြစ်တဲ့ နိဗ္ဗာန်ကို တောင့်တပြီး လှူတဲ့အလှူ ဝန်ထုပ်မှန်သမျှ လုံးဝမရှိတဲ့ နိဗ္ဗာန်ကို ရည်စူးပြီးလှူတဲ့ အလှူဟာ သံသရာခရီးကို ဖြတ်တောက်တဲ့အလှူ သံသရာ ပြတ်စေတဲ့အလှူ ဖြစ်ပါတယ်။

တချို့က ဒါနပြုရင် သံသရာရှည်တယ်လို့ ပြောတတ်ကြတယ်။ သဒ္ဓါတရားမဲ့တဲ့သူ၊ အသိဉာဏ်နည်းတဲ့သူတွေရဲ့ စကားပါ။ ‘ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ = လူမိုက်တွေဟာ ဒါနကို မချီးမွမ်းကြဘူး၊ ကဲ့ရဲ့ကြတယ်’ လို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

သံသရာရှည်ခြင်း၊ တိုခြင်းဟာ ဒါနကောင်းမှုနဲ့ မဆိုင်ပါဘူး။ ဒါနကောင်းမှုပြုသူရဲ့ စိတ်ထားနဲ့ပဲ ဆိုင်ပါတယ်။ သံသရာရှည်ချင်တဲ့ စိတ်ထားနဲ့ ဒါနကောင်းမှုပြုရင် သံသရာရှည်မယ်။ သံသရာတိုချင်တဲ့

http://www.dhammadownload.com

စိတ်ထားနဲ့ ဒါနကောင်းမှုပြုရင် သံသရာတိုမယ်။ တဏှာစိတ်ထားက သံသရာရှည်စေတယ်။ နေက္ခမ္မစိတ်ထားက သံသရာတိုစေတယ်။ ကိုယ့်စိတ်ထားက ကိုယ့်ကို အကျိုးပေးမှာပါပဲ။

ဘယ်လို ဒါနကောင်းမှုပဲပြုပြု၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ ပြုရင် အဲဒီ ဒါနကောင်းမှုက ကိုယ့်ကို သံသရာတိုစေ၊ သံသရာပြတ်စေမှာ သေချာပါတယ်။ တစ်ဖက်က ဝိပဿနာတရား ပွားများအားထုတ်ဖို့တော့ လိုတာပေါ့။

သံသရာဖြတ်ဒါနကောင်းမှုရဲ့ အထောက်အပံ့ကိုရတဲ့ ဝိပဿနာဉာဏ်ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အမြန်ဆုံး ကျေးဇူးပြုနိုင်တာမို့ ဒါနရှင် ဝိပဿနာသမားတစ်ယောက်အတွက် နိဗ္ဗာန်ဆိုတာ လက်တစ်ကမ်းမှာ အဆင်သင့် ရှိနေပါတယ်။

ဒီနေ့ ကထိန်အလှူရှင်များ လှူဒါန်းကြတဲ့ လှူဖွယ်ဝတ္ထုက သက်န်းဆိုတော့ သင်္ကန်းလှူပြီး နိဗ္ဗာန်ယူသွားတဲ့ သာဓကလေးတစ်ခု အကျဉ်းချုပ် အာရုံပြုပြီး တရားသိမ်းကြပါစို့။

ခုနစ်နှစ်သားနဲ့ ရဟန္တာဖြစ်သွားတဲ့ ဝနဝါသီ တိဿသာမဏေ ဆိုတာ တရားနာပရိသတ်များ ကြားဖူးကြပြီးသားပါ။ 'တစ်ယောက်တည်းနေ . . . တစ်စိတ်တည်းထား' တရားထဲမှာလည်း ထည့်ဟောခဲ့ဖူးပါတယ်။

ကိုရင်တိဿလေး ခုနစ်နှစ်သားနဲ့ ရဟန္တာဖြစ်သွားရခြင်းရဲ့ မူရင်းဇစ်မြစ်ကောင်းမှုက ဒါနကောင်းမှုပါ။ ဘဝပေါင်းများစွာ၊ ကမ္ဘာပေါင်းများစွာကပြုခဲ့တဲ့ ဒါနကောင်းမှုလည်း မဟုတ်ပါဘူး။ ဒီဘဝမရောက်ခင် အခြားမဲ့ဘဝ၊ အရင်ဘဝက ပြုခဲ့တဲ့ ဒါနကောင်းမှုပါ။

http://www.dhammadownload.com

ကိုရင်လေးဟာ ပြီးခဲ့တဲ့ဘဝ (ဒီဘဝနဲ့ အနီးကပ်ဆုံးဘဝ) တုန်းက ရာဇဂြိုဟ်မြို့မှာ မဟာသေန ဆိုတဲ့ နာမည်နဲ့ ပုဏ္ဏားကြီး တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။ နဂိုတုန်းက ချမ်းသာကြွယ်ဝခဲ့ပေမယ့် 'ပစ္စည်းသခင်္ခါရ၊ လူသင်္ခါရ' ဆိုတဲ့ သင်္ခါရသဘောတရားအရ ပစ္စည်းဥစ္စာတွေ တဖြည်းဖြည်း လျော့ကျပျက်စီးသွားတဲ့အတွက် နောက်ဆုံးမှာ တစ်နေ့စာတစ်နေ့ ရှာစားရတဲ့ အခြေအနေထိ ရောက်အောင် ဆင်းရဲသွားခဲ့ပါတယ်။

ဆင်းရဲလွန်းတဲ့အတွက် ဆွမ်းလေးတစ်ဇွန်းတောင် မလှူဒါန်းနိုင်တော့ပါဘူး။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး အိမ်ရှေ့ဆွမ်းခံလာရပ်တိုင်း လှူစရာ ဘာမှမရှိလို့ အတွေ့မခံဝံ့ဘဲ အိမ်ထဲမှာ (ပုဏ္ဏားကွယ်လေးမှာ) ပုန်းအောင်းနေခဲ့ရပါတယ်။ လှူချင်စိတ်ရှိပေမယ့် လှူဖွယ်ဝတ္ထု မရှိတော့ မလှူနိုင်ဘူးပေါ့။

ဒါနကောင်းမှုတစ်ခု အထမြောက်ဖို့ဆိုတာ လှူချင်စိတ် (သဒ္ဓါတရား)ရယ်၊ လှူဖွယ်ဝတ္ထုရယ်၊ အလှူခံပုဂ္ဂိုလ်ရယ်၊ အင်္ဂါ(၃)ချက် ပြည့်စုံရပါတယ်။ အင်္ဂါတစ်ခုခု ချို့တဲ့နေရင် ဒါနကောင်းမှု ဖြစ်ခွင့်မရှိပါဘူး။

ဒါ့ကြောင့် သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်တိုင်း ဒါနကောင်းမှု အချိန်မရွေး ပြုနိုင်ဖို့အတွက်၊ ဒါနကောင်းမှု များများပြုနိုင်ဖို့အတွက် ပစ္စည်းဥစ္စာကို အစွမ်းရှိသမျှ ကြိုးစားရှာဖွေ စုဆောင်းထားသင့်ပါတယ်။ 'ဒါနပြုဖို့ ပစ္စည်းရှာတယ်' လို့ နှလုံးသွင်းပြီး စီးပွားရေးလုပ်ရင် စီးပွားရှာနေရင်းနဲ့လည်း ကုသိုလ်ရပါတယ်။

မဟာသေနပုဏ္ဏားကြီးဟာ တစ်နေ့တော့ ပြာဟွကာမန္တာန်

http://www.dhammadownload.com

ရွတ်ပွဲတစ်ခုမှာ သွားပြီး ရွတ်ဖတ်သရဇ္ဈာယ်တဲ့အတွက် ညကျ်ပူဇော်ခ အနေနဲ့ နို့ထမင်းတစ်ခွက်နဲ့ ဖျင်ပိုင်းတစ်ပိုင်း ရလာခဲ့ပါတယ်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဆွမ်းခံကြွလာတဲ့အခါမှာ အဲဒီနို့ထမင်းနဲ့ ဖျင်ပိုင်းကို မိမိစားဖို့ ဝတ်ဖို့မထားဘဲ အကုန်လုံး လှူလိုက်ပါတယ်။

မစားရလို့ သေချင်သေပစေ၊ လှူမယ်၊ မဝတ်ရလို့ သေချင်သေပစေ၊ လှူမယ်ဆိုတဲ့ စိတ်မျိုးနဲ့ ကိုယ့်အတွက် လုံးဝ ချန်မထားဘဲ အိတ်သွန်ဖာမှောက် လှူလိုက်တဲ့ အဲဒီလိုအလှူမျိုးကို 'နိရဝသေသဒါန = အကြွင်းအကျန်မရှိ လှူတဲ့အလှူ အကြွင်းမဲ့အလှူ' လို့ ခေါ်ပါတယ်။

အဲဒီလို ဆင်းရဲလွန်းလို့ စားစရာဝတ်စရာ မရှိဖြစ်နေတဲ့ အချိန်မှာ ကိုယ့်အတွက် လုံးဝ မငဲ့ညှာဘဲ စိတ်စေတနာ သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ အကြွင်းအကျန်မရှိ လှူခဲ့တဲ့အလှူဒါနရဲ့ အကျိုးဆက်ကြောင့် ဒီဘဝမှာ ကိုရင်လေးဟာ အင်မတန် ဘုန်းကံကြီးမားပါတယ်။

ဘယ်လောက်ထိ ဘုန်းကံကြီးမားသလဲဆိုရင် . . . ခုနစ်နှစ်အရွယ် ကိုရင်ဝတ်ပြီးလို့ ပထမဦးဆုံး ဆွမ်းခံထွက်တဲ့နေ့မှာ အဝတ်လိပ်ငါးရာနဲ့ ဆွမ်းဝတ်ငါးရာ ရတယ်။ ဒုတိယနေ့မှာ အဝတ်လိပ်ငါးရာနဲ့ ဆွမ်းဝတ်ငါးရာ ရတယ်။ နှစ်ရက်ပေါင်း ဆွမ်းဝတ်တစ်ထောင် ရတယ်။ နေ့စဉ်နေ့စဉ် သံဃာအပါးတစ်ထောင်အတွက် အဲဒီကိုရင်က ဆွမ်းလှူနိုင်တယ်။

ဆောင်းတွင်းတစ်ည သံဃာတော်များ ချမ်းလွန်းလို့ ကမ္ဗလာခြုံထည်မရှိတဲ့အတွက် မီးလှုံနေကြတာမြင်လို့ သံဃာတစ်ထောင်ကို ဦးဆောင်ပြီးတော့ မြို့ထဲ ကမ္ဗလာအလှူခံထွက်လိုက်တာ မြို့ပြင်မှာ

http://www.dhammadownload.com

ကမ္ဗလာငါးရာ၊ မြို့တွင်းမှာ ကမ္ဗလာငါးရာ၊ ပေါင်း ကမ္ဗလာတစ်ထောင် နေ့ချင်းရတယ်။ အဲဒီလောက် ဘုန်းကံကြီးမားတယ်။

ဒီဘဝမှာလည်း မွေးဖွားပြီး မကြာခင် နာမည်ပေးကင်ပွန်းတပ်တဲ့နေ့က အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို သူ့ကို ခင်းသိပ်ထားတဲ့ တစ်သိန်းတန် ကမ္ဗလာ လှူဒါန်းခဲ့ပါတယ်။ ကလေးဘဝမှာ လှူခဲ့တဲ့အလှူက ခုနစ်နှစ်သားအရွယ်မှာ အကျိုးပေးတာကို ကြည့်ခြင်းအားဖြင့် ဒါနကောင်းမှုရဲ့ အကျိုးဟာ နောင်ဘဝအထိ မဆိုင်းဘူး၊ ဒီဘဝမှာတွင် အကျိုးပေးတယ်ဆိုတာကို သိနားလည်နိုင်ပါတယ်။

ဘုန်းကံဆိုတာ ကုသိုလ်ကောင်းမှုကို ပြောတာပါ။ ဘုန်းကံကြီးတယ်ဆိုတာ ကုသိုလ်ကောင်းမှုကြီးတယ် (ကုသိုလ်ကောင်းမှုများတယ်) လို့ ဆိုလိုပါတယ်။ ကုသိုလ်ကောင်းမှုနည်းရင် ဘုန်းကံနည်းမယ်၊ ကုသိုလ်ကောင်းမှုများရင် ဘုန်းကံကြီးမယ်။ ဒါ့ကြောင့် ဘုန်းကံကြီးသူ (ဘုန်းကြီးသူ) ဖြစ်ချင်ရင် ကုသိုလ်ကောင်းမှု များများပြုပါလို့ တိုက်တွန်းလိုက်ပါတယ်။

ကိုရင်လေးရဲ့ ဂုဏ်သတင်းက ကျော်ကြားတော့ သာဝတ္ထိမြို့ထဲက လူတွေက တအုန်းအုန်း၊ တရုန်းရုန်းနဲ့ လာပြီးတော့ ဖူးမြော်ကြတယ်။ ကြည်ညိုကြ၊ ပူဇော်ကြတယ်။

သာဝတ္ထိမြို့သားဆိုတော့ မိဘဆွေမျိုးတွေ၊ သူငယ်ချင်း အပေါင်းအသင်းတွေကလည်း အမြဲတမ်း လာပြီးတော့ စကားတွေပြောကြတယ်။ လာသမျှညှော်သည် လက်ခံပြီးတော့ စကားပြောနေရတဲ့အတွက်ကြောင့် ကိုရင်လေးမှာ တရားအားထုတ်ချိန် မရှိတော့ဘူး။

'ဒီအတိုင်းသာဆိုရင် ငါ့မှာ သာသနာတော်မှာ ထောက်တည်

http://www.dhammadownload.com

ရာရမှာ မဟုတ်တော့ဘူး။ ဒီအပေါင်းအဖော်ကို စွန့်ခွာပြီးတော့ ငါတစ်ယောက်တည်း တောထဲသွား တရားအားထုတ်မှ ဖြစ်တော့မယ်။ တစ်ယောက်တည်းနေပြီး တရားအားထုတ်မှပဲ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်တော့မယ်' လို့ ကိုရင်လေးက စဉ်းစားဆုံးဖြတ်လိုက်ပါတယ်။

ပြီးတော့ ကိုရင်လေးက သာဝတ္ထိမြို့နဲ့ ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးတဲ့၊ တစ်ယူဇနာ ရှစ်မိုင်နှုန်းနဲ့ တွက်မယ်ဆိုရင် မိုင်ပေါင်းကိုးရာခြောက်ဆယ်ကျော်ဝေးတဲ့ တောအုပ်တစ်ခုမှာ တစ်ပါးတည်းသွားပြီးတော့ သီတင်းသုံးတယ်။ ခုနစ်နှစ်အရွယ်ကိုရင်လေး တောထဲမှာ တစ်ယောက်တည်းနေပြီးတော့ တရားအားထုတ်တယ်။

ရွာထဲကို ဆွမ်းခံထွက်တော့ ရွာသူရွာသားတွေကလည်း ကြည်ညိုကြတဲ့အတွက် ဆွမ်းတွေ ဆက်ကပ်ကြတယ်။ ဆွမ်းတွေ ဆက်ကပ်ပြီးတဲ့နောက် အနုမောဒနာတရားဟောဖို့ တောင်းပန်ကြတယ်။

ကိုရင်လေးက ရှည်ရှည်ဝေးဝေး မဟောဘူး။ 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ' ဒါပဲဟောတယ်။ 'ချမ်းသာကြပါစေ၊ ဆင်းရဲကင်းကြပါစေ' ဒီလောက်ပဲ ဟောတယ်။

တရားရှည်ရှည်ဝေးဝေး ဟောနေမယ်ဆိုရင် ဒီနေ့တစ်မျိုး၊ နောက်နေ့တစ်မျိုး ဟောနေရမယ်။ တစ်နေ့နဲ့ တစ်နေ့ တရားမထပ်အောင် ဟောဖို့အတွက် ကြံစည်စဉ်းစားနေရတာနဲ့ ဝိပဿနာစိတ်တစ်စိတ်တည်း ထားနိုင်မှာ မဟုတ်တော့ဘူး။

တရားအလုပ် တကယ်တမ်း အားထုတ်နေသူတစ်ယောက်အတွက် တရားဟောတဲ့ အလုပ်ဟာ တရားနာသူအတွက် အပေါင်း

http://www.dhammadownload.com

လက္ခဏာဖြစ်ပေမယ့် တရားဟောသူအတွက်တော့ အနှုတ်လက္ခဏာပါပဲ။ ဒါ့ကြောင့် ကိုရင်လေးက စကားပြောခြင်း၊ တရားဟောခြင်းကို လုံးဝ ရှောင်ပြီး ဝိပဿနာစိတ် တစ်စိတ်တည်းထား တရားအားထုတ်လိုက်တာ အဲဒီဝါတွင်းမှာပဲ ပဋိသမ္ဘိဒါဉာဏ်လေးပါးနဲ့တကွ ရဟန္တာ ဖြစ်တော်မူသွားပါတယ်။

နို့ထမင်းနဲ့ ဖျင်ပိုင်း အရှင်သာရိပုတ္တရာကို လှူဒါန်းလိုက်စဉ်က သူ့ရဲ့ဆုတောင်းကတော့ 'ဤကောင်းမှုကြောင့် အရှင်ဘုရားသိတဲ့ သစ္စာလေးပါးကို ထိုးထွင်းသိပါရစေ' တဲ့။ ခုခေတ်သုံးစကားနဲ့ ပြောရရင်တော့ 'နိဗ္ဗာနပစ္စယော ဟောတု = နိဗ္ဗာန်ရဲ့ အထောက်အပံ့ ဖြစ်ပါစေ' ပေါ့။

သူ့ရဲ့ ဒါနကြောင့် လောကီကောင်းကျိုးတွေ ရဖို့ သူ ဆုမတောင်းပါဘူး။ လောကုတ္တရာကောင်းကျိုးရဖို့ပဲ ဆုတောင်းပါတယ်။ ဒါပေမဲ့ ဆုမတောင်းတဲ့ လောကီကောင်းကျိုးကိုလည်း မလိုချင်အဆုံး ရရှိခဲ့ပါတယ်။

ရန်ကုန်ကနေ မန္တလေးအထိ ရထားလက်မှတ်ဖြတ်ထားတဲ့ သူဟာ ပဲခူးဘူတာရောက်ပါစေ၊ သာစည်ဘူတာရောက်ပါစေ ဆုတောင်းနေစရာ မလိုပါဘူး။ သေချာပေါက် ရောက်ပါတယ်။ နိဗ္ဗာန်အထိ လက်မှတ်ဖြတ်ထားတဲ့ ဒါနကောင်းမှုကလည်း လောကီ လူနတ်ချမ်းသာဆိုတဲ့ ကြားဘူတာတွေကို အဆင့်အတန်းမြင့်စွာ ဖြတ်သန်းခွင့် မလွဲမသွေပေးမှာပါပဲ။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက ဖြစ်ဖို့အတွက် ပါရမီဖြည့်ရမယ့် ဘဝအပိုင်းအခြား၊ ကမ္ဘာအပိုင်းအခြား

http://www.dhammadownload.com

ရှိပါတယ်။ ရိုးရိုးသာဝက ဖြစ်ဖို့အတွက်တော့ ပါရမီဖြည့်ရမယ့် ဘဝ အပိုင်းအခြား၊ ကမ္ဘာအပိုင်းအခြား မရှိပါဘူး။ ဘဝကြာကြာ ဖြည့်ရသူ တွေရှိသလို တစ်ဘဝတည်း ဖြည့်ရုံနဲ့ ပြည့်စုံသွားသူတွေလည်း ရှိ ပါတယ်။

ကိုရင်လေး တိဿကတော့ တစ်ဘဝတည်းနဲ့ ပြည့်စုံသွားခဲ့ ပါတယ်။ ဒါနသက်သက်နဲ့တော့ မပြည့်စုံနိုင်ပါဘူး။ ဝိပဿနာကို အင်အားအပြည့်ထည့်ပြီး အားထုတ်မှ ပြည့်စုံနိုင်ပါတယ်။

ဒါ့ကြောင့် ရိုးရိုးသာဝကအဖြစ်နဲ့ နိဗ္ဗာန်ကို အမြန်ဆုံး မျက် မှောက်ပြုချင်တယ်ဆိုရင် ဒါန၊ သီလ၊ သမထ ကောင်းမှုတွေကို စွမ်း နိုင်သမျှ ကြိုးစားပြုရင်း သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အရှိန် အဟုန်ကောင်းကောင်း၊ အင်အားပါပါ၊ စွမ်းရည်ပြည့်ပြည့်နဲ့ အားထုတ် သွားကြဖို့ အထူးလိုအပ်လှပါတယ်။ ဒါဆိုရင် ဒီတစ်ဘဝတည်းနဲ့လည်း ကျွတ်တမ်းဝင်နိုင်တာပါပဲ။

ပါရမီမလိုဘူးလို့ ပြောတာ မဟုတ်ဘူးနော်။ ပါရမီကတော့ သံသရာလွတ်လိုသူတိုင်းအတွက် မရှိမဖြစ် လိုပါတယ်။ ပါရမီဆိုတာ မြင့်မြတ်သူတွေရဲ့ အလုပ်ကို ခေါ်တာပါ။ ဒါန၊ သီလ၊ သမထ၊ ဝိပဿ နာအလုပ်တွေဆိုတာ မြင့်မြတ်သူတွေရဲ့ အလုပ်ဖြစ်လို့ အဲဒီအလုပ် တွေ ပြုလုပ်အားထုတ်နေတာဟာ ပါရမီဖြည့်နေတာပဲပေါ့။

■

http://www.dhammadownload.com

## အပ္ပမာဒေန သမ္ပာဒေထ

အထူးခြားဆုံးဒါနဖြစ်တဲ့ ကထိန်အလှူကို အထူးခြားဆုံး ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုရည်မှန်းပြီးတော့ လှူဒါန်းနိုင်ရုံမက ဒီအထူးခြားဆုံးဒါနဖြစ်တဲ့ ကထိန်အလှူကို အာရုံပြုလို့ ဖြစ်ပေါ်လာတဲ့ ဝမ်းမြောက်မှု သောမနဿတွေ၊ နှစ်သက်မှု ပီတိတွေ၊ ငြိမ်းအေးမှု ပဿဒ္ဓိတွေ၊ စိတ်ချမ်းသာမှု သုခတွေ၊ အဲဒီလို ကထိန်အလှူကို အာရုံပြုပြီးဖြစ်ပေါ်လာတဲ့ ပီတိ သောမနဿ၊ သုခ ပဿဒ္ဓိ အစရှိတဲ့ ကောင်းမြတ်တဲ့ စိတ်စေတသိက်ကလေးတွေကို အရှုခံအာရုံထားပြီးတော့ သတိပဋ္ဌာန်နည်းလမ်းအတိုင်း ဝိပဿနာ ရှုပွားနိုင်ကြပါစေ။

ဝမ်းမြောက်ရင် ဝမ်းမြောက်တယ်၊ ဝမ်းသာရင် ဝမ်းသာတယ်၊ ပျော်ရင် ပျော်တယ်၊ ချမ်းသာရင် ချမ်းသာတယ် စသည်အားဖြင့် လှူဒါန်းလိုက်တဲ့ ကထိန်အလှူဒါနကြောင့် ဖြစ်ပေါ်လာတဲ့ ပီတိ,

http://www.dhammadownload.com

ပဿဒ္ဓိ၊ သုခ, သောမနဿစိတ်စေတသိက်တွေကို သတိပဋ္ဌာန်နည်းလမ်းအတိုင်း ရှုမှတ်ပွားများနိုင်ကြပါစေ။

အဲဒီစိတ်စေတသိက်တွေရဲ့ တည်ရာ ရုပ်ခန္ဓာကိုယ်ကိုလည်း သွားရင် သွားတယ်၊ ရပ်ရင် ရပ်တယ်၊ ထိုင်ရင် ထိုင်တယ်၊ လှုရင်လှုတယ်၊ ကပ်ရင် ကပ်တယ် စသည်အားဖြင့် ရှုမှတ်ပွားများနိုင်ကြပါစေ။

ကထိန်အလှု လှုနေစဉ်မှာရော၊ လှုပြီးနောက် ပြန်လည်သတိရနေစဉ်မှာရော နှာသီးဝမှာ ထင်ရှားရှိနေတဲ့ ဝင်လေ ထွက်လေကိုလည်း ဝင်-ဝင်တယ်၊ ထွက်-ထွက်တယ် လို့ သတိကပ်ပြီး ရှုမှတ်ပွားများနိုင်ကြပါစေ။

ကထိန်အလှုကြောင့်ဖြစ်ပေါ်လာတဲ့ စိတ်စေတသိက်တွေနဲ့ တကွ ထိုစိတ်စေတသိက်တွေရဲ့တည်ရာ ရုပ်ခန္ဓာကြီးကို သတိပဋ္ဌာန်နည်းလမ်းအတိုင်း အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး ဝိပဿနာ ရှုမှတ်ပွားများနိုင်ကြပါစေ။

ရှုမှတ်ပွားများနိုင်ကြတဲ့အတိုင်းလည်းပဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ ကထိန်အနုမောဒနာတရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်

http://www.dhammadownload.com

ကန်သော သတိတရားဖြင့်။

သမ္မာဒေဝ၊ သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း . . .။ ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။



၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်၊ သထုံမြို့
မြစိမ်းကျောင်းတိုက်အတွင်း
ဦးရှိန်ဝင်း ဒေါ်ခင်ချိုဦး၊ တက်လမ်းဆောက်လုပ်ရေးမိသားစုတို့၏
ကထိန်အလှူ၌ ဟောကြားအပ်သော တရားတော်ကို
ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

■ ရွှေဟာဖြစ်မြဲတိုင်းသဘောကနေ
ဘယ်တော့မှမပျက်စီးသလိုပဲ
ရွှေအလှူရှင်များဟာလည်း
ဘယ်တော့မှမပျက်စီးနိုင်တဲ့
နိဗ္ဗာန်ချမ်းသာကိုရရှိနိုင်ပါတယ်။
နိဗ္ဗာန်မရမီဘဝတွေမှာလည်း
ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေဟာ
ရန်သူမျိုးငါးပါးနှောင့်ယှက်ဖျက်ဆီးလို့မရဘဲ
ခိုင်မြဲတည်တံ့နေပါလိမ့်မယ်။

■ လိုချင်စိတ်နဲ့လှူတဲ့သူဟာ
ကိုယ်လိုချင်တဲ့အကျိုးရပေမယ့်
ရလာတဲ့အကျိုးကိုစွန့်လွှတ်နိုင်တဲ့
စွမ်းအားသတ္တိမရှိပါဘူး။
မလိုချင်စိတ်နဲ့လှူတဲ့သူကတော့
ကိုယ်မလိုချင်တဲ့အကျိုးတွေလည်း
မလိုချင်အဆုံးပြည့်ပြည့်စုံစုံရတဲ့အပြင်
ရလာတဲ့အကျိုးကိုစွန့်လွှတ်နိုင်တဲ့
စွမ်းအားသတ္တိလည်းအပြည့်ရှိပါတယ်။

http://www.dhammadownload.com



# ရွှေကောင်းမှုနဲ့ ရွှေတောင်းဆု

## ဘေးမခ အေးမြတဲ့ရွှေ

ရွှေဆိုတာကို လူသားတိုင်း နှစ်သက်မြတ်နိုးကြပါတယ်။ ရွှေကို မကြိုက်တဲ့သူရယ်လို့ မရှိပါဘူး။ လူသားအားလုံး ရွှေကို ကြိုက်ကြတာချည်းပါပဲ။

ရတနာတွေထဲမှာပါတဲ့ ရွှေဆိုတာကို အသာထားလိုက်ပေ့။ ရွှေဆိုတဲ့ စကားလုံးလေးကိုက အင်မတန် အေးချမ်းတယ်၊ အင်မတန် တင့်တယ်တယ်၊ အင်မတန် ကျက်သရေရှိတယ်၊ အင်မတန် အဆင့်အတန်းမြင့်တယ်။ ရွှေဆိုတဲ့ စကားလုံးလေးက ဆိုရတာ ပူလောင်လား၊ အေးချမ်းလား၊ အေးချမ်းတယ်နော်။

ရွှေဆိုတာ အေးချမ်းခြင်းရဲ့ သင်္ကေတပဲ၊ သူနဲ့ တွဲလိုက်တဲ့ စကားလုံးတွေကို အေးချမ်းသွားစေတယ်၊ တင့်တယ်သွားစေတယ်၊ ကျက်သရေရှိသွားစေတယ်။ အဆင့်အတန်း မြင့်သွားစေတယ်။ နဂိုက

http://www.dhammadownload.com

အေးချမ်းပြီးသားစကားလုံးကို ရွှေနဲ့ တွဲလိုက်ရင်တော့ အထူးပြောစရာ မလိုဘူးပေါ့။

ဥပမာ - မေတ္တာဆိုတာ သူ့ဟာသူ အေးချမ်းပြီးသားပဲ။ ရွှေလေးနဲ့ တွဲလိုက်တော့ 'ရွှေမေတ္တာ'၊ ပိုပြီးတော့ အေးချမ်းသွားတယ်၊ ကျက်သရေလည်း ပိုရှိသွားတယ်။ စမ်းရေဆိုတာ အေးပြီးသားပါပဲ၊ 'ရွှေစမ်းရေ' ဆိုတော့ ပိုပြီးတော့ မအေးသွားဘူးလား။ အေးသွားတယ်။

မြင်းမိုရ်တောင်ကြီးကလည်း သူ့ဟာသူ တင့်တယ်ခန့်ညားပြီး တော့ ကျက်သရေရှိပြီးသား၊ အဆင့်အတန်းမြင့်ပြီးသားပါပဲ။ ရွှေလေး နဲ့ တွဲလိုက်ပြီး 'ရွှေမြင်းမိုရ်' ဆိုတော့ ပိုပြီး တင့်တယ်ခန့်ညား ကျက် သရေရှိသွားတယ်။ ပိုပြီး အဆင့်အတန်းမြင့်သွားတယ်။ စကားလုံး လေး ဆိုရတာလည်း ပိုပြီးတော့ နားဝင်ချိုတယ်၊ စိတ်အေးချမ်းတယ်။

သူ့ ပင်ကိုသဘာဝကိုက အေးချမ်းပြီးသား၊ တင့်တယ်ပြီးသား စကားလုံးကို မဆိုထားနဲ့၊ ပင်ကိုက ပူလောင်နေတဲ့စကားလုံးတောင်မှ ရွှေလေးနဲ့ တွဲလိုက်လို့ရှိရင် အေးချမ်းပြီးတော့ ကျက်သရေရှိသွားပါ တယ်။

ဥပမာ - မီးတောက် ဆိုလို့ရှိရင် အင်မတန် ပူလောင်တဲ့ စကားလုံးပေါ့။ ဒါပေမဲ့ ရွှေလေးနဲ့ တွဲလိုက်ပြီး 'ရွှေမီးတောက်' ဆိုတော့ မီးတောက်က ပူတယ်လို့တောင် မထင်ရတော့ဘူးနော်၊ ရွှေမီးတောက် ဆိုတော့ ဒီမီးတောက်လေးကပဲ လှပတင့်တယ်သွားတယ်၊ ကျက်သရေ ရှိသွားတယ်၊ အေးချမ်းသလိုလေး ဖြစ်သွားတယ်။ မီးတောက်ကတော့ တကယ်တော့ မအေးချမ်းဘူးပေါ့လေ။

မီးလျှံဆိုရင်လည်း ဒီအတိုင်းပေါ့။ 'ရွှေမီးလျှံ' ဆိုရင် ကျက်သ

http://www.dhammadownload.com

ရေရှိသလိုဖြစ်သွားတာပါပဲ။ မီးခဲဆိုရင်လည်း ပူလောင်တာပဲ၊ 'ရွှေမီးခဲ' ဆိုရင် အေးချမ်းသလို၊ ကျက်သရေရှိသလို ဖြစ်သွားတယ်။

ကျီးကန်းပဲဆိုပါတော့၊ ကျီးကန်းဆိုရင် မည်းပြီးတော့ ကျက်သရေမရှိဘူး၊ အသံကလည်း မကောင်းဘူး၊ ဒါပေမဲ့ 'ရွှေကျီး' ဆိုတော့ 'ရွှေကျီးလေးရယ်၊ လာပါဦး'၊ ရွှေကျီးလေးကိုတောင် လာစေချင်တဲ့စိတ်တွေ ဖြစ်သွားပါတယ်။

အဲဒီတော့ ကျီးကန်းတောင်မှ၊ ကျက်သရေမရှိတဲ့ ကျီးကန်းတောင်မှ ရွှေလေးနဲ့ တွဲလိုက်ပြီး 'ရွှေကျီး' ဆိုတော့ ကျက်သရေရှိသွားပါတယ်။ ရှိလို့ပဲ ရွှေကျီးမုန့်ကြွပ်လို့တောင် ရှိတယ်မဟုတ်လား။ ဘယ်သူမှ ကျီးကန်းမုန့်ကြွပ်လို့တော့ လုပ်မှာ မဟုတ်ဘူးနော်။ ကျီးကန်းမုန့်ကြွပ်ဆိုရင်ဘယ်သူမှလည်း ဝယ်စားမှာ မဟုတ်တော့ပါဘူး။ 'ရွှေကျီး' ဆိုတော့ စားချင်စိတ်ပေါက်သွားတယ်။

'ရွှေကျီး' ဆိုတော့ ညှော့်ကောင်းလေးတွေ၊ လာဘ်ကောင်းလေးတွေ ဝင်ပါစေဆိုပြီး 'ရွှေကျီးလေးရယ်၊ သာပါဦးကွယ်' လို့ပြောကြတာပေါ့။ ရွှေကျီးလေးသာတာကို လူတိုင်းသဘောကျကြပါတယ်။ ကျီးကန်းအာတယ်ဆိုရင်တော့ ဘယ်သူမှ သဘောကျကြမှာ မဟုတ်ပါဘူးနော်။

အဲဒီတော့ ရွှေဆိုတဲ့စကားလုံးလေးဟာ အင်မတန်ကို နှစ်သက်မြတ်နိုးစရာ ကောင်းပါတယ်။ ဒါကြောင့် ဦးဇင်းတို့ရဲ့ ကျောင်းနာမည်ကိုတောင်မှ 'ရွှေပါရမီ' လို့ အမည်ပေးထားပါတယ်။

■

http://www.dhammadownload.com

## ရွှေပါရမီရဲ့ အဓိပ္ပာယ်

ပါရမီဆိုတာ သူ့သဘာဝကိုက ကောင်းပြီးသား၊ ပါရမီဆိုတာ မြင့်မြတ်သူတွေရဲ့အလုပ်၊ နောက်တစ်နည်း မြင့်မြတ်သူဖြစ်ကြောင်း အလုပ်ပါပဲ။ မြင့်မြတ်သူဖြစ်ကြောင်းအလုပ်ဆိုတော့ စာသံပေသံဖြစ် နေတယ်၊ ရှင်းအောင်ပြောလိုက်လို့ရှိရင် အဓိပ္ပာယ် နှစ်ခု ဒီလိုမှတ်ပေ့ါ။

ပါရမီဆိုတာ မြင့်မြတ်သူတွေရဲ့အလုပ်၊ မြင့်မြတ်လိုသူတွေရဲ့ အလုပ်၊ ဒီအလုပ်ကိုလုပ်မှ မြင့်မြတ်တဲ့သူဖြစ်လာမှာလို့ ဆိုလိုတယ် နော်။ မြင့်မြတ်ပြီးသားပုဂ္ဂိုလ် လုပ်လို့လည်း ပါရမီလို့ခေါ်တယ်၊ မြင့်မြတ်တဲ့သူ ဖြစ်လာစေနိုင်တဲ့ အလုပ်ဖြစ်လို့လည်းပဲ ပါရမီလို့ခေါ်တယ်။ ဒီအလုပ်ကို လုပ်မှ မြင့်မြတ်တဲ့သူဖြစ်လာနိုင်တယ်၊ ဒါကြောင့် မြင့်မြတ် တဲ့သူဖြစ်လာကြောင်းအလုပ်၊ တစ်နည်းပြောလိုက်ရင်တော့ မြင့်မြတ် လိုသူတွေ လုပ်ရမယ့်အလုပ်၊ အဲဒါကို ပါရမီလို့ခေါ်တယ်။

http://www.dhammadownload.com

အဲဒီတော့ မြန်မာလို အစိပ္ပာယ်လေးကလည်း မြင့်မြတ်တဲ့သူတွေလုပ်တဲ့အလုပ်၊ မြင့်မြတ်လိုသူတွေလုပ်တဲ့အလုပ်ဆိုတော့ ပါရမီဆိုတဲ့ စကားလုံးလေးက ကျက်သရေရှိပြီးသား၊ အဲဒါကို ရွှေလေးနဲ့တွဲလိုက်ပြီး 'ရွှေပါရမီ' ဆိုတော့ ပိုပြီးတော့ ကျက်သရေရှိသွားတယ်၊ ကိုယ့်နာမည်ကိုယ်မို့ ပြောတာ မဟုတ်ပါဘူးနော်။

ရွှေပါရမီဆိုတာ တချို့ကလည်း ဒီနာမည်ဘာလို့ မှည့်သလဲလို့ စိတ်ဝင်စားကြတာပေါ့နော်။ ဦးဇင်းတို့ကတော့ ဗေဒင်နည်း ဘာနည်းနဲ့ ထွေထွေထူးထူး လုပ်ထားတာ မဟုတ်ပါဘူး . . . နော်။

ပါရမီဆိုတဲ့ စကားလုံးကတော့ ကိုရင်ဝတ်ကတည်းက သိပ်ကြိုက်တာမို့ ပါရမီဆိုတဲ့စကားလုံးကို ပင်မစကားလုံးအနေနဲ့ ယူထားလိုက်တယ်ပေါ့လေ၊ ပါရမီတောရကျောင်းဆိုရင် ပါရမီစာပေတို့၊ ပါရမီဟင်းမွှေးမဆလာတို့၊ ပါရမီသောက်ရေသန့်တို့၊ ပါရမီလိုင်းကားတို့၊ ဒါတွေကလည်း ရှိနေတာဆိုတော့ ရောသွားနိုင်တယ်လေ။

ပါရမီတောရကျောင်းကပဲ ဒီစီးပွားရေးတွေ တည်ထောင်ထားသလားလို့ ထင်နေပါဦးမယ်၊ ဒါကြောင့်မို့လို့ သူများနဲ့ ကွဲသွားအောင် ရွှေလေးထည့်လိုက်တယ်။

တခြားစကားလုံးတွေ အများကြီး ရှိရက်သားနဲ့ ဘာဖြစ်လို့ ရွှေထည့်လဲလို့ မေးစရာရှိတာပေါ့။ ရွှေဆိုတဲ့စကားလုံးက ဘယ်နာမည်နဲ့တွဲတွဲ အေးချမ်းတယ်၊ ကျက်သရေရှိတယ်၊ တင့်တယ်တယ်၊ အဆင့်အတန်းမြင့်တယ်၊ ဒါကလည်း တစ်ကြောင်းပေါ့။

ဦးဇင်းတို့ တောရကျောင်း တည်ထောင်ထားတဲ့ ဒီမြေကလည်း သုဝဏ္ဏဘူမိ။ သုဝဏ္ဏဆိုတာ ရွှေ၊ ဘူမိဆိုတာ မြေ၊ နှစ်ခုပေါင်း

http://www.dhammadownload.com

သုဝဏ္ဏဘူမိဆိုတော့ 'ရွှေမြေ' ပေါ့။ ရွှေမြေမှာ တည်ထောင်ထားတဲ့ တောရကျောင်းဖြစ်တဲ့အတွက်ကြောင့် ရွှေတပ်ထားတာပါ။

ရွှေမြေမှာတည်ထောင်ထားတဲ့ ပါရမီတောရကျောင်းမို့လည်း ရွှေပါရမီလို့ နာမည်ပေးထားတာပါ။ ပါရမီချင်းအတူတူ သူများထက် ကိုယ်က ခေါင်းတစ်လုံး မြင့်တယ်ဆိုပြီးတော့ ရွှေတပ်ထားတာမဟုတ်ဘူးနော်။ သူများက ရိုးရိုးပါရမီ၊ ငါကတော့ ရွှေပါရမီ၊ ဒီလို ဆိုလိုတာ မဟုတ်ပါဘူး။

ပါရမီကိုပဲ ပြောဆိုရတာလည်း ချောမောအောင်၊ အေးချမ်းမှု လည်း ပေါ်လွင်သွားအောင်၊ ပါရမီဆိုတာကလည်း မြင့်မြတ်တဲ့ သဘော၊ ကျက်သရေရှိတဲ့သဘော ဖြစ်နေလို့ ရွှေလေးထည့်ပြီးတော့ ရွှေပါရမီလို့ ခေါ်လိုက်တာပါပဲ။

ရွှေပါရမီဆိုတော့ ငွေပါရမီတို့၊ ကြေးပါရမီတို့ ရှိသေးသလား လို့ ဒီလို တွေးနေဦးမယ်၊ အဲဒီလိုတော့ မရှိပါဘူး။ မြင့်မြတ်တဲ့အလုပ် ဟူသမျှ ရွှေပါရမီချည်းပါပဲနော်။

ပါရမီစစ်စစ်သာ ဖြစ်လို့ကတော့ ဘယ်သူ့ရဲ့ ဘယ်လိုပါရမီ မျိုးကိုမဆို 'ရွှေပါရမီ' လို့ ခေါ်နိုင်ပါတယ်။ 'ပါရမီ' ကိုပဲ အမြတ်တနိုး နဲ့ 'ရွှေ' တပ်ခေါ်တာပါ။ ကိုယ်ချစ်မြတ်နိုးတဲ့သူကို ချစ်စနိုးနဲ့ ကိုရွှေ လူပျိုလို့၊ မရွှေချောလို့ ရွှေတပ်ခေါ်သလိုပါပဲ။

ဦးဇင်းတို့နဲ့ ရင်းနှီးတဲ့ တချို့ဆရာတော်တွေ၊ ကိုယ့်ထက် သက်တော်ဝါတော်တွေလည်း အများကြီး ကြီးပါတယ်၊ တချို့ဆိုရင် နိုင်ငံကျော် ဓမ္မကထိက သာသနာပြုပုဂ္ဂိုလ်တွေ ဦးဇင်းတို့ ရွှေပါရမီ တောင်ပေါ် တက်လာတယ်။

http://www.dhammadownload.com

တောင်ပေါ်ရောက်တော့ ဦးဇင်းကို သူတို့ပြောကြတယ်၊ သူတို့ လမ်းမှာ ပြောနေတယ်တဲ့၊ သူကတော့ , ဦးဆန္ဒာဓိကတို့ကတော့ ရွှေပါရမီတဲ့၊ တို့ကတော့ ငွေပါရမီတောင် ဖြစ်မှာ မဟုတ်ဘူးတဲ့၊ ကြေးပါရမီလောက်တော့ ဖြစ်မယ်ထင်တယ်တဲ့။ သူ့လို တောထဲတောင်ထဲ တစ်ယောက်တည်း မနေရဲတော့ ရွှေပါရမီမဖြစ်တာတော့ သေချာတယ် . . . တဲ့။

အမှန်ကတော့ ဆရာတော်ကြီးတွေက နှိမ့်နှိမ့်ချချနဲ့ ပြောကြတာပါနော်။ ဒီတောထဲမှာ တို့တော့ တစ်ယောက်တည်းမနေရဲဘူးတဲ့။ ကြောက်တယ်တဲ့။ ဒီတော့ တို့တော့ ကြေးပါရမီတောင် မဖြစ်လောက်ဘူးတဲ့။ အမှန်ကတော့ ဆရာတော်ကြီးတို့က ချစ်စနိုးနဲ့ ပြောတာလည်း ဖြစ်ပါတယ်။ ချီးမြှောက်တဲ့သဘောနဲ့ ပြောတာလည်း ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ပြောချင်တာကတော့ ရွှေပါရမီဆိုတာ တခြားဘာညာရည်ရွယ်ချက်ကြောင့် မဟုတ်ပါဘူး။ ကိုယ်လုပ်တဲ့အလုပ်တိုင်း မြင့်မြတ်တဲ့အလုပ်တွေ ဖြစ်စေချင်တယ်၊ ပါရမီဆိုတဲ့ စကားလုံးမြင်တိုင်း 'ငါ မြင့်မြတ်တဲ့အလုပ် လုပ်ရမယ်' ဆိုတာ သတိရစေချင်တယ်။ ရွှေလိုအဖိုးတန်တဲ့ ပါရမီကုသိုလ်တွေ အချိန်တိုင်း ရစေချင်တယ်၊ နေ့တိုင်းပြည့်စေချင်တယ်။ ဒါကြောင့် 'ရွှေပါရမီ' လို့ အမည်ပေးထားတာပါ။

အမျိုးသားရေးရှုထောင့်က ကြည့်လိုက်မယ်ဆိုရင်လည်း မြန်မာနိုင်ငံကို ရွှေနိုင်ငံ၊ မြန်မာလူမျိုးကို ရွှေလူမျိုးလို့ ခေါ်တယ်မဟုတ်လား။ ပြည်ပရောက် မြန်မာတွေက ကိုယ့်မြန်မာအချင်းချင်းကို 'ရွှေ' လို့ အတိုကောက် ခေါ်ကြပါတယ်။ 'ဦးဇင်းဟာ မြန်မာလူမျိုးစစ်စစ်ပါ'

http://www.dhammadownload.com

လို့ ကြွေးကြော်တဲ့အနေနဲ့ မြန်မာရဲ့သင်္ကေတ 'ရွှေ'ကို 'ပါရမီ'နဲ့ တွဲပြီး 'ရွှေပါရမီ' လို့ အမည်ပေးထားတာပါ။

'ရွှေပါရမီ' ဆိုတဲ့ နာမည်မှာ အမျိုးသားရေးအားမာန်တွေရော၊ ဘာသာရေးအားမာန်တွေပါ အပြည့်အဝ ကိန်းဝပ်နေပါတယ်။ ဘာပဲလုပ်လုပ် 'ရွှေ' ဖြစ်အောင် လုပ်တာပဲ ကောင်းပါတယ်ဗျာ။

ဒါကြောင့် ရွှေဆိုတဲ့စကားလုံးဟာ အေးချမ်းတဲ့ သဘောဆောင်တယ်၊ တင့်တယ်တဲ့သဘော ဆောင်တယ်၊ ကျက်သရေရှိတဲ့သဘော ဆောင်တယ်၊ အဆင့်အတန်းမြင့်တဲ့သဘော ဆောင်တယ်၊ အထက်တန်းကျတဲ့သဘော ဆောင်ပါတယ်။

■

http://www.dhammadownload.com

## နေရာတိုင်းမှာ ရွှေမျက်နှာ

ရွှေထက်ပိုပြီးတော့ တန်ဖိုးကြီးတဲ့ စိန်တို့ ပတ္တမြားတို့ တခြား ရတနာတွေလည်း အများကြီးရှိပါတယ်။ ဒါပေမဲ့ ရွှေလောက် သိပ်အသုံးမတွင်ကျယ်ဘူး။ ရွှေက ပိုပြီးတော့ အသုံးတွင်ကျယ်တယ်။ ရွှေက ပိုပြီးတော့ နေရာပိုကျယ်တယ်။

ဥပမာ - ငွေစက္ကူတွေ ဘာတွေ ထုတ်လုပ်တယ်ဆိုရင်လည်း ရွှေနဲ့ စပ်ပြီးတော့ ထုတ်ကြရတယ်၊ တချို့ စိန်ထွက်တဲ့တိုင်းပြည်တွေက စိန်နဲ့စပ်ပြီးတော့ ထုတ်ကြရတယ်။ အများစုကတော့ ရွှေနဲ့စပ်ပြီးတော့ ထုတ်ကြရတယ်။ ရွှေနဲ့ရင်းနှီးပြီးတော့ ငွေစက္ကူတွေ ရိုက်နှိပ်ကြရတယ်။

နှလုံးအားကောင်းဖို့ သည်းခြေအားကောင်းဖို့ 'သွေးဆေး' ဖော်စပ်ကြတဲ့အခါမှာလည်း ရွှေက ပါပြန်တာပါပဲ။ မူးတဲ့မော်တဲ့အခါ၊ ဦးနှောက်မကြည်မလင်ဖြစ်တဲ့အခါတွေမှာလည်း ရွှေပါတဲ့ သွေးဆေး

http://www.dhammadownload.com

ကို နမ်းရှူကြရပါတယ်။ အသားအရေ စိုပြည်ဝါဝင်းနေအောင်လည်း ခန္ဓာကိုယ်ထဲ ရွှေသွင်းကြပါတယ်။ တချို့လည်း ကိုယ်စားတဲ့အစား အစာထဲ ရွှေထည့်စားကြပါတယ်။ တချို့ ရောဂါတွေကို 'ရွှေသွင်းကုထုံး' နဲ့ ရွှေသွင်းပြီး ကုသတာတွေလည်း ရှိပါတယ်။

နေ့စဉ်ဘဝမှာလည်း ဒကာဒကာမတွေ ပစ္စည်းစုကြရတော့ တခြားရတနာတွေထက်ကို ပိုစုကြတယ်၊ ဘာဖြစ်လို့ ရွှေကို ပိုစုကြတုံး၊ ပြန်ထုတ်လို့လည်း လွယ်တယ်၊ တန်ဖိုးလည်း ကျမသွားဘူး။ ရွှေက နေရာတကာမှာလည်း အသုံးပိုတွင်ကျယ်တယ်။ သွင်းလို့ထုတ်လို့စုလို့ ဆောင်းလို့ ဖြန့်ချိလို့လည်း လွယ်ကူပါတယ်။ ဒါကြောင့် ရွှေကိုပဲ အများဆုံး အသုံးပြုကြတယ်။

တခြားတခြား ကျောက်မျက်ရတနာတွေနဲ့ လက်ဝတ်တန်ဆာ လုပ်ပြီးတော့ ဆင်မြန်းကြမယ်ဆိုရင်လည်း ရွှေက မပါလို့ မပြီးပြန်ဘူး။ စိန်လက်စွပ်ကလေး လုပ်မယ်ဆိုရင် ကွင်းကအစ အစအဆုံး စိန်ချည်းပဲ လုပ်လို့ရလား။ မရဘူး။

ရွှေလေးနဲ့ ကွင်းလုပ်ပြီးတော့ ကိုယ်လိုချင်တဲ့ စိန်ပွင့်လေးတွေကို စီရတာ၊ အဲဒီ စိန်ပွင့်လေးတွေ ကျွတ်ကျမသွားအောင် ထိန်းထားတာကလည်း ရွှေနဲ့ပဲ ထိန်းထားရတာ။ ဒီတော့ ရွှေဟာ တော်တော်တန်ဖိုးကြီးပါတယ်။ နေရာတိုင်းမှာ အသုံးတွင်ကျယ်တယ်။

■

http://www.dhammadownload.com

## မယိုင်မလဲ ခိုင်မြဲတဲ့ရွှေ

ရွှေကို ပါဠိလိုတော့ ဇာတရူပလို့ ခေါ်ပါတယ်။ 'ဇာတ' ဆိုတာ ဖြစ်တာ၊ 'ရူပ' ဆိုတာသဘော၊ 'ဇာတရူပ' ဆိုတာ ဖြစ်မြဲတိုင်း သဘောမှာပဲ ရှိနေလို့ သူ့ကို ရွှေလို့ခေါ်တယ်။ ဇာတရူပ ဖြစ်မြဲတိုင်းသဘောမှာပဲ အမြဲတမ်း တည်ရှိနေတယ်။ အသွင်ပြောင်းလဲမသွားဘူးလို့ ဆိုလိုပါတယ်။

ရွှေကို ရေထဲ စိမ်ထားလို့ကော အသွင်ပြောင်းသွားမလား၊ မပြောင်းဘူး၊ မီးနဲ့ ကျိုလို့ကော၊ မပြောင်းဘူး၊ ပျော့ပြီးတော့ ပုံသဏ္ဌာန်အနေအထားလေး ပြောင်းသွားတာကတော့ ရှိချင်ရှိမယ်၊ သူ့ရဲ့ သဘာဝသတ္တိကတော့ ဘယ်တော့မှ မပြောင်းဘူး။ မြေကြီးထဲမှာ ရွှေကို အကြာကြီး မြှုပ်ထားလို့ကော ပြောင်းသလား။ မပြောင်းဘူး။ ပိုပြီးတော့သာ အရောင်တက်ချင်တက်လာမယ်နော်။

http://www.dhammadownload.com

ဒါကြောင့် ဇာတရူပ = ဖြစ်မြဲတိုင်းသဘောမှာ အမြဲတမ်း တည်တံ့နေလို့ ရွှေကို ဇာတရူပလို့ ခေါ်ပါတယ်။ တကယ်လည်း ဟုတ်တာပါပဲ။ ဒါပေမဲ့ ဘယ်လောက်ပဲ တည်တံ့တယ်ပြောပြောပေါ့လေ၊ ကမ္ဘာပျက်လို့ရှိရင်တော့လည်း ပျက်စီးရမှာပေါ့။

ရုပ်သဘော နာမ်သဘောအရ သူကတော့ ရုပ်ပေါ့၊ နာမ်တော့မပါဘူး။ ရုပ်နာမ်တွေဟာ အမြဲတမ်း ဖြစ်ပျက်နေကြတယ် ဆိုတော့ ရွှေကလည်း ဖြစ်ပျက် ဖြစ်ပျက်ဆိုတဲ့ သဘောတော့ ရှိတာပေါ့။ ဒါပေမဲ့ ပင်ကိုသတ္တိပျောက်မသွားဘူး၊ လောကသဘာဝအရ ပြောတာပေါ့နော်။ ဓမ္မသဘာဝအရကတော့ အရာရာဟာ အချိန်တိုင်း ဖြစ်ပျက်ပြောင်းလဲနေတာပေါ့။

အဲဒီတော့ ရွှေနဲ့ ပတ်သက်လို့ အကျဉ်းချုပ် မှတ်မယ်ဆိုရင် (၁) အေးချမ်းတဲ့သဘောရှိတယ်၊ (၂) နေရာတကာအသုံးတွင်ကျယ်တဲ့ သဘောရှိတယ်၊ (၃) ဖြစ်မြဲတိုင်းသဘောကနေ ပြောင်းလဲသွားခြင်း၊ ပျက်ဆီးသွားခြင်းမရှိဘဲနဲ့ တည်တံ့ခိုင်မြဲနေတဲ့ သဘောရှိတယ်။

■

http://www.dhammadownload.com

## ရွှေလှူရင် ရွှေဖြစ်ရမယ်

အဲဒီလို သဘောရှိတဲ့ ရွှေကို လှူရတဲ့ ကုသိုလ်ကောင်းမှုရှင်များမှာလည်း ရွှေလှူတဲ့အတွက်ကြောင့် စိတ်အေးချမ်းတဲ့ အကျိုး ရမယ်ပေါ့။ ပစ္စုပ္ပန်မှာရော၊ သံသရာမှာရော စိတ်အေးချမ်းမယ်၊ တင့်တယ်မယ်၊ ကျက်သရေရှိမယ်၊ အဆင့်အတန်းမြင့်မယ်၊ အထက်တန်းကျမယ်။

နေရာတိုင်း ပရိသတ်တိုင်းမှာ အသုံးတွင်ကျယ်တဲ့လူ၊ လူရာဝင်တဲ့လူ ဖြစ်မယ်ပေါ့။ ရွှေဟာ ပွဲမတိုးဘူးလို့ မရှိဘူး၊ ရွှေဆင်ထားတဲ့လူကို 'ရွှေနဲ့မလိုက်ဘူး' လို့ ဘေးက ကဲ့ရဲ့တဲ့လူရယ်လို့ မရှိဘူးနော်၊ ရွှေနဲ့မလိုက်တဲ့လူရယ်လို့ မရှိပါဘူး။ အသားမည်းနေရင်တော့ ဘယ့်နှယ်လုပ်မတုံး၊ တချို့မလိုက်တဲ့လူလည်း နည်းနည်းပါးပါး ရှိချင်ရှိမှာပေါ့။ အများအားဖြင့်တော့ ရွှေရှိရင် လူရာဝင်တာပါပဲ။

http://www.dhammadownload.com

အဲဒီလိုပါပဲ၊ ရွှေလှူတဲ့ပုဂ္ဂိုလ်တွေလည်း နေရာတကာ တွင်ကျယ်တဲ့လူတွေ၊ ထင်ပေါ်ကျော်ကြားတဲ့လူတွေ ဖြစ်ကြမယ်။

နောက်တစ်ချက်ကတော့ ရွှေဟာ ဖြစ်မြဲတိုင်း သဘောကနေ ဘယ်တော့မှ မပျက်စီးသလိုပဲ၊ ရွှေအလှူရှင်များဟာလည်း ဘယ်တော့မှ မပျက်စီးနိုင်တဲ့ နိဗ္ဗာန်ကိုရရှိမယ်။ အထွတ်အထိပ်အနေနဲ့ပေါ့နော်။

နိဗ္ဗာန်မရမီစပ်ကြားမှာလည်း ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို ရန်သူမျိုးငါးပါး နှောင့်ယှက်ဖျက်ဆီးလို့ မရဘဲနဲ့ ကိုယ်ရှာလို့ရတဲ့ ပစ္စည်းဥစ္စာတွေဟာ ခိုင်မြဲတည်တံ့တဲ့သဘော ရှိပါလိမ့်မယ်။

ဒါဟာ ရွှေရဲ့သဘောသဘာဝလေးကို အကြမ်းဖျင်း စဉ်းစားပြီးတော့ ပြောတာပါ။ ဒီထက် ပိုပြီးတော့ စဉ်းစားလို့ ရမယ်ဆိုရင် ရနိုင်ပါသေးတယ်နော်။

ရွှေဟာ ဘယ်လိုသဘောရှိလဲ စဉ်းစားလိုက်၊ အဲဒီသဘောလေးကို လှူရတဲ့အတွက်ကြောင့် အဲဒီသဘောမျိုး ကိုယ့်မှာလည်း ပြန်ပြီးတော့ အကျိုးပေးလိမ့်မယ်၊ အဲဒီလိုလေး တွေးရမှာပေါ့။

သချာတာကတော့ ရွှေလှူရင် ရွှေရတယ်၊ တူသောအကျိုးပေးတယ်ဆိုတာမျိုးပေါ့လေ၊ ရွှေလှူတဲ့ ကုသိုလ်တွေ ပြုထားမှတော့ ရွှေတွေ ပေါများမှာပေါ့။

နောက်တစ်ခုကတော့ ရွှေအဆင်း။ ရွှေအဆင်းကို ပေးလှူရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း မိမိရဲ့ရုပ်အဆင်းဟာ ရွှေအဆင်းလို ဝါဝင်းပြီးတော့ တင့်တယ်လှပကျက်သရေရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါလိမ့်မယ်။

အဲဒီတော့ ဒကာမကြီး ဒေါ်ဖြူဖြူအေးကတော့ ရွှေတွေလှူပြီး

http://www.dhammadownload.com

ဘာဆုတွေတောင်းသတုံး၊ နိဗ္ဗာန်ဆုပဲလား၊ ကျောက်မျက်ရတနာတွေ ရောင်းကောင်းဖို့ကော ဆုမတောင်းဘူးလား။ နည်းနည်းပါးပါးပေါ့။ ကိုယ့်စီးပွားရေး ကျောက်မျက်ရတနာရောင်းကောင်းဖို့ ဆုတောင်းက တော့ ဒုတိယနေရာမှာထားပေါ့နော်။ မတောင်းရဘူးလို့ မဆိုလိုပါဘူး။

ဒါပေမဲ့ ကုသိုလ်ကောင်းမှုတွေ ပြုပြီဆိုရင်တော့ အဓိက အနေနဲ့ နိဗ္ဗာန်ကိုပဲ ရည်စူးပြီးတော့၊ အာရုံညွတ်ပြီးတော့ ပြုရမယ်။ ပြီးတော့ နောင်လိုအပ်တဲ့အချိန်ကျမှ ကိုယ့်ဘာသာကိုယ် သစ္စာပြန်ဆို ရတယ်။

ဥပမာ - ဒကာမကြီး ဒေါ်ဖြူဖြူအေးအနေနဲ့ ဒီနေ့ပြုထားတဲ့ ရွှေကောင်းမှုကို တိုင်တည်ပြီး သစ္စာဆိုချင်တယ်ဆိုပါတော့။

'အကျွန်ုပ်သည် သထုံမြို့၊ မြစိမ်းကျောင်းမှာရှိတဲ့ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်လှူခဲ့ပါတယ်။ ဤစကားသည် မှန်ပါ တယ်၊ ဤမှန်သောသစ္စာစကားကြောင့် .... .... ပါစေ'

ဆိုပြီး ကိုယ့်အခက်အခဲရှိတဲ့အခါ သစ္စာဆိုလိုက်ရင် အဲဒီ သစ္စာက ကိုယ့်ကို ကျေးဇူးပြုပါလိမ့်မယ်၊ ကိုယ်လိုရာအကျိုး ပြည့်စုံ သွားမှာပါ။

ဘုရားကို ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနေတဲ့ အချိန်မှာ တော့ အဲဒီ လောကီအကျိုး၊ ဘာအကျိုးတွေ ဆုမတောင်းနဲ့၊ အဆင့် အမြင့်ဆုံးကိုပဲ တောင်းလိုက်ပါ။ ကိုယ့်ရဲ့ ကုသိုလ်ကို အမြင့်ဆုံးမှာပဲ ထားရမှာပေါ့။

အရပ်ထဲမှာ ပြောကြတယ်မဟုတ်လား၊ 'အမြင့်ဆုံးမှာ ထား ချင်တယ်' ဆိုတာလေ၊ ကိုယ့်ချစ်သူကို အမြင့်ဆုံးမှာထားသလို ကိုယ့်ရဲ့

http://www.dhammadownload.com

ကုသိုလ်ကိုလည်း အမြင့်ဆုံးမှာ ထားရမှာ။ နိဗ္ဗာန်ကို ရည်စူးပြီးတော့ ရွှေကောင်းမှု ပြုလိုက်ရင် ကျန်တဲ့ ရွှေအဆင်းတို့၊ ဘာတို့ကတော့ မတောင့်တလည်း ပြည့်မှာပါပဲ။

အဲဒီတော့ ရွှေလှူတာတွေနဲ့ ပတ်သက်လို့တော့ ပိဋကတ်တော်မှာ ဝတ္ထုကြောင်းတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ အနုမောဒနာတရား၊ ရေစက်ချတရားဆိုတော့ ရှိသမျှအများကြီးကို ကျယ်ကျယ်ပြန့်ပြန့် ပြောလို့ မဖြစ်ဘူး။ အကျဉ်းချုပ်လေးပေါ့။ အနုမောဒနာဆိုတာ ဝမ်းမြောက်တာကိုပြောတာ၊ ဝမ်းမြောက်ဖွယ်ရာလေးဖြစ်အောင်တော့ အကျဉ်းချုပ်လေးတော့ ပြောပြပါမယ်။

အရှင်မဟာကဿပဆိုတဲ့ မထေရ်တစ်ပါးရယ်၊ ပြီးတော့ အိမ်နောက်မှာ ရွှေတောင်ကြီးပေါက်တာ ဘယ်သူလဲ။

'ဇောတိက ပါဘုရား'

ရွှေတောင်ပေါက်တာက 'ဇောတိက' မဟုတ်ပါဘူး။ 'ဇဋိလ' ဖြစ်ပါတယ်။ ဇောတိကနဲ့ ဇဋိလကလည်း နှစ်ယောက်တည်းနဲ့ ကပ်ရှုပ်နေတာနော်။ နာမည်ကလည်း အင်္ဂလိပ်နဲ့စတော့ ခပ်ဆင်ဆင်၊ ဇကွဲနဲ့စတာဆိုတော့။

ဇောတိကကတော့ ရွှေအိုးကြီးလေးလုံးပေါက်တာပါနော်။ သူ့ရဲ့ အိမ်၊ ပြာသာဒ်ဆောင်ကြီးပေါ့လေ၊ ဒါကလည်း သိကြားမင်းက ဝိသကြုံနတ်သားကို ဖန်ဆင်းခိုင်းလို့ ဖန်ဆင်းထားတဲ့အိမ်၊ ရိုးရိုးလူ ဆောက်လုပ်ရေးသမားနဲ့ ဆောက်လို့မရဘူး၊ ဒကာကြီး ဦးရှိန်ဝင်းရေ နော် . . . . ။

ဒကာကြီးဦးရှိန်ဝင်းတို့ တက်လမ်းဆောက်လုပ်ရေးလို လူ

http://www.dhammadownload.com

ကန့်ထရိုက်နဲ့ ဆောက်လို့မရဘူး၊ သူတို့ရဲ့ ဘုန်းကံ ကြီးလွန်းလို့ ဆိုပြီးတော့ သိကြားမင်းက ဝိသကြံနတ်သားကို ' ကဲ ဇောတိကသူဌေးနေဖို့ အိမ် သွားဆောက်ပေးချေ' ဆိုလို့ ဝိသကြံနတ်သားက တန်ခိုးနဲ့ ဖန်ဆင်းပြီးတော့ ဆောက်ပေးထားတာ။ အဲဒီတော့ လူဆောက်တဲ့အိမ်မှာ မနေရတာဆိုလို့ ဘယ်သူပဲရှိတုံး၊ ဇောတိကပဲရှိတယ်။ မနေချင်ဘူးလား။

အဲဒီမှာ ဝိသကြံနတ်သားက ဗိမာန်ကြီးပြာသာဒ်ကြီးဆောက်လိုက်တော့ ပြာသာဒ်ကြီးရဲ့ ထောင့်လေးထောင့်မှာ ရွှေအိုးကြီးလေးလုံး၊ တစ်ထောင့်ကို တစ်လုံးစီနဲ့ ရွှေအိုးကြီးလေးလုံး မြေကြီးထဲကနေ ပေါ်ထွက်လာတယ်။ အဲဒါက ဇောတိကသူဌေးနော်။ အဲဒီတော့ ရွှေလှူရင် ရွှေရမှာပဲ၊ ဘာမှ ဆုတောင်းနေစရာမလိုပါဘူး။

■

http://www.dhammadownload.com

## အဆင်းလှ ဝင်းပတဲ့ရွှေ

အရှင်မဟာကစ္စာနဆိုတာက ရဟန္တာမထေရ်မြတ်ကြီးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားချက်က သူ့ရဲ့ အသားအရေဟာ ရွှေအဆင်းလို ဝါဝင်းနေတယ်။ မြတ်စွာဘုရားရှင်ရဲ့ ရုပ်အဆင်းကလည်း ရွှေအဆင်းလို ဝါဝင်းတာပါပဲ။ မြတ်စွာဘုရားပြီးရင် ရွှေအဆင်းလို ဝါဝင်းတာက ဘယ်သူလဲ၊ အရှင်မဟာကစ္စာန။

ကဿပမြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ဌာပနာထားတဲ့ စေတီတော်ကြီး တည်ဆောက်စဉ်တုန်းက အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေအုတ် လှူဒါန်းခဲ့ဖူးတယ်။ အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေအုတ် လှူဒါန်းပြီး နိဗ္ဗာန်ကိုတော့ အဓိကဆုတောင်းတာပေါ့လေ။ နိဗ္ဗာန်ကို ဆုတောင်းတဲ့အပြင် အဆစ်ကလေးလည်း ထည့်ပြီး ဆုတောင်းလိုက်တယ်။

http://www.dhammadownload.com

'ရွှေအုတ်လှူရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဖြစ်လေရာဘဝ တိုင်း တပည့်တော်ရဲ့ အသားအရေဟာ ရွှေအဆင်းလို ဝါဝင်းပါရစေ'

ဒါ ဒကာကြီးက၊ အမျိုးသားက ဆုတောင်းတာပါပဲ။ 'လှချင် တယ်၊ လှချင်တယ်' ဆိုတာ အမျိုးသမီးတွေသာ လှချင်တာလား။ အမျိုးသားတွေကတော့ မလှချင်ဘူးလား။ အမျိုးသမီးတွေချည်းပဲ လှချင်တာ မဟုတ်ဘူးနော်။ အမျိုးသားတွေလည်း လှချင်တာပါပဲ။ လှပုံလှနည်းသာ မတူတာ။

ဒီတော့ အရှင်မဟာကစ္စာနအလောင်း အမျိုးကောင်းသား က ကဿပမြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော် ဌာပနာထားတဲ့ စေတီ တော်ကြီးမှာ အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေအုတ် လှူဒါန်းခဲ့ဖူးပါ တယ်။

အဲဒီ လှူဒါန်းခဲ့တဲ့အကျိုးဆက်ကြောင့် ဖြစ်လေရာဘဝတိုင်း မှာ ရွှေအဆင်းလို အသားအရေ ဝါဝင်းတဲ့ပုဂ္ဂိုလ်ဖြစ်ရပါတယ်။

ဦးဇင်းတို့ မြတ်စွာဘုရားလက်ထက်ကျတော့ ဥဇ္ဇေနီမြို့မှာ ပုရောဟိတ်ပုဏ္ဏားကြီးတစ်ယောက်ရဲ့ သား လာဖြစ်တယ်။ မွေးပြီးလို့ တော်တော်ကြာမှ အစာအာဟာရတွေ ဘာတွေကြောင့် ရွှေအဆင်းလို ဝါဝင်းတာ မဟုတ်ဘူးနော်။ မွေးကတည်းကိုက သူ့ရဲ့ အရေအဆင်းက ရွှေအဆင်းလို ဝါဝင်းနေတယ်။

ဒါကြောင့် သူ့အဖေက သူ့ကို နာမည်ပေးကင်ပွန်းတပ်တဲ့နေ့ ကျတော့ 'ငါ့သားဟာ ကိုယ့်နာမည်ကို ကိုယ်ယူလာတာပဲ' ဆိုပြီးတော့ သူ့ကို ကဥ္စနသတို့သားလို့ နာမည်ပေးလိုက်တယ်။ ကဥ္စနဆိုတာ ရွှေ နော်။ ကဥ္စနဆိုတဲ့စကားလုံး ကြားဖူးတယ်မဟုတ်လား။

http://www.dhammadownload.com

'အသားတော်ကဥ္စန ယဉ်ပါလှတယ်' ဆိုလားပဲနော်။ အသားတော် ကဥ္စနကို ဘာလဲလို့ တွေးမနေနဲ့နော်။ ကဥ္စနဆိုတာ ရွှေပဲ။ အသားတော် ကဥ္စနဆိုတာ အသားလေးက ရွှေရောင်ဝင်းနေတယ်လို့ ဆိုလိုပါတယ်။

ဒါကြောင့် အရှင်မဟာကစ္စာနရဲ့ မူရင်းနာမည်က ကဥ္စနဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အနွယ်က ကစ္စာနအနွယ်ဖြစ်တဲ့အတွက်ကြောင့် သူ့ကို ကစ္စာနလို့လည်း ခေါ်ကြပါတယ်။

နဂိုတုန်းက ကဥ္စနလို့ပဲ ခေါ်ပါတယ်။ သူ့အဖေ ပုရောဟိတ်ပုဏ္ဏားကြီးဆုံးသွားတော့ သူက ရှင်ဘုရင့်ရဲ့ အတိုင်ပင်ခံ ပုရောဟိတ်ပုဏ္ဏားကြီး ဖြစ်လာတယ်။ အဲဒီကျတော့ နာမည်ရင်းကို သိပ်မခေါ်တော့ဘဲနဲ့ လေးစားတဲ့အနေနဲ့ အနွယ်ရဲ့ နာမည်ဖြစ်တဲ့ ကစ္စာနလို့ပဲ ခေါ်ကြတယ်။ ရဟန်းပြုပြီးတဲ့နောက်မှာ မဟာကစ္စာနဖြစ်သွားတာ ပေါ့လေ။

အဲဒီတော့ ရှင်ဘုရင်ရဲ့ ပုရောဟိတ် ပုဏ္ဏားကြီးဖြစ်တော့ လောကမှာ မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်လာမှန်းလည်း သိရော ဥဇ္ဇေနီပြည်ရဲ့ အရှင်သခင်ဖြစ်တဲ့ စဏ္ဍပဇ္ဇောတမင်းကြီးက ကစ္စာန ပုရောဟိတ်ကို မြတ်စွာဘုရား သွားပင့်ခိုင်းတယ်။ ကာဠုဒါယီအမတ်ကို ဘုရားသွားပင့်ခိုင်းသလိုမျိုးပေါ့။

အပင့်ခိုင်းလိုက်တော့ ကစ္စာနပုရောဟိတ်က ဘာပြောသလဲ ဆိုရင် . . .

'အရှင်မင်းကြီး . . .၊ ကျွန်တော်မျိုးကို မြတ်စွာဘုရားရဲ့ ထံမှာ ရဟန်းပြုခွင့်ပေးမယ်ဆိုရင်တော့ မြတ်စွာဘုရားကို သွားပင့်ပေး

http://www.dhammadownload.com

ပါမယ်'

ဘာကတိတောင်းသလဲ၊ 'ရဟန်းပြုခွင့်ပေးမယ်ဆိုရင်တော့ သွားပင့်ပေးပါမယ်' တဲ့။ ခုခေတ် လူအများစုနဲ့ဆိုရင်တော့ သိပ်တော့ မကွာပါဘူး။ နည်းနည်းပါပဲ။

ခုခေတ် လူအများစုဆိုရင်တော့ ဘယ်လိုပြောမလဲ၊ 'ဘုရားကို သွားတော့ ပင့်ပေးမယ်၊ ဘုန်းကြီးတော့ မဝတ်ပါရစေနဲ့နော်'။ ဒီလို လာမယ် ထင်တယ်နော်။ ရှေ့က ဒကာလေးတွေ ဘယ်လိုလဲ၊ 'ရွှေပါရမီကို သွားတော့ သွားမယ်၊ ဒုလ္လဘတော့ မဝတ်ပါရစေနဲ့နော်'၊ အဲလိုလား။

အဲဒီတော့ သူက ဘုရားကို ဖူးရသေးတာတောင် မဟုတ်ဘူး။ ဘုရားမဖူးရသေးဘဲနဲ့ ဘုရားထံမှောက်ရောက်ရင် ဘုန်းကြီးဝတ်ပါရစေလို့ ကြိုပြီးတော့ ခွင့်တောင်းတယ်။ သူ့မှာ နေက္ခမ္မဓာတ်ခံ ဘယ်လောက် အားကောင်းနေသလဲဆိုတာ ကြည့်ညိုဖို့ သိပ်ကောင်းပါတယ်။

ရွှေလှူခဲ့တဲ့ကောင်းမှုကြောင့် ရွှေအဆင်းလို ဝါဝင်းပေမယ့် သူ့ရဲ့ ရွှေအဆင်းလို ဝါဝင်းနေတဲ့ အသားအရေအပေါ်မှာ စွဲလမ်းတဲ့စိတ် မရှိဘူး။ သာယာတဲ့စိတ်တော့ ဖြစ်ချင်ဖြစ်မယ်ပေါ့၊ ပုထုဇဉ်ဆိုတော့၊ သာယာတဲ့စိတ်တော့ဖြစ်မယ်။ ဒါပေမဲ့ မစွဲလမ်းဘူး။

အသားအရေက ရွှေအဆင်းလို ဝါဝင်းရုံတွင်မကဘူး၊ ရွှေတွေ အများကြီးချမ်းသာတဲ့ ပုရောဟိတ်ပုဏ္ဏားကြီးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူပိုင်ဆိုင်တဲ့ ရွှေတွေအပေါ်မှာ စွဲလမ်းတဲ့စိတ်ကော ရှိသလား၊ မရှိဘူး။ သုံးတော့သုံးတာပေါ့၊ မစွဲဘူး။

http://www.dhammadownload.com

မိမိမှာ ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေကို 'သုံးစွဲတယ်၊ သုံးစွဲတယ်' နဲ့ လူတွေက ပြောကြတယ်။ သုံးတော့ 'သုံး' ရမယ်၊ 'မစွဲ' ရဘူးနော်။ သုံးတာကတော့ သုံးရမှာပေါ့။ သာယာတာလည်း သာယာမိမှာပေါ့။ ပုထုဇဉ်သဘာဝ၊ ဒါပေမဲ့ မစွဲလမ်းရဘူး။ စွန့်လွှတ်ဖို့ အချိန်တန်ရင် အချိန်မရွေး စွန့်လွှတ်ဖို့ အဆင်သင့်ရှိနေရမယ်။

ကုသိုလ်ကောင်းမှုပြုစဉ်တုန်းက လိုချင်စိတ်နဲ့ လှူခဲ့တဲ့ပုဂ္ဂိုလ်ဟာ ရလာတဲ့ ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ချင်တဲ့စိတ် မရှိပါဘူး။ မလိုချင်စိတ်နဲ့ လှူခဲ့တဲ့ပုဂ္ဂိုလ်ကမှ ရလာတဲ့ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ချင်တဲ့စိတ် ရှိပါတယ်။

■

http://www.dhammadownload.com

## လိုချင်စိတ်နဲ့လှူရင် လိုချင်နေမှာပါပဲ

လှူတယ် လှူတယ်ဆိုတဲ့နေရာမှာ လိုချင်စိတ်နဲ့ လှူတာရယ်၊ မလိုချင်စိတ်နဲ့ လှူတာရယ်လို့ နှစ်မျိုးရှိပါတယ်။ လိုချင်စိတ်နဲ့ လှူရင် ကိုယ်လိုချင်တဲ့အကျိုးတော့ ရပါမယ်။ ဒါပေမဲ့ ရလာတဲ့အကျိုးတွေကို စွန့်လွှတ်နိုင်တဲ့စွမ်းအား၊ စွန့်လွှတ်ရဲတဲ့သတ္တိ မရှိပါဘူး။

မလိုချင်စိတ်နဲ့လှူခဲ့တဲ့ ကုသိုလ်ရှင်တွေကတော့ အဲဒီကုသိုလ် အကျိုးပေးတဲ့ဘဝမှာ သူမလိုချင်တဲ့အကျိုးလည်းပဲ လိုချင်ချင်၊ မလိုချင် ချင် မလိုချင်အဆုံး ရရှိပါတယ်။ ရလာတဲ့ အဲဒီစည်းစိမ်ချမ်းသာတွေ အပေါ်မှာလည်း စွဲလမ်းတဲ့စိတ်မရှိဘဲနဲ့ စွန့်လွှတ်ဖို့ အဆင်သင့် ဖြစ်နေ ပါတယ်။ စွန့်လွှတ်ဖို့အခွင့်အလမ်းကြုံလာရင် နောက်မတွန့်ဘဲနဲ့ ရဲရဲ ဝံ့ဝံ့ စွန့်လွှတ်ရဲပါတယ်။

ဒါနကတော့ ဘာဒါနပဲ လုပ်လုပ် ချမ်းသာမှာပါပဲ။ ဒါပေမဲ့

http://www.dhammadownload.com

လောဘဦးစီးပြီး လှူခဲ့တယ်ဆိုရင် ချမ်းသာတဲ့ ပစ္စည်းတွေ အပေါ်မှာ လောဘအားကြီးတတ်တယ်။

လောဘကတော့ လူတိုင်းမှာ ရှိတာချည်းပါပဲ။ ဒါပေမဲ့ တချို့က သာမန်လောဘ၊ ပုံမှန်လောဘထက် ပိုပြီး ဘေးလူက အပြစ်ပြောရလောက်အောင် လောဘကြီးတယ်။ အဲဒီလို လောဘကြီးတယ်ဆိုတာ တခြားကြောင့်မဟုတ်ဘူး။ သူကုသိုလ်ကောင်းမှုပြုစဉ်တုန်းက လောဘတွေ ခြံရံလာတဲ့အတွက်ကြောင့် အကျိုးပေးတဲ့ဘဝမှာ လောဘကြီးတဲ့လူ ဖြစ်ရပါတယ်။

တချို့ကျတော့လည်း ပုံမှန်ထက်ကို ဒေါသကြီးတယ်။ 'ဒီလူက ဒေါသကြီးလိုက်တာ၊ ထစ်ခနဲရှိ စိတ်ဆိုးနေတာပဲ၊ ထစ်ခနဲရှိ စိတ်ကောက်တာပဲ' နဲ့ ပြောရလောက်အောင် ဒေါသကြီးတယ်။ အဲဒီလို နေရာတကာ ဒေါသကြီးတဲ့လူကလည်း ကုသိုလ်ကောင်းမှုပြုခဲ့စဉ်တုန်းက ဒေါသတွေခြံရံခဲ့တဲ့အတွက်ကြောင့် အကျိုးပေးတဲ့ဘဝမှာ ဒေါသကြီးတဲ့လူ ဖြစ်ရပါတယ်။

အဲဒီလိုအားဖြင့်ပေါ့လေ၊ ကုသိုလ်ပြုစဉ်တုန်းက လောဘ၊ ဒေါသစတဲ့ကိလေသာတွေ ခြံရံခဲ့လို့ရှိရင် အဲဒီကုသိုလ် အကျိုးပေးတဲ့ဘဝမှာ အဲဒီကိလေသာ အားကြီးတဲ့ပုဂ္ဂိုလ် ဖြစ်တတ်ပါတယ်။

ဒါကြောင့်မို့လို့ ရှေ့လှူပြီးတော့ ဆုတောင်းကြတဲ့နေရာမှာ လိုချင်စိတ်ကို ရှေ့တန်းမတင်ဘဲနဲ့ မလိုချင်စိတ်ကို ရှေ့တန်းတင်ပြီးတော့ မလိုချင်တဲ့သဘောသက်ရောက်တဲ့ နိဗ္ဗာန်ကိုပဲ ရည်စူးပြီးတော့ ဆုတောင်းကြရမယ်။

နိဗ္ဗာန်တောင်းလိုက်လို့ နိဗ္ဗာန်ပဲ ရမယ်၊ ကျန်တဲ့ အကျိုးတွေ

http://www.dhammadownload.com

တော့ မရဘူးလို့ ရှိပ့ါမလား၊ မရှိပါဘူး။ ရန်ကုန်ကနေ မန္တလေးထိ လက်မှတ်ဖြတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ပဲခူးမှာ ဆင်းနေခဲ့လို့လည်း ရပါတယ်၊ သာစည်မှာ ဆင်းနေခဲ့လို့လည်း ရပါတယ်။ လမ်းခရီး ဘယ်ဘူတာမှာပဲ ဆင်းဆင်း ရပါတယ်။

ဒါပေမဲ့ ရန်ကုန်ကနေ ပဲခူးထိပဲ လက်မှတ် ဖြတ်ထားပြီး ရထားပေါ် တက်သွားရင်တော့ မန္တလေးထိ လိုက်ချင်လို့ ရပ့ါမလား။ မရဘူး။ ပဲခူးရောက်ရင် ဆင်းရမယ်၊ သာစည်ထိတောင် မရဘူးနော်။ ပဲခူးကျော်လို့ လက်မှတ်စစ်နဲ့ တွေ့ရင် ဆင်းရင်ဆင်း၊ မဆင်းရင်လည်း ရှေ့ဆက်ဖို့အတွက် ပိုက်ဆံပေးချင်ပေး၊ ထိုက်သင့်တဲ့ အဖိုးအခတော့ ပေးရမယ်။ မပေးဘဲနဲ့တော့ လိုက်လို့ ရပ့ါမလား၊ မရဘူး။ နားလည်မှုတွေတော့ အသာထားပေ့ါနော်။

ဒါကြောင့် နိဗ္ဗာန်အထိ၊ နိဗ္ဗာန်ဆိုတဲ့ လမ်းဆုံးဘူတာအထိ ကိုယ့်ရဲ့ ကုသိုလ်ကောင်းမှုတွေကို ရည်မှန်းချက်ချထားလိုက်ပြီဆိုရင် လမ်းခရီးဘူတာတွေနဲ့တူတဲ့ လူချမ်းသာ၊ နတ်ချမ်းသာတွေ၊ ရွှေအဆင်းလို ဝါဝင်းတာတွေ၊ ရွှေရတနာတွေ အများကြီး ကြွယ်ဝတာတွေ၊ ဒီအကျိုးတွေက ဆုမတောင်းလည်းပဲ ပြည့်စုံမှာပါပဲ။

အရှင်မဟာကစ္စာနအလောင်း အမျိုးကောင်းသားဟာ ကဿပမြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်တွေ ဌာပနာထားတဲ့စေတီမှာ ရွှေအုတ် လှူပြီးတော့ နိဗ္ဗာန်ကိုပဲ အဓိကပဓာနထားပြီး ဆုတောင်းခဲ့တဲ့အတွက်ကြောင့် သူ့ရဲ့နှလုံးသားမှာ နေက္ခမ္မဓာတ်ခံက အားကောင်းနေတယ်။ ဘုရားနဲ့ တွေ့ရတော့မယ်လည်းဆိုရော တွေ့တောင် မတွေ့ရသေးဘူး။ သက်န်းဝတ်ဖို့က အရင်ဆုံး ဆုံးဖြတ်ချက်ချပြီးသားဖြစ်နေ

http://www.dhammadownload.com

တယ်။ ဒါကလည်း အတုယူစရာ သိပ်ကောင်းပါတယ်။

အဲဒီလိုနဲ့ မြတ်စွာဘုရားဆီရောက်၊ မြတ်စွာဘုရားက သူနဲ့ သင့်တော်တဲ့တရား ဟောလိုက်တော့ လူဝတ်နဲ့ပဲ ပဋိသမ္ဘိဒါလေးပါးနဲ့ တကွ ရဟန္တာဖြစ်သွားပါတယ်။ ရဟန္တာလည်း ဖြစ်ပြီးရော ဧဟိဘိက္ခု ခေါ်လိုက်တဲ့အတွက်ကြောင့် သက်တော် ရှစ်ဆယ်၊ ဝါတော် ခြောက် ဆယ်ရတဲ့ ရဟန္တာအရှင်မြတ်ကြီးကဲ့သို့ ဖြစ်သွားပါတယ်။

လူ့အသွင်အပြင်တွေ အကုန်လုံး ကွယ်ပျောက်ပြီးတော့ တန်ခိုးကြောင့် ဖြစ်ပေါ်လာတဲ့ သပိတ်နဲ့ သင်္ကန်းတွေ ဆင်မြန်းပြီးတော့ ရဟန်းစင်စစ် ဖြစ်သွားပါတယ်။ သူ့တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ သူ့ရဲ့အဖော်ခုနစ်ယောက်လည်း ပါပါတယ်။ အဖော်ခုနစ်ယောက်လည်း ရဟန္တာဖြစ်သွားပါတယ်။ ဧဟိဘိက္ခုတွေချည်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် ရွှေအလှူ လှူပြီးရင် ဘာဆု တောင်းရမယ်ဆိုတာ ထင်ရှားသွားပြီ။ တစ်နည်းပြောရင်တော့ ရွှေကောင်းမှုအတွက် ရွှေ တောင်းဆု ဖြစ်ရမှာပေါ့။ ဒီနေ့ ဟောတဲ့တရား ခေါင်းစဉ်တပ်မယ် ဆိုရင် ဘာခေါင်းစဉ်တပ်မတုံး၊ 'ရွှေကောင်းမှုနဲ့ ရွှေတောင်းဆု' လို့ ဒီလို တပ်လိုက်ရင် မကောင်းဘူးလား။

ကိုယ်လှူတဲ့အလှူက ရွှေကောင်းမှု၊ ဒီရွှေကောင်းမှုအတွက် တောင်းဆုပြုမယ်ဆိုရင် ရွှေတောင်းဆုပဲပြုပေါ့။ နိဗ္ဗာန်ကို တောင်းဆု ပြုတယ်ဆိုရင် ဒီတောင်းဆုဟာ ရွှေတောင်းဆု ဖြစ်မလား၊ ကြေး တောင်းဆုဖြစ်မလား။ ရွှေတောင်းဆု ဖြစ်မယ်။ နိဗ္ဗာန်ထက် ရွှေဖြစ် တာ ဘာများ ရှိပါသေးလို့လဲ။ ဒါကြောင့် 'ရွှေကောင်းမှု' အတွက် 'ရွှေတောင်းဆု' ပဲ တောင်းကြပါ။

http://www.dhammadownload.com

## လောကီချမ်းသာဆိုတာလည်း ကုသိုလ်ဘုန်းကံပါမှ ခံစားခွင့်ရှိပါတယ်

အဲဒီတော့ 'ရတနာရှိရာ ရတနာလာ' ဆိုတာလိုပါပဲ၊ 'ရွှေရှိရာ ရွှေလာ' တယ်ထင်ပါရဲ့၊ ရွှေအဆင်းလို ဝါဝင်းပြီးတော့ ကျက်သရေရှိတဲ့ အရှင်မဟာကစ္စာနရဲ့ ထံမှောက်ကို ရွှေသူဌေးလောင်း၊ ဇဋိလသူဌေးလောင်း၊ ဇဋိလရဟန္တာလောင်း ဇဋိလကလေးလေးကလည်း ရောက်လာတယ်။

ဇဋိလသတို့သားလေး ရက်သားလေးအရွယ်မှာ အရှင်မဟာကစ္စာနရဲ့ ပစ္စည်းလေးပါး ဒကာမတွေအိမ်ကို ရောက်ချလာတယ်။

ရောက်လာပုံကလည်း ခပ်ဆန်းဆန်းပါပဲ၊ သူ့ရဲ့ဒကာမကြီးက ဂင်္ဂါမြစ်ကမ်းမှာ အဝတ်လျှော်ရေချိုးလုပ်နေတုန်း၊ ရေထဲမှာ အိုးလေးတစ်လုံး မျောလာတယ်၊ အိုးလေးတစ်လုံးမျောလာတော့ သူငယ်ချင်းတစ်ယောက်နဲ့နှစ်ယောက်အတူတူ ရေချိုးနေတာဆိုတော့ သူငယ်ချင်း

http://www.dhammadownload.com

က 'ဟိုအိုးလေးက ငါ့အိုးလေး' လို့ လှမ်းအော်လိုက်တယ်။

'ရေထဲမျောလာတဲ့ ဟိုအိုး ငါ့အိုး'

ဒီဒကာမကြီးကျတော့ . . . .

'အဲဒီအိုးထဲမှာ ပါတဲ့ပစ္စည်း ငါ့ပစ္စည်း'

အိုးက လက်ထဲ မရောက်သေးဘူး၊ ခွဲတမ်းချနေကြတယ်။ အဲဒါနဲ့ အနားရောက်လာလို့ အိုးကို ဆယ်ယူပြီး ဖွင့်ကြည့်လိုက်တော့ ကလေးလေး ပါလာတယ်။ ကလေးလေးကို အိုးထဲ ထည့်ပြီးတော့ မျှောလိုက်တာနော်။ ဂင်္ဂါမြစ်ရဲ့ အထက်ပိုင်း ဗာရာဏသီပြည်ကနေ မျှောချလိုက်တာပါ။

မျှောချလိုက်တဲ့ အမျိုးသမီးက ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်မှာ အစောင့်အရှောက်နဲ့ မိဘတွေက သေချာထားတာပါ။ အပျို အရွယ် ဆယ့်ငါး၊ ဆယ့်ခြောက်အရွယ်လေး ဆိုတော့ လုံခြုံမှုရှိအောင် ဆိုပြီးတော့ အစောင့်အရှောက်နဲ့ ထားတာ၊ ဝိဇ္ဇာမိုရ်ရတစ်ယောက်က လည်း ကောင်းကင်ခရီးကနေ သွားလာနေတော့ ခုနစ်ထပ်မြောက်က သူဌေးသမီးနဲ့ ချစ်ကြိုက်မိသွားကြတယ်။ နောက်တော့ မှားယွင်းမိကြတယ်။

အဲဒီမှာ ကိုယ်ဝန်ရတယ်။ မိဘတွေမသိအောင် တိုးတိုးတိတ်တိတ်ကြိတ်ပြီးတော့ ကလေးလေးကို မွေးဖွားလိုက်တယ်။ ကလေးလေးလည်း မွေးပြီးရော၊ ကလေးကို အိုးထဲထည့်ပြီးတော့ အထိန်းတော်ကြီးကို သွားပြီး မြစ်ထဲ မျှောချခိုင်းတယ်။ မျှောလိုက်လို့ ကလေးလေးက အိုးထဲ ပါလာတယ်။

အဲဒီလိုနဲ့ သူဌေးသမီးနဲ့ ဝိဇ္ဇာမိုရ်နဲ့ ရတဲ့ ကလေးလေး အရှင်

http://www.dhammadownload.com

မဟာကစ္စာနရဲ့ ဒကာ၊ ဒကာမများ အိမ်ကို ရောက်လာပါတယ်။ ရောက်လာတဲ့အချိန်မှာတော့ ရက်သားလေးပေါ့လေ။ မွေးထားပြီးတော့ ကိုယ့်ခြေထောက်နဲ့ ကိုယ်သွားနိုင်တဲ့ နှစ်နှစ်သုံးနှစ်သား အရွယ် ရောက်ပြီဆိုတော့ အရှင်မဟာကစ္စာနကို လှူလိုက်တယ်။

'အရှင်ဘုရား၊ ဒီကလေးလေးကို သူ ကိုရင်ဝတ်နိုင်တဲ့အရွယ် မရောက်မချင်း အရှင်ဘုရားပဲ မွေးစားထားပြီး၊ သူ ကိုရင်ဝတ်နိုင်တဲ့ အရွယ် ရောက်ရင် သာသနာ့ဘောင်မှာပဲ ထားပါဘုရား'

ဘုန်းကြီးက နေရင်း ထိုင်ရင်းနဲ့ ကလေးရတယ်နော်။ အဲဒါနဲ့ ဘုန်းကြီးကလည်း နှစ်နှစ်သား ကလေးလေးကို ချီပြီးတော့ ကျောင်းကို ခေါ်လာတယ်။ ဒါပေမဲ့ နှစ်နှစ် သုံးနှစ်အရွယ်လေးဆိုတော့ ကိုရင်ဝတ်ပေးလို့ကလည်း မဖြစ်ဘူး။

အဲဒါ အရှင်မဟာကစ္စာနကလည်း အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်ဆိုတော့ 'ဒီကလေးဟာ လူ့စည်းစိမ်ချမ်းသာတွေကို ခံစားထိုက်တဲ့ ဘုန်းကံပါရမီ ပါရဲ့လား' လို့ အဘိညာဉ်တန်ခိုးနဲ့ ဆင်ခြင်ကြည့်လိုက်တော့. . . .

'ဩော်. . ဒီကလေးဟာ ဘုန်းကံပါရမီ အင်မတန်ကြီးမားတဲ့ ပုဂ္ဂိုလ်ပဲ၊ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ကိုရင်ဝတ်လို့ကတော့ မဖြစ်သေးဘူး၊ လူ့စည်းစိမ်ချမ်းသာတွေကိုလည်း ခံစားရဦးမယ်၊ လူ့စည်းစိမ်ချမ်းသာတွေကို ခံစားထိုက်တဲ့ ကုသိုလ်ကောင်းမှုတွေလည်း ပါသေးတယ်'

'သူ့ရဲ့ ပါရမီတွေ၊ ဉာဏ်တွေကလည်း မရင့်ကျက်သေးဘူး။ တရားထူးတရားမြတ် ရနိုင်လောက်အောင် မရင့်ကျက်သေးဘူး။ ဒီတော့ လူ့စည်းစိမ်ချမ်းသာ ခံစားခွင့်ရအောင် ငါ ဖန်တီးပေးမှပဲ'

http://www.dhammadownload.com

ဆိုပြီးတော့ သူ့ရဲ့ဒကာတစ်ယောက်ရှိတဲ့ တက္ကသိုလ်ပြည်ကို ခေါ်သွားတယ်။ အဲဒီလိုနဲ့ တက္ကသိုလ်ပြည်က သူဌေးဒကာက ဒီက လေးလေးကို မွေးစားထားတာပေါ့။ တဖြည်းဖြည်းနဲ့ ကလေးလေးလည်း ဆယ့်ခြောက်နှစ်အရွယ် လူပျိုပေါက်လေး ဖြစ်လာတာပေါ့။

အဲဒီအချိန်မှာ သူ့ကိုမွေးစားထားတဲ့မွေးစားဖခင်ရဲ့ ဈေးဆိုင်မှာ ရောင်းကုန်ပစ္စည်းတွေက ဆယ့်နှစ်နှစ်လောက် ပုပ်ကုန်သဘော မျိုး ဖြစ်နေတယ်။ မရောင်းရတဲ့အတွက်ကြောင့် ဆယ့်နှစ်နှစ်လုံးလုံး ကုန်တွေက ဂိုဒေါင်ထဲမှာ ပြည့်သိပ်ပြီးတော့ အလဟဿဖြစ်နေတယ်။ ရောင်းမထွက်ဘဲ ဖြစ်နေတယ်။

■

http://www.dhammadownload.com

## ကုသိုလ်ကြီးရင် နတ်မတပေမယ့် နတ်မ, ပါတယ်

တစ်နေ့တော့ သူဌေးကြီးကလည်း ခရီးတစ်ခုထွက်စရာရှိတာနဲ့ ဒီသားလေးဇဋိလကို ဈေးဆိုင်မှာ ထားပစ်ခဲ့တယ်။

ဇဋိလဆိုတာ ရသေ့ကိုလည်း ခေါ်ကြတယ်နော်။ အဲဒီတော့ ဇဋိလဆိုတာ ဇဋာဆိုတာ ရှုပ်ထွေးနေတာ၊ ဆံကျစ်ပေါ့၊ ဣလ ဆိုတာ ရှိတာပါပဲ။ ရှုပ်ထွေးနေတဲ့ဆံပင်တွေရှိလို့ ဆံကျစ်ရှိလို့ ဇဋိလလို့ ခေါ်ပါတယ်။ ရသေ့ကို ဇဋိလလို့ခေါ်တာကလည်း ဆံပင်ရှုပ်ထွေးနေလို့ ဆံကျစ်ထားလို့ပါပဲ။

အမေဖြစ်တဲ့ ဗာရာဏသီပြည် သူဌေးသမီးက မွေးပြီးပြီးချင်း ကလေးလေးကို ရေလည်း ချိုးမပေးဘဲနဲ့ တစ်ခါတည်း အိုးထဲထည့်လိုက်တာဆိုတော့ ကိုယ်ဝန်အညစ်အကြေးတွေနဲ့ ရောနေတယ်။ အချင်းတောင်မှ မဖြတ်ရသေးဘူး။

http://www.dhammadownload.com

ကိုယ်ဝန်အညစ်အကြေးတွေ ရောနေတော့ ခေါင်းက ဆံပင်က တွန့်လိမ်ကောက်ကွေးပြီးတော့ ရှုပ်ထွေးနေပါတယ်။ ဒါကြောင့်မို့ သူ့ကို ဇဋိလလို့ နာမည်မှည့်ထားလိုက်တာ။

အဲဒီတော့ မွေးစားဖခင် သူဌေးကြီးက ခရီးထွက်ခါနီး ဇဋိလလေးကို မှာခဲ့တယ်။

'ကဲ . . . မင်း ဆိုင်မှာ ထိုင်ပြီးတော့ စောင့်နေတော့၊ ဒါပေမဲ့ ဝယ်သူ လာရင်တော့ ရောင်းလိုက်ပေါ့ကွာ၊ ဒီဥစ္စာက ဘယ်ဈေးရှိတယ်၊ ဟိုဥစ္စာက ဘယ်ဈေးရှိတယ်' နဲ့ ဈေးနှုန်းလေးတွေ ပြောထားခဲ့ပြီးတော့ ခရီးထွက်သွားတယ်။

ဈေးရောင်းရလိမ့်မယ်လို့တော့ သူဌေးကြီးက မမျှော်လင့်ပါဘူး၊ ဆိုင်စောင့်သဘောမျိုးလောက်ပဲ ထားခဲ့တာပါ။ ဒါပေမဲ့ ဇဋိလသတို့သားလေး ဆိုင်ထိုင်တဲ့နေ့မှာပဲ သူ့ရဲ့ဘုန်းကံကြောင့် မြို့မှာစောင့်နေတဲ့ မြို့စောင့်နတ်တွေက ဒီနေ့ဈေးလာဝယ်တဲ့သူတွေ အကုန်လုံးကို ဇဋိလ ထိုင်နေတဲ့ ဆိုင်ကိုပဲ သွားအောင် စိတ်ညှို့လိုက်ကြတယ်။

ဈေးဝယ်လာသူတွေရဲ့ စိတ်ကို ဒီဇဋိလထိုင်နေတဲ့ ဆိုင်ကိုပဲ သွားချင်တဲ့စိတ်ပေါက်အောင် မြို့စောင့်နတ်တွေက လုပ်လိုက်တယ်။ အဲဒီနေ့ ဈေးဝယ်ထွက်တဲ့သူတွေအကုန်လုံးလည်း ဟိုလူကလည်း ခြင်းတောင်းလေးနဲ့ ဇဋိလဈေးဆိုင် ရောက်လာပြန်၊ ဒီလူကလည်း ခြင်းတောင်းလေးနဲ့ ဇဋိလဈေးဆိုင် ရောက်လာပြန်။ ခါတိုင်းဝယ်နေကျမဟုတ်တဲ့သူတွေကလည်း ဇဋိလထိုင်နေတဲ့ဆိုင်ကိုချည်း ရောက်လာကြတယ်။

ငရုတ်သီး၊ ကြက်သွန်ကအစ ဒီဆိုင်မှာပဲ လာဝယ်ကြတယ်။

http://www.dhammadownload.com

အဲဒီတော့ ဆယ့်နှစ်နှစ်လုံးလုံး မရောင်းရတဲ့ ဂိုဒေါင်ပေါင်းများစွာက ပစ္စည်းတွေဟာ တစ်ရက်တည်းနဲ့ အကုန်လုံး ရောင်းကုန်သွားတယ်။ ကဲ . . . အဲဒီလိုမျိုး ဒကာမကြီးတွေ မလိုချင်ဘူးလား၊ လိုချင်တယ်။

အဲဒီတော့ နတ်က မ,တာလား၊ သူ့ရဲ့ကုသိုလ်က မ, တာလား၊ သူ့ကုသိုလ်က မ,တာနော်။ သူ့ရဲ့ကုသိုလ်ကံကြောင့် နတ်တွေက အငြိမ် မနေနိုင်တော့ဘဲ 'သူထိုင်တဲ့ဆိုင်ကိုတော့ ဖောက်သည်တွေ ပို့မှ ဖြစ် မှာပဲ၊ ဈေးဝယ်တဲ့သူတွေ ပို့မှဖြစ်မှာပဲ' ဆိုပြီးတော့ အဲဒါ ဈေးဝယ်တွေ သူ့ဆိုင်ဆီ ဝိုင်းပြီးတော့ ပို့လိုက်ကြတာပါ။

အပေါ်ယံသာမန်ကြည့်လိုက်မယ်ဆိုရင်တော့ နတ်မ,လို့ ငါဒီ နေ့အကုန်လုံး ရောင်းရတယ်လို့ ထင်စရာပဲ၊ တကယ်တော့ နတ်မ,တာ မဟုတ်ဘူး၊ သူ့ရဲ့ကုသိုလ်က မတာ။ သူ့ရဲ့ ကုသိုလ်က သူ့ကို မ,ဖို့အတွက် နတ်တွေက ကူညီပေးတာပါပဲ။

အဲဒီတော့ လူတစ်ယောက် အကျိုးပေးတယ်၊ အကျိုးပေး တယ်ဆိုတာ အဓိကကတော့ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ ကြောင့် ပေးတာပါပဲ။ ဒါပေမဲ့ အဲဒီကုသိုလ်တွေ အကျိုးပေးဖို့အတွက် လူအချင်းချင်းရဲ့ ကူညီစောင့်ရှောက်မှု၊ နတ်တွေရဲ့ ကူညီစောင့်ရှောက် မှုဆိုတာ လိုအပ်ပါတယ်။ ဒါကြောင့် ငါ့ ကံကြောင့် ငါဖြစ်တာဆိုပြီး တော့ မာနကြီးစရာ မလိုပါဘူး။

ကိုယ့်ရဲ့လုပ်ငန်း အောင်မြင်အောင် ကူညီနေကြတဲ့ မိတ်ဆွေ၊ လူတွေလည်း အများကြီးရှိတယ်။ သူတို့မပါဘဲနဲ့ ကိုယ့်လုပ်ငန်းက မအောင်မြင်နိုင်ဘူး။ ကိုယ်မမြင်ရတဲ့ နတ်တွေရဲ့ ကူညီစောင့်ရှောက်မှု ကလည်း ရှိပါတယ်။ ဒါကတော့ တန်ခိုးအဘိညာဉ်တွေရတဲ့ပုဂ္ဂိုလ်တွေ၊

http://www.dhammadownload.com

သူ့အကြောင်းနဲ့သူ အကြောင်းဆက်ရှိလို့ မြင်နိုင်စွမ်းတဲ့ပုဂ္ဂိုလ်တွေမှပဲ ကူညီတယ်ဆိုတာ သိနိုင်တာပေါ့။

ရိုးရိုးလူကတော့ မသိနိုင်ပါဘူး။ မသိနိုင်ပေမယ့် ....

'ဩော် ငါ့ရဲ့ လုပ်ငန်းတွေ အောင်မြင်အောင် လောကလုပ်ငန်းပဲဖြစ်ဖြစ်၊ သာသနာပြုလုပ်ငန်းတွေပဲဖြစ်ဖြစ်၊ အောင်မြင်အောင် ကူညီစောင့်ရှောက်နေတဲ့ နတ်တွေကတော့ ရှိမှာပဲ'

ဆိုပြီးတော့ နတ်တွေကိုလည်း အထူးမေတ္တာပို့ရမယ်။ ဘာကုသိုလ်ကောင်းမှုပဲ ပြုပြု၊ ကိုယ့်အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ နတ်တွေနဲ့တကွ စကြဝဠာ အနန္တမှာ ရှိတဲ့ နတ်တွေကို အမျှဝေပြီးတော့ မေတ္တာပို့ကြရမယ်။ အထူးသဖြင့်တော့ ကိုယ်နဲ့ နီးနီးနားနား အတူနေတဲ့ အိမ်စောင့်နတ်တွေ၊ ခြံစောင့်နတ်တွေ၊ ဝိုင်းစောင့်နတ်တွေ၊ လမ်းစောင့်နတ်တွေ၊ ရပ်ကွက်စောင့်နတ်တွေ၊ အဲဒါတွေကို မေတ္တာပို့ကြရမယ်နော်။

အဲဒီတော့ မြို့စောင့်နတ်တွေကိုရော နေ့စဉ် မေတ္တာပို့ဖြစ်ရဲ့လား၊ ဒကာမကြီး ဒေါ်ဖြူဖြူအေး။ ပို့ရမယ်နော်၊ ဒါမှ ဒကာမကြီးရဲ့ ကျောက်မျက်ရတနာတွေလာဝယ်အောင် သူတို့ မြို့စောင့်နတ်တွေက လူပို့ပေးကြလိမ့်မယ်၊ ဟုတ်လား။

ဒါလေးလည်း ဘဝတိုးတက်ကြောင်း၊ လုပ်ငန်းအောင်မြင်ကြောင်း နည်းဗျူဟာတစ်ခုပေါ့။ နတ်တွေကို အမျှပေးဝေခြင်း၊ နတ်တွေကို မေတ္တာပို့သခြင်းဟာ ဘဝတိုးတက်ရာ တိုးတက်ကြောင်း၊ လုပ်ငန်းအောင်မြင်ရာ အောင်မြင်ကြောင်း သူတော်ကောင်းကျင့်စဉ်တစ်ခုပါပဲ။

---

http://www.dhammadownload.com

## သူ့ဘဝကတော့ ရွှေပဲ

အဲဒါနဲ့ သူဌေးကြီးကလည်း ခရီးကလည်း ပြန်လာရော၊ ဆိုင်က ပစ္စည်းတွေ၊ ဂိုဒေါင်ထဲက ပစ္စည်းတွေက ဘာမှ မကျန်တော့ဘူး။ ဆူတော့တာပေါ့။

'ဟေ့ကောင်၊ မင်း ဒီပစ္စည်းတွေ ဘာလုပ်လိုက်တာလဲ၊ ဘယ်လို ဖျက်ဆီးပစ်လိုက်တာလဲ၊ တော်တော်ဆိုးတဲ့ကောင်ပဲ'

ဆိုပြီးတော့ အကြောင်းရင်းမသိဘဲနဲ့ ဆူတော့တာ။

လောကမှာ အကြောင်းမသိ အကျိုးမသိဘဲနဲ့ ဆူတဲ့လူကလည်း မရှိဘူးလား။ ရှိတယ်နော်။ ဖြစ်ရပ်တစ်ခုဖြစ်လာပြီဆိုရင် ဘာကြောင့် ဖြစ်တာလဲ၊ ဘာလဲ၊ ဘယ်လိုလဲ၊ ဒါကို သေချာမစဉ်းစားဘဲနဲ့ ဆူချင်တာက အရင်၊ အဲဒီလို မဖြစ်သင့်ဘူး။ အခြေအနေ၊ အဖြစ်အပျက်ကို သေသေချာချာ လေ့လာစုံစမ်းပြီးမှ ဆူသင့်ရင်ဆူ၊ မဆူသင့်

http://www.dhammadownload.com

ရင်လည်း မဆူနဲ့တော့ပေါ့။

သူဌေးကြီးက ဆူတော့ 'မဟုတ်ပါဘူး။ အဖေပဲ ရောင်းပေးပါ ဆိုပြီး၊ ဒီမှာ ဒါက ထန်းလျက်တွေ ရောင်းရတဲ့ပိုက်ဆံ၊ ဒါက ငရုတ်သီးတွေ ရောင်းရတဲ့ပိုက်ဆံ၊ ဒါက အထည်တွေရောင်းရတဲ့ပိုက်ဆံ' စသည်အားဖြင့် စာရင်းနဲ့တကွ အကုန်အပ်လိုက်တော့မှ သူဌေးကြီးမျက်လုံးပြူးသွားတယ်။

'ဩော် ဒီကလေးဟာဖြင့် အင်မတန်ဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်ပဲ၊ အင်မတန်အဖိုးထိုက်တန်တဲ့ပုဂ္ဂိုလ်ပဲ' ဆိုပြီးတော့ ဒီကလေးကလည်း ဆယ့်ခြောက်နှစ်အရွယ် ရောက်နေပြီဆိုတော့ သူ့မှာလည်း ဆယ့်ခြောက်နှစ်အရွယ် ရောက်နေတဲ့ သမီးက ရှိတော့ သူ့သမီးနဲ့ ထိမ်းမြားပေးလိုက်တယ်။

လက်ထပ်ပေးပြီးတော့ တစ်အိုးတစ်အိမ်တည်း အတူမနေပါဘူး၊ 'ဘုန်းကံပါရမီရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ တို့နဲ့ အတူနေလို့ မဖြစ်ဘူး။ သူ့အတွက်တော့ သီးခြား အိမ်ဆောက်ပေးမှ ဖြစ်မယ်' ဆိုပြီးတော့ သီးခြား အိမ်ဆောက်ပေးတယ်။

အိမ်တက်မင်္ဂလာလုပ်ဖို့အတွက် အဲဒီအိမ်ခြံဝင်းထဲကို ဇဋိလသတို့သားလေးလည်း ဝင်လိုက်ရော ခြံဝင်းထဲကို သူ့ခြေထောက်တစ်ဖက် ချလိုက်တယ်ဆိုရင်ပဲ အိမ်နောက်ကနေ ရွှေတောင်ကြီး ပေါက်သွားတယ်။ နဂိုအိမ်ဆောက်ထားတုန်းကတော့ မပေါက်သေးဘူးနော်။ ဒီခြံဝင်းကို နဂိုပိုင်တဲ့ပုဂ္ဂိုလ် လက်ထက်တုန်းကလည်း ဒီရွှေတောင်ကြီး မရှိပါဘူး။

ဇဋိလသတို့သား ဒီအိမ်ခြံမြေထဲကို ခြေတစ်လှမ်းချလိုက်တာ

http://www.dhammadownload.com

နဲ့ အိမ်နောက်မှာ ရွှေတောင်ကြီး ပေါက်သွားတယ်။ သူ့ရဲ့ အတိတ်က ' ရွှေလှူခဲ့တဲ့ ဘုန်းကံပါရမီကြောင့်ပါပဲ။ ရွှေကောင်းမှုကြောင့်ပေါ့။ အဲဒါနဲ့ သူ့တစ်သက်မှာ ဘာမှ စီးပွားရှာစရာမလိုဘူး။ နဖူးကချွေး ခြေမကျအောင် ပင်ပင်ပန်းပန်းနဲ့ ရှန်းကန်လှုပ်ရှားပြီးတော့ မရှာရတော့ဘူး။

ဘာလေးလိုတယ်ဆိုရင် အိမ်နောက်က ရွှေတောင်ကြီးကို ပေါက်တူးလေးနဲ့ ပေါက်လိုက်ရုံပဲ။ ဒကာမကြီးဒေါ်ဖြူဖြူအေး အားမကျဘူးလား။ အားကျတယ်နော်။ ကိုယ့်အိမ်မှာသာ ဒီလို ရွှေတောင်ကြီး ပေါက်နေရင် ဘာမှ လုပ်စရာကို မလိုတော့ဘူး။

ဒကာကြီး ဦးရှိန်ဝင်းရော အားမကျဘူးလား။ အားကျတာပေါ့။ ဒီလို ရွှေတောင်ကြီးသာ ပေါက်နေရင်တော့ ကန်ထရိုက်လည်း ဘာမှ လုပ်စရာမလိုတော့ဘူး။ လူတွေရဲ့ ပြဿနာပေါင်းစုံကိုလည်း ဖြေရှင်းပေးစရာမလိုတော့ဘူး။

ဘာစီးပွားရေးမှ မလုပ်ရဘဲနဲ့ အဆင်သင့်ထိုင်စားရတဲ့ ကံဆိုတာ အင်မတန်ကြီးမားတဲ့ ကံပါ။ အဲဒီလို ကံမျိုးရှိတဲ့ ဒကာဒကာမတွေ ဦးဇင်းတို့ တော်တော်များများ တွေ့ဖူးပါတယ်။ ခေါင်းထဲပေါ်လာလို့သာ လျှောက်ပြောနေရင် တရားက ဆုံးမှာ မဟုတ်တော့ဘူး။

အဲဒီလို ကိုယ့်ဝမ်းစာကိုယ် ရှာမစားရတဲ့ကံမျိုးကတော့ အင်မတန် ထူးပါတယ်။

'ရှာမစား' ဆိုလို့ တချို့ကလည်း အပျင်းထူပြီး ရှာမစားတာလည်း ရှိသေးတယ်။ ဒကာတစ်ယောက်ကို 'ဘာလုပ်တုံး' မေးတော့ 'ဘာမှမလုပ်ဘူး' တဲ့။ 'ဘဏ်တိုးနဲ့ပဲ ထိုင်စားနေတာ' တဲ့။

သူကသုံးနှစ်လောက်တော့ သဘောလိုက်လိုက်သေးတယ်တဲ့၊

http://www.dhammadownload.com

သဘော်လိုက်လို့ ရထားတဲ့ပိုက်ဆံတွေ ဘဏ်မှာအပ်ထားပြီးတော့ အဲဒီ ဘဏ်တိုးလေးနဲ့ပဲ ထိုင်စားနေတယ်တဲ့၊ ဘာမှမလုပ်ဘူးတဲ့။

ပျင်းတဲ့သဘောနဲ့ ထိုင်စားတာကတော့ မကောင်းဘူးနော်။ ကိုယ့်အတွက် စားဖို့ လုံလောက်ရုံနဲ့လည်း မပြီးသေးဘူး။ မိဘဆွေမျိုး ထောက်ပံ့ဖို့တို့၊ အများအတွက်၊ သာသနာအတွက် လှူဒါန်းဖို့တို့၊ ဒါနပါရမီ ဖြည့်ကျင့်ဖို့တို့၊ ဒါတွေကလည်း ရှိပါသေးတယ်။

အဲဒီတော့ ကိုယ့်တစ်ကိုယ်ရေ စားဖို့လောက်ရရုံနဲ့ တော်ပြီဆို ပြီးတော့ ထိုင်နေတာကလည်း တင်းတိမ်ရောင့်ရဲတယ်လို့ ပြောလို့မရ ဘူး။ အမှန်ကတော့ ပျင်းတဲ့သဘောပဲ။ လူ့တာဝန်၊ သာသနာ့တာဝန် တွေဆိုတာက အများကြီးရှိသေးတယ်။ ဒီတာဝန်တွေကို ထမ်းဆောင်ဖို့ အတွက် ကိုယ့်မှာ ကျန်းမာရေးကောင်းတယ်၊ လုပ်နိုင်တဲ့ အင်အား လည်း ရှိတယ်ဆိုရင်တော့ အလုပ်လုပ်ရဦးမှာပါ။

ဇဋိလသူဌေးတို့ကျတော့ ကိုယ်စားဖို့တွင် လုံလောက်တာ မဟုတ်ဘူး။ လှူစရာအတွက်လည်း ပြည့်စုံပြီးသား။ ဘုန်းကြီးတွေ ဆွမ်းကပ်မယ်ဆိုရင်လည်း နောက်ဖေးဆင်းသွားပြီးတော့ ပေါက်တူး တစ်လက်နဲ့ ရွှေတုံးလေးသွားဖွဲ့၊ အဲဒီရွှေလေးရောင်းပြီးတော့ ဘုန်းကြီး တွေ ဆွမ်းကပ်တာပဲ။ ကိုယ်သုံးဖို့လိုရင်လည်း ရွှေတောင်ကြီးသွားဖွဲ့၊ လှူဖို့တန်းဖို့လိုရင်လည်း ရွှေတောင်ကြီးသွားဖွဲ့ဆိုတော့ 'ပေး၍မကုန် လှူ၍မခန်း' ဆိုတာ ဇဋိလမှာအစစ်ပဲ။

ဇောတိကလည်း နည်းတူပါပဲလေ၊ သူလည်း လိုတိုင်းလိုတိုင်း ရွှေအိုးလေးလုံးထဲက ကြိုက်တဲ့ရွှေအိုး သွားနှိုက်ရုံပဲ။ အဲဒီလိုဖြစ်ချင်ရင် ဘာမှမခက်ဘူး၊ ရွှေတွေများများလှူရုံပဲ၊ ဒကာမကြီးရေ . . . . နော်။

http://www.dhammadownload.com

## မိဘပစ္စည်းသည် သားသမီးတိုင်း၏
## အမွေဆိုင်မဟုတ်

ရွှေအလှူနဲ့ ပတ်သက်ပြီး ဒကာမကြီး ဒေါ်ဖြူဖြူအေးတို့ကို အဓိက ဦးတည်ပြီး ဟောပေးနေပေမယ့် ဒကာကြီးဦးရှိန်ဝင်း၊ ဒကာမကြီး ဒေါ်ခင်ချိုဦး မိသားစုကလည်း ရွှေတိဂုံစေတီတော်မှာလည်း ရွှေသင်္ကန်းတွေ နှစ်စဉ်လှူတယ်၊ ကျားကူးကျောင်းရှေ့က ဘုရားမှာလည်း ရွှေသင်္ကန်းတွေ လှူထားပါတယ်။

တခြားတခြားလည်းပဲ ဗုဒ္ဓရုပ်ပွားတော်တွေ၊ စေတီတော်တွေမှာ ရွှေသင်္ကန်းတွေ လှူထားကြပါတယ်။

ရွှေကောင်းမှုတရား ဟောနေတဲ့ ဦးဇင်း ကိုယ်တိုင်လည်း နှစ်စဉ် နှစ်တိုင်း နှစ်ဆန်းတစ်ရက်နေ့၊ ကမ္ဘာသုံးနှစ်ဆန်းတစ်ရက်နေ့၊ အများသုံး နှစ်ဆန်းတစ်ရက်နေ့၊ နယူးရီးယားနေ့၊ ဇန်နဝါရီလ တစ်

http://www.dhammadownload.com

ရက်နေ့ ရောက်တိုင်းရောက်တိုင်း ရွှေတိဂုံစေတီတော်မှာ ရွှေပြား သက်န်း ကပ်လှူပါတယ်။

နှစ်တစ်နှစ်ရဲ့ ပထမဆုံးရက်၊ ဇန်နဝါရီတစ်ရက်ရောက်တိုင်း ဇန်နဝါရီ(၉)ရက်နေ့မှာ ကျရောက်မယ့် မွေးနေ့ကို ရည်စူးပြီးတော့ 'မွေးနေ့ကောင်းမှု' အဖြစ် ဦးဇင်းနဲ့ ဒကာကြီး ဦးရှိန်ဝင်းနဲ့ ရွှေတိဂုံဘုရားပေါ် အတူတူ တက်ပြီးတော့ ဒကာကြီး ဦးရှိန်ဝင်းရော ဦးဇင်းရော ရွှေသက်န်း လှူဖြစ်ပါတယ်။

မွေးနေ့မှာကျတော့ တခြားအလှူတွေကလည်း အများကြီး ရှိနေလို့ ဘုရားပေါ်တက်ဖို့ ဘယ်လိုမှ အချိန်မရပါဘူး။ သာသနာရေး အလှူတွေ၊ ပညာရေး၊ ကျန်းမာရေး . . . စတဲ့ ပရဟိတအလှူတွေ သူ့အချိန်နဲ့သူ ခွဲလှူနေရတာဆိုတော့ ဘုရားပေါ် အေးအေးဆေးဆေး တက်ဖို့ မဖြစ်နိုင်တဲ့အတွက် ဇန်နဝါရီ (၁)ရက်နေ့မှာပဲ ရွှေကို ကြို လှူဖြစ်ပါတယ်။

နှစ်တစ်နှစ်ရဲ့ ပထမဆုံးရက်မှာ မြတ်စွာဘုရားကို ရွှေ သက်န်းလှူတဲ့ အလှူနဲ့ ကုသိုလ်နိဒါန်း စဖွင့်လိုက်တော့ တစ်နှစ်လုံး အတွက်လည်း ကျက်သရေမင်္ဂလာရှိသွားတာပေါ့။

ရွှေတောင်ပေါက်ချင်လို့ လှူတာတော့မဟုတ်ပါဘူးနော်။ ရွှေ အဆင်းလိုဝါဝင်းပြီး ရွှေလို တန်ဖိုးရှိတဲ့၊ ပညာရှိသူတော်ကောင်းတွေ အတွက် ရွှေလိုအသုံးဝင်တဲ့ မြတ်စွာဘုရားရှင်ကို လူသားတွေ အထွတ် အမြတ်ထားတဲ့ ရွှေနဲ့ ပူဇော်ချင်လို့ပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တကို သတ္တဝါအနန္တ နှစ်သက်မြတ်နိုးတဲ့ ရွှေနဲ့ ပူဇော်တာပါပဲ။ ရတနာထိုက်

http://www.dhammadownload.com

တဲ့ မြတ်စွာဘုရားရှင်ကို ရတနာထိုက်တဲ့ ရွှေနဲ့ တလေးတစား ပူဇော်တာပါပဲ။ အမြတ်ဆုံး ပုဂ္ဂိုလ်ကို အမြတ်ဆုံး ရတနာနဲ့ တမြတ်တနိုး ပူဇော်တာပါပဲ။

အတွင်းက ငုပ်ကွယ်နေတဲ့ အနုသယစာတ်ထဲမှာတော့ ရွှေ အဆင်းလို ဝါဝင်းချင်ကာတွေ၊ ရွှေတောင်ပေါက်ချင်, ရွှေပေါ်ချင်တာတွေ ရှိချင်ရှိမှာပေါ့ . . . နော်။ အနုသယကိလေသာဆိုတာ ရဟန္တာဖြစ်မှ အမြစ်ပြတ်တာကိုး။ အတွင်းမှာ အနုသယအနေနဲ့ မထင်မရှား ရှိတာ ရှိပါစေ . . .၊ အပြင်မှာ အသိဉာဏ်အနေနဲ့ကတော့ ထင်ထင် ရှားရှား လုံးဝ မရှိပါစေနဲ့။

အဲဒီတော့ ဒီနေ့ ဟောတဲ့ 'ရွှေကောင်းမှုနဲ့ ရွှေတောင်းဆု' တရားက ရွှေလှူကြတဲ့ ကုသိုလ်ရှင်တွေ အကုန်လုံးနဲ့ သက်ဆိုင်ပါတယ်။ တချို့လည်း ဆရာတော်သံဃာတော်များ သာသနာပြုလုပ်ငန်းတွေ လုပ်ဖို့အတွက် ကပ္ပိယထံမှာအပ်နှံပြီးတော့ အပ်စပ်စွာ ရွှေလှူကြတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတာပါပဲ။

အဲဒီတော့ ဒီတရားကို အခုကိုယ်တိုင်နာနေကြတဲ့ တရားနာပရိသတ်ပဲဖြစ်ဖြစ်၊ တိပ်ခွေကနေတစ်ဆင့် နာနေကြတဲ့ပုဂ္ဂိုလ်တွေပဲဖြစ်ဖြစ်၊ သာသနာအတွက် ဘုရားရုပ်ပွားတော်၊ စေတီတော်တွေမှာ၊ ဆရာတော်သံဃာတော်တွေဆီမှာ၊ ရွှေလှူခဲ့တဲ့ ကုသိုလ်ကောင်းမှုရှိတယ်ဆိုရင် ဒီတရားဟာ ငါ့ကို ဟောတဲ့ အနုမောဒနာတရားပဲလို့ နှလုံးသွင်းပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်ကြပါ။

အဲဒီတော့ ဒီရွှေတောင်ကြီးပေါက်တာနဲ့ ပတ်သက်လို့ နည်းနည်းလေးဆက်ပြောချင်တာက ကုသိုလ်ကောင်းမှု ပြုစဉ်ကတည်းကို

http://www.dhammadownload.com

က ခုနပြောတဲ့အတိုင်း ရွှေတောင်းဆုကိုပဲ ပြုခဲ့တဲ့ပုဂ္ဂိုလ်ဆိုတော့ ဒီရွှေတောင်ကြီးအပေါ်မှာ သာယာတပ်မက်ပြီးတော့ မနေပါဘူး။

'ငါ့သားသုံးယောက် အရွယ်ရောက်တာနဲ့ တစ်ပြိုင်နက်တည်း ငါ သာသနာ့ဘောင်ဝင်တော့မယ်။ ရဟန်းပြုပြီးတော့ ရဟန်းတရားပွားများအားထုတ်တော့မယ်'

အဲဒီလို စိတ်ကူးဆုံးဖြတ်ချက်ချပါတယ်။

အဲဒီတော့ ဒီ ရွှေတောင်ကြီးကို အမွေပေးဖို့ကလည်း ရှိသေးတယ်၊ သားကလည်း သုံးယောက်ဆိုတော့ 'ဘယ်သူ့ကို အမွေပေးရပါ့မလဲ'၊ အမွေဆိုတာကလည်း ပေးချင်တိုင်း ပေးလို့မရဘူး။ ထိုက်တန်တဲ့လူကိုမှ ပေးလို့ရတယ်။

အဲဒီတော့ ဒီရွှေတောင်ကြီး ဒီသားသုံးယောက်ထဲက ဘယ်သူနဲ့များ ထိုက်တန်ပါ့မလဲလို့ စုံစမ်းတဲ့အနေနဲ့ ပထမသားကြီးကို ဝရဇိန်အသွားတပ်ထားတဲ့ ရွှေပေါက်တူးကြီးကို ပေးလိုက်တယ်။ အသွားက ဝရဇိန်၊ လက်ကိုင်အရိုးက ရွှေပေါ့လေ။

'ကဲ . . . . သား . . . .၊ ဒီ ဝရဇိန်ပေါက်တူးကြီးနဲ့ ရွှေတောင်ကြီးကို ပေါက်စမ်းကွာ'

သားကြီးကလည်း ဝရဇိန်ပေါက်တူးကြီးနဲ့ ရွှေတောင်ကြီးကို ပေါက်တယ်။ ပေါက်တော့ အင်မတန်မာကြောတဲ့ ကျောက်တောင်ကြီးကို ပေါက်လိုက်ရသလိုပဲ၊ 'ချွင်' ခနဲ မြည်ပြီးတော့ ရွှေက တစ်မှုန့်မှ မထွက်လာဘူး။ နှမ်းတစ်စေ့လောက်တောင် မထွက်လာဘူး။

ဒါနဲ့ ပေါက်တူးကို သားလတ်ကို ပေးလိုက်တယ်၊ 'ကဲ သားလတ် ပေါက်စမ်းကွာ'၊ အဲဒါနဲ့ သားလတ်ကလည်း ရွှေတောင်ကြီးကို

http://www.dhammadownload.com

ပေါက်လိုက်ရော၊ 'ဒေါင်' ခနဲ မြည်ပြီးတော့ ကန်ထွက်လာတယ်၊ ရွှေက တစ်မှုန့်မှ မကျလာဘူး။

အဲဒါနဲ့ သားငယ်ကို ပေါက်တူးပေးပြီး ပေါက်ခိုင်းလိုက်တဲ့ အခါကျတော့ တစ်ခါတည်း မြေမှုန်မှုန်လေးတွေ , မြေမွမွလေးတွေနဲ့ ပုံထားတဲ့ မြေကြီးပုံလေးကို ပေါက်တူးလေးနဲ့ ပေါက်လိုက်သလိုပဲ၊ ရွှေမှုန့်တွေ တစ်စစီ လွင့်စဉ်သွားပါတယ်၊ အဲဒီကျတော့မှ ဇဋိလ သူဌေးကြီးက ....

'ဩော် .... ဒီရွှေတောင်ကြီးက ငါနဲ့ ငါ့သားထွေးအတွက် သာ ဖြစ်လာတာပါလား'

'ကဲ .... သားကြီးနဲ့ သားလတ်၊ မြင်တယ်မဟုတ်လား။ ဒီရွှေတောင်ကြီးဟာ သားတို့နဲ့ မထိုက်တန်လို့ ပေါက်တူးနဲ့ ပေါက်လို့ မရဘူးနော်။ အငယ်ဆုံးညီငယ်လေးနဲ့သာ ထိုက်တန်လို့ ညီငယ်လေး ပေါက်တဲ့အခါမှာတော့ ရွှေတွေ ထွက်လာတယ်။ ဒါကြောင့် အဖေ ဘုန်းကြီးဝတ်သွားလို့ရှိရင်တော့ ဒီရွှေတောင်ကြီးကို သားအငယ်ဆုံး ကိုပဲ အမွေပေးခဲ့ပါတယ်'

သားကြီးနဲ့ သားလတ်ကလည်း ညီလေးကို အမှီပြုပြီး နေမယ် ဆိုရင်တော့ နေလို့ရပါတယ်။ ဒီအိမ်မှာ သားငယ် မရှိဘူးဆိုရင်တော့ ဒီရွှေတောင်ကြီးကလည်း ပျောက်သွားမှာနော်။ အဲဒီတော့ ဒီရွှေ တောင်ကြီးဟာ ဇဋိလသူဌေးနဲ့ သားအငယ်အတွက်ပဲ ဖြစ်လာခဲ့ ပါတယ်။

ဒီအဖြစ်အပျက်ကို ကြည့်ပြီးတော့ ကောက်ချက်ကလေးတွေ ချမယ်ဆိုရင် အများကြီးပါပဲ။

http://www.dhammadownload.com

## ကုသိုလ်အတူပြုမှ ချမ်းသာအတူခံစားရမယ်

အဲဒီတော့ ဒီရွှေတောင်ကြီးဟာ ဇဋိလနဲ့ သူ့သားအငယ်ဆုံး အတွက်ပဲ ဘာကြောင့် ဖြစ်လာခဲ့ရသလဲ၊ သူတို့နှစ်ယောက်နဲ့ပဲ ဘာကြောင့် ထိုက်တန်ရသလဲ၊ အကြောင်းရှိပါတယ်။

ရွှေတောင်ပေါက်တယ်ဆိုတာကတော့ ရွှေကောင်းမှုကြောင့်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။ သူတို့လည်း ဇောတိကလိုပါပဲ၊ ကဿပမြတ်စွာဘုရားရဲ့ ဓာတ်တော်ဌာပနာထားတဲ့ စေတီတော်မှာ ရွှေလှူခဲ့ဖူးတာပါပဲ။

အဲဒီတော့ ကဿပမြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်ဌာပနာထားတဲ့စေတီတော်ကြီးမှာ ရွှေပန်းထိမ်သည်တစ်ယောက်က ရွှေတွေ နဂိုကတည်းက လှူပြီးသားပါပဲ။ ဒါပေမဲ့ ဘုရားမှာက ရွှေမလောက်ဘဲ ဖြစ်နေတယ်။ ဘုရားရဲ့ မြောက်ဘက်မျက်နှာစာမှာ ရွှေမပါဘဲနဲ့ နည်းနည်းလေး ဟာနေတာပေါ့။

— — — —

http://www.dhammadownload.com

အဲဒါကို ရဟန်းတော်တစ်ပါးက မြင်တော့ ဘုရားမှာ ရွှေလို တယ်ဆိုတာသိပြီးတော့ ဒကာဒကာမတွေကို ရွှေလှူကြဖို့ တိုက်တွန်း တယ်။ နောက်တော့ ရွှေပန်းထိမ်သည်ရဲ့အိမ်ကို ရောက်လာတယ်။

'ဒကာကြီး . . . .၊ ဒကာကြီး ရွှေလှူတော့ လှူထားပြီးသား ပါပဲ၊ ဒါပေမဲ့ ဘုရားမှာ မြောက်ဘက်မျက်နှာစာမှာ ရွှေလိုနေသေး တယ်၊ ဒကာကြီး ဆန္ဒလည်း ရှိတယ်၊ စွမ်းလည်း စွမ်းနိုင်တယ်ဆိုရင် ရွှေလှူပါဦး'

အဲဒီလို ပြောတော့ အဲဒီအချိန်မှာ အဲဒီ ရွှေပန်းထိမ်သည်က လည်း သူ့အမျိုးသမီးနဲ့ ရန်ဖြစ်ထားပြီးခါစ ဖြစ်နေတယ်၊ သူ့ဇနီးနဲ့ ရန်ဖြစ်ပြီးခါစဆိုတော့ ဒေါသဖြစ်နေတဲ့ အချိန်၊ စိတ်တိုနေတဲ့ အချိန် ပေါ့။ အဲဒီတော့ ရွှေလှူပါဦးလည်းပြောရော ဘာပြန်ပြောလိုက်သလဲ ဆိုတော့ . . .

'ဒီလောက်တောင် ရွှေမလောက်တဲ့ဘုရား၊ ရေထဲသာ မျှော ပစ်လိုက်တော့' . . . တဲ့။

ဘုရားကို တိုက်ရိုက်သွားပြီး ပြောတာတော့ မဟုတ်ဘူးနော်၊ ရွှေတစ်ဆင့် လာအလှူခံတဲ့ ရဟန်းကို ကြားထဲကနေ ပြောလိုက်တာ။ 'ဒီလောက်တောင်မှ ရွှေမလောက်တဲ့ဘုရား ရေထဲသာ မျှောလိုက် တော့' လို့ပြောလိုက်တယ်။ အဲဒီမှာတွင် ဇနီးကလည်း . . . .

'ဟာ - မောင်ရယ် . . . . မိုက်လိုက်တာ၊ ကျွန်မကို စိတ်ဆိုး ရင် ကျွန်မကိုပဲ ပါးရိုက်ချင်ရိုက်၊ ဆံပင်ဆွဲချင်ဆွဲ၊ သတ်ချင်သတ်ပေါ့၊ အခုတော့ ဘုရားကို ဘာဖြစ်လို့ ပြစ်မှားလိုက်တာလဲ'

'ဒီ ဘုရားတစ်ဆူတည်းကိုသာ ပြစ်မှားရာရောက်တာမဟုတ်

http://www.dhammadownload.com

ဘူး၊ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့၊ အတိတ်ပစ္စုပ္ပန်အနာဂတ် ကာလသုံးပါး မှာရှိတဲ့ ဘုရားအနန္တကို မောင် ပြစ်မှားလိုက်တာပဲ'

အဲဒီလို ပြောလိုက်တော့မှ ရွှေပန်းထိမ်သည်လည်း 'ဩော် ငါ မှားသွားပြီ' ဆိုပြီးတော့ ချက်ချင်း သံဝေဂတွေရသွားတယ်။

'အရှင်ဘုရား ....၊ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ ဘုရား'

'ဟဲ့ ဒကာကြီး၊ သင့်က ငါ့ကို ပြစ်မှားတာမှ မဟုတ်တာ၊ ဘုရားကို ပြစ်မှားတာ၊ ဘုရား သွားတောင်းပန်မှ ရမှာပေါ့။ ငါ့ လာ တောင်းပန်လို့ ဘာထူးမှာလဲ'

'ဒါဆို တပည့်တော် ဘယ်လို တောင်းပန်ရမလဲဘုရား'

'ရွှေပန်းပွင့်တွေ အပြည့်စိုက်ထားတဲ့ ရွှေပန်းအိုးသုံးအိုး ပြု လုပ်ပြီးတော့ မြတ်စွာဘုရားရဲ့ ဌာပနာတိုက်ထဲမှာ လှူဒါန်းလိုက်ပါ။ လှူဒါန်းပြီးရင် ဆံပင်ကိုလည်း ရေဆွတ်၊ အဝတ်တွေကိုလည်း ရေ ဆွတ်ပြီးတော့ ရေစိုနေတဲ့အဝတ် ဝတ်ပြီး ရေစိုနေတဲ့ဆံပင်နဲ့ 'မြတ်စွာ ဘုရားကို ဝစီကံနဲ့ ပြစ်မှားခဲ့မိတာ ခွင့်လွှတ်ဖို့' တောင်းပန်လိုက်ပါ'

အဲဒီလို တောင်းပန်ခိုင်းတော့ သူကလည်း ရက်က သိပ်မရှိ တော့ ရွှေပန်းပွင့်တွေထည့်ထားတဲ့ ရွှေပန်းအိုး သုံးအိုး လုပ်ဖို့ အချိန်က သိပ်မလောက်ဘူး။ သူတစ်ယောက်တည်းလုပ်ဖို့ အချိန်က မလောက် ဘူး။

ဒါနဲ့ပဲ သူ့မှာက သားသုံးယောက်ရှိတာဆိုတော့ 'သားကြီးရေ အဖေ့ကုသိုလ်ထဲဝင်ပါပါဦး'၊ 'သားလတ်ရေ ဝင်ပါပါဦး'၊ 'သားငယ်ရေ ဝင်ပါပါဦး'၊ သားသုံးယောက်ကို ဒီရွှေပန်းပွင့် ရွှေပန်းအိုးလုပ်တဲ့ကိစ္စ

http://www.dhammadownload.com

မှာ ကူညီခိုင်းတယ်၊ 'အဖေတော့ ဘုရားကို ပြစ်မှားမိပြီ၊ ဒီအပြစ်တွေ တောင်းပန်ဖို့အတွက် ဒီလို ဒီလို လုပ်ရမယ်၊ ကူညီကြပါဦး' ဆိုတော့ သားကြီးနဲ့ သားလတ်က ဘာပြောသလဲဆိုတော့ . . . .

'အဖေ့ဘာသာ အဖေ ဘုရားပြစ်မှားတာ သားတို့နဲ့ ဘာမှ မဆိုင်ဘူး၊ ကိုယ်ပြစ်မှားတဲ့ကိစ္စ ကိုယ့်ဟာကိုယ်လုပ်၊ ကိုယ်တာဝန်ကိုယ်ရှင်း' ဆိုပြီးတော့ သူတို့က အဖေရဲ့ ကုသိုလ်ကိစ္စထဲ ဝင်မပါဘူးနော်။

သားငယ်လေးကတော့ 'ဩော် အဖေ့အလုပ်က သားအလုပ်ပဲပေါ့၊ အဖေ့ကိစ္စ သားကိစ္စပဲ၊ အဖေ့တာဝန် သားတာဝန်ပဲ' ဆိုပြီးတော့ ရွှေပန်းပွင့်တွေနဲ့ ရွှေပန်းအိုးလုပ်တဲ့ကိစ္စမှာ ဝေယျာဝစ္စလုပ်ပြီးတော့ ဝင်ကူညီပါတယ်။

ဒါလောက်ဆိုရင်တော့ သဘောပေါက်လောက်ပြီ၊ ရွှေပန်းပွင့်တွေ အပြည့်ထည့်ထားတဲ့ ရွှေပန်းအိုးသုံးအိုးနဲ့ မြတ်စွာဘုရားကို ပူဇော်ခဲ့တဲ့ကောင်းမှုကြောင့် ဖြစ်လေရာဘဝမှာလည်း ရွှေတွေပေါခဲ့ပါတယ်။ နောက်ဆုံးဘဝမှာလည်း အိမ်နောက်မှာ ရွှေတောင်ကြီး ပေါက်ပြီးတော့ ပေး၍မကုန် လှူ၍မခန်း ဖြစ်ခဲ့ပါတယ်။

သားအကြီးနှစ်ယောက်က အဖေ ကုသိုလ်ကောင်းမှုပြုစဉ်မှာ ဝေယျာဝစ္စကုသိုလ်မယူခဲ့တဲ့အတွက်ကြောင့် ဒီရွှေတောင်ကြီးဟာ သူတို့နဲ့မထိုက်တန်ခဲ့ဘူး။ သားအငယ်လေးကတော့ ဝေယျာဝစ္စ ဝင်ကူညီခဲ့တဲ့အတွက်ကြောင့် ရွှေတောင်ကြီးနဲ့ ထိုက်တန်ခဲ့ပါတယ်။

ဒီနေရာမှာ ကောက်ချက်ချလိုက်ပေါ့။ 'ဝေယျာဝစ္စကုသိုလ်ကလည်း အလကားမဟုတ်ဘူး' လို့နော်၊ ဝေယျာဝစ္စကုသိုလ်ဆိုပေမယ့် လုပ်အားကုသိုလ်လေးတွင်ရတာမဟုတ်ဘူး၊ အလှူရှင်ရတဲ့ကုသိုလ်မျိုး

http://www.dhammadownload.com

လည်း တစ်ပါတည်း ရတယ်။

သူ့အဖေက ရွှေကို အကုန်အကျခံပြီးတော့ လှူတယ်၊ လှူတာကတော့ သူ့အဖေက လှူတာနော်။ သူ့ပိုက်ဆံတစ်ပြားမှမပါဘူး။ ဒါပေမဲ့ ဒီရွှေပန်းပွင့်တွေ၊ ရွှေအိုးတွေ လုပ်တဲ့နေရာမှာ ဝေယျာဝစ္စကုသိုလ်အနေနဲ့ ပါဝင်ကူညီခဲ့တဲ့အတွက် ရွှေတောင်ကြီးကလည်း သူနဲ့ ထိုက်တန်ခဲ့ရပါတယ်။ တစ်နည်းပြောရင်တော့ ဒီရွှေတောင်ကြီးလည်း သူရခဲ့တယ်ပေါ့။

ဒါကြောင့် ဝေယျာဝစ္စလုပ်တယ်ဆိုတာ စိတ်ထားတတ်မယ်ဆိုရင် အလှူရှင်နဲ့ ထပ်တူထပ်မျှ၊ သို့မဟုတ် အလှူရှင်ထက်မက ပိုပြီးတော့ ကုသိုလ်ရရှိပါတယ်။ ပါယာသိမင်းကြီးတို့၊ ဥတ္တရလုလင်တို့ဆိုရင် ဒီအတိုင်းပဲပေါ့။

ပါယာသိမင်းကြီးက နေ့စဉ် နန်းတော်မှာ သိန်းနဲ့ချီ အကုန်အကျခံပြီး ဆွမ်းကျွေးတယ်။ ဒါပေမဲ့ သူကိုယ်တိုင် တစ်ခါမှ ဆွမ်းမကပ်ဘူး။ သူများကိုပဲ အကပ်ခိုင်းတယ်။ သူ့အလှူနဲ့ပတ်သက်ပြီး ဝေယျာဝစ္စလုပ်တဲ့ ဥတ္တရဆိုတဲ့ ဒကာလေးနဲ့ပဲ လွှဲထားတယ်။

အဲဒီလိုနဲ့ သေသွားတော့ ပါယာသိမင်းကြီးက စတုမဟာရာဇ်နတ်ပြည်မှာဖြစ်တယ်။ ဥတ္တရလုလင်ကတော့ တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ်။

ဝေယျာဝစ္စသမားက ပိုက်ဆံတစ်ပြားမှ မကုန်ဘဲနဲ့ တစ်နေ့တစ်နေ့သိန်းချီပြီးကုန်တဲ့ လူထက်တောင် အဆင့်မြင့်တဲ့ နတ်ပြည်မှာ သွားဖြစ်တယ်။ ဒါကြောင့် ဝေယျာဝစ္စကုသိုလ်ကို ပေါ့ပေါ့လေး မတွက်နဲ့နော်။ အင်မတန် အကျိုးကြီးပါတယ်။

http://www.dhammadownload.com

## ထိုက်ထိုက်တန်တန် တောင်းပန်ပါ

အဲဒီတော့ မွေးမွေးချင်း ရေထဲအမျှောခံရတာကတော့ ‘ရွှေမလောက်တဲ့ဘုရား ရေထဲသာ မျှောပစ်လိုက်’ လို့ ပြောလိုက်တဲ့ ဝစီကံကြောင့်ပါပဲ။ ခုနစ်ဘဝတိုင်တိုင် မွေးမွေးပြီးချင်း ရေမျှောခံရတယ်တဲ့။ တခြားဘဝတွေမှာလည်း ရေနဲ့ပတ်သက်လို့ ဘေးတွေ့ရတာပေါ့။

ဒီမှာလည်း ကောက်ချက်ချကြည့်ဦးနော်။ ကိုယ်လုပ်ချင်ရာ လုပ်ပြီးတော့ တောင်းပန်လိုက်၊ တောင်းပန်တိုင်း ကျေလား၊ မကျေဘူးနော်။ အခု ဇဋိလသူဌေးလောင်းကတော့ ကြီးကြီးကျယ်ကျယ် ထွတ်ထွတ်မြတ်မြတ် ပူဇော်ပြီးတော့မှ တောင်းပန်တဲ့အတွက်ကြောင့် အပြစ်က သက်တော့ သက်သာသွားတယ်၊ လုံးဝတော့ မပျောက်ဘူးနော်။

ခုနစ်ဘဝတိုင်တိုင် မွေးပြီးပြီးချင်း ရေမျှောခံရတာတို့၊ ရေနဲ့ ပတ်သက်လို့ ဘေးတွေ ကြုံတွေ့ရတာတို့ သံသရာမှာ ကြုံရပါတယ်။

http://www.dhammadownload.com

ဒါပေမဲ့ သိပ်ပြီးတော့ ဘဝကြာကြာ မဖြစ်ခဲ့ဘူး။

တကယ်လို့သာ ရွှေပန်းအိုး သုံးအိုး လှူဒါန်းပြီးတော့ ပူဇော်တာမျိုး မလုပ်ခဲ့ဘူးဆိုရင်တော့ ဘဝပေါင်း ရာဂဏာန်း၊ ထောင်ဂဏာန်း၊ သောင်းဂဏာန်း၊ သိန်းဂဏာန်း ချီပြီးတော့ကို ရေဘေးဒုက္ခတွေ ကြုံတွေ့ရမှာ။

ဒါကြောင့် ဘုရား၊ တရား၊ သံဃာနဲ့ ပတ်သက်ပြီး တောင်းပန်တယ်ဆိုတဲ့နေရာမှာ၊ ဥပမာ - ဘုန်းကြီးတစ်ပါးပဲ ထားပါတော့၊ ဘုန်းကြီးတစ်ပါးအပေါ်မှာ ကိုယ်က ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံတစ်ပါးပါးနဲ့ ပြစ်မှားမိတယ်။

'အရှင်ဘုရားအပေါ် တပည့်တော် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါး တစ်ပါးပါးနဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ' ဆိုပြီး လက်အုပ်လေး ချီပြီး တောင်းပန်ရုံနဲ့ ရရဲ့လား။ မရပါဘူး။ ဇွဲလရဲ့ အဖြစ်အပျက်ကနေ ဒါလေးလည်း ကောက်ချက်ချခဲ့ဦးနော်။

ဘုန်းကြီးမှ မဟုတ်ဘူးပေါ့၊ မိဘတို့ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးစတဲ့ လေးစားသင့်လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ကာယကံ ဝစီကံနဲ့ ပြစ်မှားပြီးပြီဆိုရင် ....

'အဖေတို့ အမေတို့၊ ကျွန်တော် ပြောမှား ဆိုမှားမိတာတွေ၊ ကာယကံနဲ့ပြစ်မှားမိတာတွေရှိရင် ခွင့်လွှတ်ပါ' လို့ လက်အုပ်လေးချီပြီးတော့ ဦးသုံးကြိမ်ချ တောင်းပန်ရုံနဲ့ မကျေဘူးဆိုတာ ကောက်ချက်ချရမယ်။

ထိုက်ထိုက်တန်တန် လှူဒါန်းပြီးတော့ တောင်းပန်မှသာ အပြစ်ကျေတယ်၊ ကျေတယ်ဆိုတောင် လုံးဝကြီး ပျောက်သွားတာတော့

http://www.dhammadownload.com

မဟုတ်ဘူး။ ဒါတောင် ဇင်္ဃိလသူဌေးလောင်းဟာ ကုသိုလ်ကောင်းမှုပြု ပုံပြုနည်း တောင်းပန်ပုံ တောင်းပန်နည်းကို စနစ်တကျညွှန်ကြားပြသ နိုင်တဲ့ ဆရာကောင်းသမားကောင်း ရဟန်းတော်နဲ့ တွေ့သွားလို့သာ အပြစ်တွေ အများကြီး သက်သာသွားတာပါ။

ဒါကြောင့် တောင်းပန်ပုံ တောင်းပန်နည်းလေး ဒီနေရာမှာ မှတ်သားခဲ့ရမယ်။ ကဲ-ဒီလောက်ဆိုရင် ရွှေကောင်းမှုနဲ့ ရွှေတောင်းဆု တရား ပြည့်စုံပြီပေါ့။

ဒါကြောင့် ရွှေကောင်းမှုပြုကြတဲ့ ဒကာဒကာမများက ရွှေ တောင်းဆုပဲ တောင်းကြပါ။ ရွှေတောင်းဆုဆိုတာ ရွှေနိဗ္ဗာန်ကို ပြော တာပါ။ နိဗ္ဗာန်ကတော့ သူ့ထက်ထူးမြတ်တာ မရှိတော့ဘူး။ ဒါကြောင့် မို့လို့ ဤကဲ့သို့ ရွှေသင်္ကန်းကပ်လှူရတဲ့ ကောင်းမှုတွေ၊ ရွှေတိဂုံစေတီ တော်တို့ ဘာတို့မှာလည်း ရွှေပြားသင်္ကန်းတို့ ရွှေဆိုင်းတို့ လှူဖူးကြပါမှာ ပဲ။

'ဒီနေ့ဒီအချိန်ထိ လှူခဲ့ဖူးသမျှ ရွှေကောင်းမှုအားလုံးဟာ ရွှေ နိဗ္ဗာန်ကို ရဖို့ပဲ ဖြစ်ပါစေ'

လို့ တောင်းဆုပြုလိုက်ကြမယ်ဆိုရင် အဲဒီ တောင်းဆုဟာ ရွှေတောင်းဆုဖြစ်သွားတာပါပဲ။ အလှူရှင်တွေကလည်း ရွှေအလှူရှင် တွေ ဖြစ်သွားတာပေါ့။

■

http://www.dhammadownload.com

## ရွှေအဆင်းတွေတိုင်း ဘုရားကို သတိရပါ

ပြောရင်းနဲ့ သတိရလို့ ပြောလိုက်ရရင်တော့ ရွှေလှူမှသာ ရွှေအကျိုးရတာ မဟုတ်ပါဘူး။

ဦးဇင်းတို့ မြတ်စွာဘုရားလက်ထက်က 'မဋ္ဌကုဏ္ဍလီ' ဆိုတဲ့ သတို့သားလေးတစ်ယောက်ရှိတယ်။ သူ့အဖေက နှမြောလွန်းလို့ မွေးကတည်းက တစ်ပြားတစ်ချပ်မှ မလှူဖူးဘူး။ အဲဒါ အဖေနှမြောလွန်းလို့လည်း သူသေရတာပါနော်။

သူရောဂါတစ်ခုဖြစ်တော့ အဖေက ဆေးကုလို့ရှိရင် ဆေးဖိုးဝါးခကုန်ကျမှာစိုးလို့ဆိုပြီးတော့ ကိုယ့်သားကိုယ် မကုဘူး၊ ဘယ်လောက် နှမြောတုံးဆိုတာ။ အဲဒါ နှမြောလွန်းလို့ ဘယ်သူ့ကိုမှ ဘာမှ မလှူဘူး။ အဲဒါ သားလေးက ရောဂါဖြစ်တော့ အိမ်ပေါ်တောင်မထားဘူး၊ အိမ်ပေါ်ထားလို့ ဧည့်သည်တွေလာရင် အိမ်ထဲကပစ္စည်းတွေ

http://www.dhammadownload.com

ယူသွားမှာစိုးလို့တဲ့။

အဲဒါ ကလေးက သေတောင် မသေသေးဘူး၊ အိမ်ရှေ့ကပြင်ပေါ် ထုတ်ထားဘာယ်။ မသေခင်က အလောင်းဖြစ်နေတာပေါ့၊ ဒါပေမဲ့ အဖေ နှမြောတာ သားအတွက်တော့ ကံကောင်းသွားတယ်။ ဘယ်လို ကံကောင်းသွားသလဲဆိုတော့ . . .

အိမ်ထဲမှာ မထားဘဲနဲ့ အိမ်အပြင် ထုတ်ထားတော့ မြတ်စွာဘုရားရှင်ကလည်း ဒီသတို့သားကိုတော့ ငါ ကုသိုလ်ကောင်းမှုဖြစ်အောင် ပြုလုပ်ပေးမှပဲ ဆိုပြီးတော့ အိမ်ရှေ့မှာ လာရပ်၊ ရပ်ပြီးတော့ ရောင်ခြည်တော်တွေ လွှတ်လိုက်တော့ ပက်လက်လှန်ပြီး အိပ်နေတဲ့ မဋ္ဌကုဏ္ဍလီကလေးလေးက အိမ်ခြံဝင်းဝဘက်ကို ခေါင်းလေးစောင်းပြီးတော့ ကြည့်လိုက်တယ်။

ကြည့်လိုက်တော့ မြတ်စွာဘုရားရှင်ရဲ့ ရွှေအဆင်းလိုဝါဝင်းနေတဲ့ ကျက်သရေတော်ကိုလည်း ဖူးရရော ကြည်ညိုတဲ့စိတ်ကလေးတွေ ဖြစ်သွားတယ်။ ဘာမှတောင် မလှူလိုက်ရဘူးနော်။ ဘုရားရဲ့ ဂုဏ်တော်လည်း ဘာမှ ထွေထွေထူးထူး မသိပါဘူး။ ဒါပေမဲ့ မြတ်စွာဘုရားရဲ့ ရွှေအဆင်းလို ဝါဝင်းတဲ့ ကျက်သရေတော်သည်ပင်လျှင် ဂုဏ်ပါပဲ။

ဂုဏ်တော်ကိုးပါးထဲက 'ဘဂဝါ' ဂုဏ်တော်မှာ ဘုန်းတော်ခြောက်ပါးဆိုတာ ပါတယ်။ အဲဒီထဲက 'သိရီဘုန်းတော်' ဆိုတာ ရွှေအဆင်းလို ဝါဝင်းတာတို့၊ အသားတော်ပြည့်ပြည့်ဖြိုးဖြိုးနဲ့ ကျက်သရေရှိတာတို့၊ တင့်တယ်တာတို့၊ အဲဒါတွေကို ပြောတာပါပဲ။ ဒါကြောင့် ရုပ်အဆင်းကို အာရုံပြုတာ၊ ပုံတော်ကို အာရုံပြုတာလည်း ဂုဏ်တော်

http://www.dhammadownload.com

တစ်မျိုးပါပဲ။

ဒါကြောင့် ရန်ကုန်က ဒကာဒကာမတွေ ဆိုလို့ရှိရင်လည်း ရွှေတိဂုံစေတီတော်ကြီးကို ဟိုဘက်ကသွားသွား၊ ဒီဘက်ကသွားသွား မကြာမကြာ တွေ့တွေ့နေရတာပါပဲ။ ကားပေါ်ကနေ တွေ့လို့ရှိရင် လက်အုပ်လေး ချီပြီးတော့ တခြားဂုဏ်တော်တွေ နက်နက်နဲနဲ ဘာမှ မပွားတောင် 'ရွှေအဆင်းကဲ့သို့ ဝါဝင်းတော်မူသော မြတ်စွာဘုရား' လို့ ဒီလောက်လေး ပွားလိုက်ရင်တောင် ကုသိုလ်က မကြီးဘူးလား။ ကြီးတယ်နော်။

ရွှေအဆင်းကို အာရုံပြု၊ စေတီတော်အချွန်အတက်ကို အာရုံ မပြုနဲ့။ မြတ်စွာဘုရားရဲ့ ရွှေအဆင်းလို ဝါဝင်းတဲ့ ကျက်သရေတော်ကို အာရုံပြုပြီးတော့ 'ရွှေအဆင်းကဲ့သို့ ဝါဝင်းတော်မူသောမြတ်စွာဘုရား' လို့ ဒီလို အာရုံပြုပြီး တစ်ချက်ကလေး ဂုဏ်တော်ပွားလိုက်မယ်ဆိုရင် ဒီကုသိုလ်လေးက အင်မတန် အကျိုးပေးကြီးကျယ်ပါတယ်။

မဋ္ဌကုဏ္ဍလီလေးက သေခါနီးလေးမှာ မြတ်စွာဘုရားရှင်ရဲ့ ရွှေအဆင်းလို ဝါဝင်းတဲ့ ကျက်သရေတော်ကို အာရုံပြုပြီး ကြည်လင် ဝမ်းမြောက်တဲ့စိတ်နဲ့ သေသွားတဲ့အတွက် တာဝတိံသာနတ်ပြည်မှာ ရွှေဗိမာန်ကြီးနဲ့ နတ်သား သွားဖြစ်တယ်။ ရွှေမလျှူဘူးနော်။ ဒါပေမဲ့ ဘာကိုတော့ အာရုံပြုလိုက်လဲ၊ ရွှေအဆင်းကိုတော့ အာရုံပြုလိုက်တယ်။ ဒါကြောင့် ဒီနေ့တော့ ရွှေတွေချည်းပဲနော်။

■

http://www.dhammadownload.com

## ရိုးရိုးအားထုတ်မှာလား၊ ရှယ်အားထုတ်မှာလား

အရပ်ထဲမှာလည်း ပြောကြတယ်မဟုတ်လား၊ 'ရှယ်ပဲ' 'ရှယ်ပဲ' ဆိုပြီးတော့။ ကိုယ်စားချင်တဲ့ အစားကောင်းလေးတစ်ခု သူများကလာ ကျွေးတယ်ဆိုရင် 'ဟာ ရှယ်ပဲ' ဆိုပြီးတော့ လက်မလေးထောင်လိုက် တယ်။ အဲဒီလိုပဲ ရွှေနိဗ္ဗာန်လိုချင်တယ်ဆိုရင်တော့ ဒကာဒကာမတွေ လည်း 'ရှယ်ပဲ' ဖြစ်အောင် ကြိုးစားရမှာပေါ့။

'ရွှေနိဗ္ဗာန်ကို လိုချင်ပါတယ်' လို့ဆုတောင်းနေရုံနဲ့ ရွှေနိဗ္ဗာန် က မရသေးဘူး။ ဝိပဿနာအားထုတ်မှ ရနိုင်တယ်နော်။ ရွှေနိဗ္ဗာန် ကိုရဖို့ တောင်းဆု ပြုထားတာက အထောက်အပံ့အဖြစ်နဲ့တော့ ကျေး ဇူးပြုပါတယ်။ တကယ် ရွှေနိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အတွက်ကတော့ ရွှေသတိပဋ္ဌာန်ကို ပွားများမှဖြစ်မယ်။

ရွှေသတိပဋ္ဌာန်ကိုလည်း ရိုးရိုးမပွားဘဲနဲ့ ရွှေအဆင့် ရောက်

http://www.dhammadownload.com

အောင် ပွားများရမယ်။ ဒီနေ့ကတော့ ရွှေတရား ဟောရတာမို့ ရွှေစကားလုံးချင်း ထပ်အောင် ဟောရတာပေါ့။ လောကီနယ်မှာ လူတွေပြောနေကြတဲ့စကားနဲ့ ပြောရမယ်ဆိုရင်တော့ ဝိပဿနာအလုပ်၊ သတိပဋ္ဌာန်အလုပ်ကို ရိုးရိုးအားမထုတ်ဘဲနဲ့ ရှယ်အားထုတ်မှဖြစ်မယ်။

အခု ဒကာဒကာမတွေထဲမှာ လက်ဖက်ရည်ဆိုင်ထိုင်တဲ့သူလည်းရှိမယ်၊ မထိုင်တဲ့သူလည်းရှိမယ်။ ထိုင်တယ်လို့ပဲ သဘောထားလိုက်။ လက်ဖက်ရည်ဆိုင်ရောက်လို့ လက်ဖက်ရည်မှာလို့ရှိရင် ရိုးရိုးမှာမလား၊ ရှယ်မှာမလား။ ကိုယ်ကလည်း တတ်နိုင်တယ်ဆိုရင်တော့ ရှယ်ပဲမှာမှာပေါ့၊ ဘာဖြစ်လို့ ရိုးရိုးမှာမှာလဲ။ ရိုးရိုးနဲ့ ရှယ်နဲ့ ကွာတယ်မဟုတ်လား။ ဖွန်းပါတာနဲ့ မပါတာပဲ ကွာတာလား။ နို့ဆီလေးတော့နည်းနည်း ပိုမယ် ထင်တယ်နော်။

အဲဒီတော့ လက်ဖက်ရည်ရိုးရိုးသောက်ရတာနဲ့ ရှယ်သောက်ရတာနဲ့ ရှယ်သောက်ရတာကတော့ ပိုကောင်းတာပေါ့။ သတိပဋ္ဌာန်ကိုလည်း တစ်နေ့ နာရီဝက် တစ်နာရီ အချိန်လေးသတ်မှတ်ပြီးတော့ ရိုးရိုးလေးထိုင်မယ်၊ အားထုတ်မယ်ဆိုရင် အဲဒါ ရိုးရိုးအားထုတ်တယ်လို့ ခေါ်တယ်။

အဲဒီလိုမဟုတ်ဘဲနဲ့ သီးသန့်အချိန်ပေးနိုင်လို့ နာရီဝက်၊ တစ်နာရီထိုင်တဲ့အခါလည်းထိုင်မယ်၊ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း၊ နေရင်း၊ ထိုင်ရင်း၊ ပြောရင်း၊ ဆိုရင်း၊ နောက်ဆုံး တီဗွီကြည့်ရင်း သီချင်းနားထောင်ရင်းကအစ ကြိုးကြား ကြိုးကြားလေး အမှတ်သတိပါအောင် အားထုတ်သွားမယ်ဆိုရင်တော့ အဲဒါ ရှယ်အားထုတ်တယ်လို့ခေါ်ပါတယ်။

http://www.dhammadownload.com

အဲဒီတော့ ရှယ်အားထုတ်မယ်ဆိုရင် သီးသန့်အချိန်ပေးပြီး အားထုတ်ရုံနဲ့မပြီးဘူး။ သီးသန့်ချိန်မှာ အချိန်ပြည့် အားထုတ်တဲ့အပြင် လူမှုကိစ္စ၊ အိမ်မှုကိစ္စစတဲ့ တခြားကိစ္စတွေ ဆောင်ရွက်နေရင်းနဲ့လည်း အတတ်နိုင်ဆုံး သတိဉာဏ်ဆက်စပ်အောင် အားထုတ်မှဖြစ်မယ်။

တရားအားထုတ်တာက 'နေ့စဉ်' အားထုတ်တာရယ်၊ 'နေစဉ်' အားထုတ်တာရယ်လို့ နှစ်မျိုးရှိပါတယ်။

'နေ့စဉ် အားထုတ်တယ်' ဆိုတာက နေ့စဉ် နေ့စဉ် နာရီဝက် တစ်နာရီ စသည် ကိုယ့်စွမ်းနိုင်သလောက် အချိန်နာရီ သတ်မှတ်ပြီး တော့ အားထုတ်တာပါ။ သတ်မှတ်ထားတဲ့အချိန်မှာပဲ အားထုတ်တယ်၊ ကျန်တဲ့အချိန်ကျတော့ အားမထုတ်ဘူး။ အဲဒါကို နေ့စဉ်အားထုတ် တယ်လို့ ခေါ်ပါတယ်။

နေ့မှာ အောက်ကမြစ်လေး မပါဘဲ 'နေစဉ် အားထုတ်တယ်' ဆိုတာက သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ လျှောင်းနေစဉ်၊ စားနေ စဉ်၊ သောက်နေစဉ်၊ ငိုနေစဉ်၊ ယိုနေစဉ်၊ အကုန်လုံးပေါ့၊ ဟုတ်လား။ အဲဒီ နေစဉ်တိုင်း နေစဉ်တိုင်းမှာ သတိလေးကပ်ပြီးတော့ အားထုတ် တာကိုကျတော့ နေစဉ်အားထုတ်တယ်လို့ ခေါ်ပါတယ်။

နေ့စဉ်အလုပ်နဲ့ နေစဉ်အလုပ် ဆိုပြီးတော့ အလုပ်နှစ်မျိုး ရှိတာပေါ့။ နေ့စဉ်အလုပ်ကလည်း အမှန်ကတော့ နေစဉ်အလုပ်တွေ လုပ်ရတာပါပဲ။ နာရီဝက်ထိုင်တဲ့အချိန် 'ဝင်လေထွက်လေ' မှတ်တယ် ဆိုရင်ပဲ ဝင်နေစဉ်၊ ထွက်နေစဉ်၊ ထိုင်တဲ့အမူအရာ မှတ်တယ်ဆိုရင် လည်း ထိုင်နေစဉ်၊ တွေးတာမှတ်တယ်ဆိုရင်လည်း တွေးနေစဉ်၊ နေ စဉ်တော့ နေစဉ်တွေချည်းပါပဲနော်။

http://www.dhammadownload.com

ဒါပေမဲ့ သီးသန့်သတ်မှတ်ထားတဲ့အချိန်မှာပဲ အားထုတ်ပြီး တော့ ကျန်တဲ့အချိန်တွေမှာ အားမထုတ်ဘူးဆိုရင် နေ့စဉ်အားထုတ် တယ်လို့ခေါ်တယ်။ ဒါ ရိုးရိုးအားထုတ်တာပဲ။ ရှယ်အားထုတ်တာ မ ဟုတ်ဘူး။

နေစဉ်အားထုတ်မှ ရှယ်အားထုတ်တာပါ။ ဘာပဲဖြစ်ဖြစ်ပေါ့၊ စိတ်ညစ်နေစဉ်မှာလည်း စိတ်ညစ်လို့ ဆိုပြီး အားမထုတ်လို့ မရဘူး။ စိတ်ညစ်တဲ့ သဘောလေး အာရုံစူးစိုက်ပြီးတော့ 'စိတ်ညစ်တယ်၊ စိတ်ညစ်တယ်' ရှုမှတ်၊ စိတ်တိုတော့လည်း 'စိတ်တိုတယ်၊ စိတ်တိုတယ်' စသည်အားဖြင့် ရှုမှတ်၊ အဲဒီလို နေစဉ်တိုင်း နေစဉ်တိုင်းမှာ ရှုမှတ်ရ မယ်နော်။

ကိုယ်အမူအရာ ဘာပဲ ပြုပြု၊ 'ပြုနေစဉ်'၊ စိတ်အမူအရာ ဘာပဲ ဖြစ်ဖြစ်၊ 'ဖြစ်နေစဉ်'၊ နေစဉ်တိုင်း နေစဉ်တိုင်းမှာ သတိဉာဏ် ကပ်ပြီးတော့ ရှုပွားအားထုတ်တာကို ရှယ်အားထုတ်တယ်လို့ ခေါ်ပါ တယ်။ နေစဉ်အလုပ် နေ့စဉ်လုပ်ကြရမှာပါပဲ။

အဲဒီတော့ . . . ထမင်းစားရင်းနဲ့ တရားအားထုတ်တဲ့အခါ ထမင်းလုတ်တိုင်း ထမင်းလုတ်တိုင်းမှာ ထမင်းလုတ် ယူတာတွေ၊ မျို တာတွေ မမှတ်တောင်မှ ဝါးတာလေးတော့ မှတ်သင့်တာပေါ့။ မှတ် လိုက်လို့ အရသာတွေ ပျောက်သွားမှာလည်း သိပ်မပူပါနဲ့၊ အရသာ လေးကို သိချင်ရင် ပထမ နှစ်လုတ်သုံးလုတ်တော့ မမှတ်ချင် မမှတ်နဲ့ ပေါ့။ နောက် သုံးလေးငါးလုတ်က စမှတ်ပေါ့။

မှတ်တဲ့အခါမှာလည်း ဆက်တိုက်ကြီး မမှတ်ချင်တောင် ကြိုး ကြားကြိုးကြားလေး မှတ်ပေါ့။ ထမင်းကလည်း ကိုယ်နေ့တိုင်းစားနေ

http://www.dhammadownload.com

တာပဲ၊ အလေးအနက် အရသာခံနေရလောက်အောင်ကြီး၊ လွမ်းလောက်စရာကြီး သိပ်မရှိတော့ပါဘူး။

အဲဒီတော့ ထမင်းစားရင်း အမှတ်သတိလေးနဲ့ စားသွားမယ်ဆိုရင် ကိုယ်စားနေတဲ့ ထမင်းပန်းကန်ကလည်း ရွှေပန်းကန်ဖြစ်သွားတာပေါ့။ ဒီနေ့ ရွှေတရားဆိုတော့ ရွှေတွေ မွန်နေအောင် ပြောရမှာပေါ့။

■

http://www.dhammadownload.com

## ရွှေလူသားများ ဖြစ်စေသတည်း

ထမင်းပန်းကန်လေးနဲ့ ထမင်းစားရင်း အမှတ်သတိလေးနဲ့ စားတယ်ဆိုရင် ရွှေပန်းကန်နဲ့ ရွှေထမင်းတွေ စားနေတာပေါ့။ ဇွန်းနဲ့ ဟင်းရည်လေး သောက်လိုက်တဲ့အခါကျတော့လည်း အမှတ်သတိလေးနဲ့ သောက်မယ်ဆိုရင် ရွှေဟင်းချိုလေးသောက်နေတာ၊ ဇွန်းလေးကလည်း ရွှေဇွန်းလေး ဖြစ်သွားတယ်။

ဘာကြောင့်လဲဆိုတော့ ရွှေနိဗ္ဗာန်ကို ရစေနိုင်တဲ့အတွက်၊ ရွှေဝိပဿနာဉာဏ်တွေကို ဖြစ်စေနိုင်တဲ့အတွက်ကြောင့် ရွှေနိဗ္ဗာန်၊ ရွှေဉာဏ်တွေနဲ့ ဆက်စပ်နေတဲ့ အရာမှန်သမျှလည်း ရွှေထိုက်သွားတာပေါ့၊ ဟုတ်တယ်မဟုတ်လား။

အဲဒီတော့ နေ့စဉ် စားတော့လည်းမှတ်၊ စွန့်တော့လည်း မှတ်ပေါ့။ ရေအိမ်ခန်းထဲမှာ ထိုင်ပြီးတော့၊ ကြွေခုံလေးပေါ်မှာ ဆောင့်

http://www.dhammadownload.com

ကြောင့်ထိုင်ပြီးတော့ စွန့်တယ်ဆိုလို့ရှိရင်၊ အမှတ်သတိလေးနဲ့ စွန့်နေတယ်ဆိုရင် အဲဒီကြွေခဲ့လေးက ဘာခဲ့လေး ဖြစ်သွားတုံး၊ 'ရွှေကြွေခဲ့' လေး ဖြစ်သွားတယ်နော်။ ကမုတ်လေးနဲ့ ထိုင်စွန့်တဲ့ အခါကျတော့လည်း အဲဒီ ကမုတ်လေးက ဘာဖြစ်သွားပြန်တုံး၊ 'ရွှေကမုတ်' လေးဖြစ်သွားတာပေါ့။

ဒါကြောင့် 'လက်နဲ့ထိသမျှ ရွှေဖြစ်စေ' ဆိုတဲ့အတိုင်း မိမိရဲ့ စိတ်နဲ့၊ မိမိသတိနဲ့ ထိတွေ့တဲ့အရာမှန်သမျှ ရွှေဖြစ်အောင်ကြိုးစားကြရမယ်။ နေ့စဉ် သီးသန့်အချိန်ပေး အားထုတ်တာမျိုးတွင်မကဘဲ သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ စားရင်း၊ စွန့်ရင်းနဲ့လည်း အားထုတ်ကြမယ်ဆိုရင် ကိုယ်စားသမျှ ပန်းကန်တွေ ရွှေပန်းကန်တွေဖြစ်၊ ကိုယ်စွန့်သမျှ မစင်တွေ ရွှေမစင်တွေ ဖြစ်သွားတာပေါ့နော်။

ရွှေမစင်ဆိုလို့ ကောက်ကိုင်ပြီး သိမ်းထားဖို့ ပြောတာမဟုတ်ပါဘူး။ ဒီမစင် စွန့်ရင်းနဲ့ အမှတ်သတိလေး၊ ဝိပဿနာဉာဏ်လေး ထည့်ပြီး စွန့်လိုက်တဲ့အတွက်ကြောင့် ရွှေသတိ၊ ရွှေဉာဏ်ဖြစ်လို့ စွန့်နေရင်းနဲ့လည်း ရွှေနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လို့ ဒီမစင်လေးကိုလည်း ရွှေမစင်လို့ ခေါ်နိုင်တာပါပဲ။

အဝတ်လျှော်နေရင်း လှုပ်ရှားမှုသဘော၊ ထိတွေ့မှုသဘောလေးတွေကို ဖြစ်ပျက်မြင်အောင် သတိဉာဏ်လေးနဲ့ ရှုမှတ်တော့ လျှော်သမျှ အဝတ်တွေ အားလုံး ရွှေအဝတ်တွေ ဖြစ်သွားတာပေါ့။ လျှော်သမျှ အင်္ကျီ ရွှေအင်္ကျီ၊ လျှော်သမျှ လုံချည် ရွှေလုံချည်၊ တိုက်သမျှ ဆပ်ပြာ ရွှေဆပ်ပြာ၊ သုံးသမျှ ရေ ရွှေရေ၊ အို . . . ထွက်လာသမျှ ကြေး (ဂျီး) ရွှေကြေး (ရွှေဂျီး)၊ ဘယ်လောက်များ ဟန်ကျလိုက်သလဲ။

http://www.dhammadownload.com

ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ မှန်သမျှကို သတိပဋ္ဌာန်ဝိပဿနာလေးနဲ့ လုပ်သွားမယ်ဆိုရင် ကိုယ့်ရဲ့ ကိုယ်က ရွှေကိုယ်၊ ကိုယ့်ရဲ့ နှုတ်က ရွှေနှုတ်၊ ကိုယ့်ရဲ့ စိတ်က ရွှေစိတ် ဖြစ်သွားတော့တာပါပဲ။

ရွှေကိုယ်၊ ရွှေနှုတ်၊ ရွှေစိတ်ပိုင်ရှင် လူသားဟာ ရွှေလူသားပဲပေါ့။ အမျိုးသား၊ ယောက်ျားဆိုရင် ရွှေအမျိုးသား၊ ရွှေယောက်ျား၊ အမျိုးသမီး၊ မိန်းမဆိုရင် ရွှေအမျိုးသမီး၊ ရွှေမိန်းမ၊ ကိုရင်ဆိုရင် ရွှေကိုရင်၊ ရဟန်းဆိုရင် ရွှေရဟန်း၊ ရွှေလူသားတွေ နေတဲ့ နိုင်ငံက ရွှေနိုင်ငံ၊ ကမ္ဘာကြီးက ရွှေကမ္ဘာ၊ အို . . . ဘယ်လောက်များ အေးချမ်းလိုက်မလဲ . . .၊ ဘယ်လောက်များ ကျက်သရေရှိလိုက်မလဲ . . .။

အဲဒီတော့ ရွှေကောင်းမှုအတွက် ရွှေတောင်းဆုပြုကြပါ။ ရွှေတောင်းဆုပြုပြီးရုံနဲ့လည်း ကျေနပ်မနေကြဘဲ ရွှေသတိပဋ္ဌာန်ကိုလည်း အားထုတ်ကြပါ။ ဒါမှ ရွှေဝိပဿနာဉာဏ်တွေရပြီးတော့ ရွှေမဂ်တွေ၊ ရွှေဖိုလ်တွေ မြန်မြန် ဆိုက်ရောက်ပြီးတော့ ရွှေနိဗ္ဗာန်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်ကြပါလိမ့်မယ်။

■

http://www.dhammadownload.com

## အပ္ပမာဒေန သမ္ပာဒေထ

ဒါကြောင့် ရွှေကောင်းမှုကို ရွှေတောင်းဆုနဲ့ ပြုကြတဲ့ ဒီကနေ့ ရွှေအလှူရှင်များအားလုံး ရွှေသတိပဋ္ဌာန်တရားကို အချိန်တိုင်း အချိန်တိုင်း ပွားများအားထုတ်ကြတဲ့အတွက်ကြောင့် ရွှေဝိပဿနာဉာဏ်တွေ မြန်မြန်ကြီး တိုးတက်ပြီးတော့ ရွှေမဂ်တွေ၊ ရွှေဖိုလ်တွေ ဆိုက်ရောက်လို့ ရွှေနိဗ္ဗာန်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်ကြပါစေလို့ ရွှေဆုတောင်းလေး တောင်းပေးရင်းနဲ့ပဲ ရွှေတရားကို ရွှေနိဂုံးချုပ်လိုက်ပါတယ်။

ရွှေအလှူရှင်များအားလုံး ရွှေလက်အုပ်လေးတွေ ချီထားကြပါ။ အရေးအကြီးဆုံး ရွှေစကားတစ်ခွန်းနဲ့ ရွှေတရားကို ရွှေနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန်

http://www.dhammadownload.com

မှန်ကန်သော သတိတရားဖြင့်၊ သမ္မာဒေဋ္ဌ - သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း . . .။ ။

သာဓု . . . သာဓု . . . သာဓု ပါဘုရား။



၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ(၇)ရက်၊
သထုံမြို့ နေမိန္ဒရတောင်ခြေ မြစိမ်းကျောင်းတိုက်အတွင်း
ဦးစိန်ဝင်း၊ ဒေါ်ဖြူဖြူအေး၊ သား မောင်ကုဋေအောင်၊
ကုဋေအောင် ကျောက်မျက်ရတနာမိသားစုတို့၏
ရွှေသင်္ကန်းကပ်လှူပွဲ၌
ဟောကြားအပ်သော တရားတော်ကို
ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။



•••••••••••••••• အိုဘယ့်အလှူရှင်

http://www.dhammadownload.com

# ရွှေပါရမီဓမ္မဒေသနာ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဟောကြားအပ်သော တရားတော်(တိပ်ခွေ)များကို နာကြားလိုပါက ရွှေပါရမီဓမ္မဒေသနာ ပြန့်ပွားရေးအဖွဲ့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေပါရမီဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉ အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၂၄၉၅၇၃၊ ၂၈၁၆၆၃၊ (၀၉)၂၁၁၉၈။

အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၂၂၆၅၀၀၊ ၂၁၀၄၆၂။

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၏
# ထွက်ရှိပြီးစာအုပ်များ

၁။ တစ်ယောက်တည်းနေ တစ်စိတ်တည်းထား
၂။ ကိုယ့်စိတ်ကိုယ်စစ်
၃။ မသေခင်ဘာလုပ်ကြမလဲ
၄။ ရဲရင့်သူတို့၏နေရာ
၅။ ငြိမ်းအေးသောဘဝပိုင်ရှင်
၆။ လောက၌အကောင်းဆုံးသောအရာ
၇။ ဘယ်အိမ်မှာနေကြမလဲ
၈။ အိုဘယ့်အလှူရှင်
၉။ အနှိုင်းမဲ့ချမ်းသာ
၁၀။ ရဟန်းဘာကြောင့်ပြုရတယ်
၁၁။ ဆေးပေါင်းခတဲ့မျက်ရည်
၁၂။ မြင့်မြတ်သူတို့၏စံအိမ်
၁၃။ လမ်းခွဲတာဝမ်းနည်းစရာလား
၁၄။ အလင်းစေတမန်
၁၅။ အချစ်ကံခေပေမယ့်အနှစ်ကျန်စေရမယ်
၁၆။ ငါ့ကိုမချစ်ပါနဲ့

http://www.dhammadownload.com

၁၇။ ကြာလိုလူ

၁၈။ လိုတရနှလုံးသား

၁၉။ စိတ်အားဖြည့်ဓမ္မသံစဉ်

၂၀။ နို့နှစ်လုံးဖိုးလုံးကျေပါတယ်

၂၁။ ဝေးလေကောင်းလေ

၂၂။ စိတ်အားဖြည့်ဓမ္မပဒ

၂၃။ မချစ်တတ်မမုန်းတတ်တဲ့သူ

၂၄။ အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ

၂၅။ အနှိုင်းမဲ့ရန့်



http://www.dhammadownload.com

ကြီးကျယ်မြင့်မြတ်သူတိုင်း

ဘာပဲလုပ်လုပ်. . .

တစ်ဖက်သားချမ်းသာစေချင်တဲ့

မေတ္တာစိတ်သန့်သန့်နဲ့ပဲ

လုပ်ပါတယ်. . .။

ဘာအလုပ်ပဲလုပ်လုပ်

အများကောင်းကျိုးကို

ရှေးရှုပြီးလုပ်တာဟာ

သူတော်ကောင်းတွေရဲ့

မြတ်နိုးဖွယ်စံပြစိတ်ထားပါ။



GRAPHIC
NAY WINN AUNG
099061597